

# အောင်ခြင်းရှစ်ပါး

ပုံပြစာပန်းချီ

နတ်မောက်

အရှင်သုစိတ္တသာရ

ဘာသာရေးစာပေ ကြိုတင်ခွင့်ပြုချက်အမှတ် (၈၃၉)၊
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၂၂၈)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

အရှင်သုစိတ္တသာရ
(စာရေးသူ၏မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၈)

၁၇၁၁၃

နတ်မောက်
အရှင်သုစိတ္တသာရ

# အောင်ခြင်းရှစ်ပါး ပုံပြစာပန်းချီ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

၁၄

ပထမအကြိမ်၊ ၁၉၈၄-ခုနှစ်၊ မေလ၊ အုပ်ရေ (၂၀၀၀)

---

**မျက်နှာဖုံးပန်းချီ**

ပန်းချီဦးအေးမြင့်

---

**အတွင်းသရုပ်ဖော်ပန်းချီ**

တင်ထွန်းထွန်း

---

**အော့ဖ်ဆက်ဖလင်**

ဇမ္ဗူအေး

---

**စာအုပ်ချုပ်**

အောင်ချမ်းသာစာအုပ်ချုပ်

---

**ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)**

ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း
ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**

ဦးသုဝဏ္ဏသာရ (ကင်းလွတ်ခွင့်အမှတ်-၁၀၁)
အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊
ရန်ကုန်မြို့။

ဘုရား၊ တရား၊ သံဃာ၊ အမိအဖ၊ ဆရာသမား

**အနန္တငါးပါး**

ဦးထိပ်ထားလျက်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ | စာဖတ်ကြလေ့ | ၁ |
| ၂။ | အမှာစာ | ၂ |
| ၃။ | စာရေးသူ၏ အောင်မြင်ခြင်းအမှာ | ၅ |
| ၄။ | အောင်နိုင်သူ | ၇ |
| ၅။ | မာရ်နတ်သားကို အောင်မြင်ခြင်း | ၁၁ |
| ၆။ | အာဠဝကဘီလူးကို အောင်မြင်ခြင်း | ၂၉ |
| ၇။ | နာဠာဂီရိဆင်ကို အောင်မြင်ခြင်း | ၅၁ |
| ၈။ | မကျေနပ်ချက်များ ပေါက်ကွဲခြင်း | ၅၆ |
| ၉။ | အဖေ့အတွက် သားတွေစောင့်ရှောက် | ၆၁ |
| ၁၀။ | နာဠာဂီရိဆင်ကိုလွှတ်လိုက်ပြီ | ၆၁ |
| ၁၁။ | မေတ္တာရေချမ်းဓမ္မဂီတိ | ၆၅ |
| ၁၂။ | စေတီလေးပါး | ၆၆ |
| ၁၃။ | မိဘနဲ့ဘုရား တဂိုဏ်းတည်းထား | ၆၇ |
| ၁၄။ | အင်္ဂုလိမာလကို အောင်မြင်ခြင်း | ၇၅ |
| ၁၅။ | အရောင်တောက်နေသော လက်နက်များ | ၇၅ |
| ၁၆။ | ကြားဖြတ်နိတိ | ၈၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဆိတ်သည်ခွေးမဟုတ် | ၈၆ |
| ၁၈။ | နိဂုံးကဗျာ | ၉၇ |
| ၁၉။ | စိဉ္စမာနမိန်းမယုတ်ကိုအောင်မြင်ခြင်း | ၁၀၇ |
| ၂၀။ | အလောင်းတော်၏ ကိုယ်တွေ့ဇာတ်လမ်း | ၁၁၃ |
| ၂၁။ | သစ္စကပရိဗိုဇ်ကို အောင်မြင်ခြင်း | ၁၁၅ |
| ၂၂။ | သံဝေဂဖြင့် လျှောက်ထားခြင်း | ၁၃၇ |
| ၂၃။ | ဆွမ်းစားပင့်ခြင်း | ၁၃၈ |
| ၂၄။ | အနီးကပ်ပင့်လျှောက်ခြင်း | ၁၃၉ |
| ၂၅။ | ပွဲကြည့်ယင်း တရားရှာသူများ | ၁၄၂ |
| ၂၆။ | ဝေဠုဝန်သမိုင်းအစ | ၁၄၇ |
| ၂၇။ | ဘုရားကိုလည်း ကဲ့ရဲ့တယ် | ၁၅၂ |
| ၂၈။ | နန္ဒော ပနန္ဒ နဂါးမင်းအား အောင်မြင်ခြင်း | ၁၅၅ |
| ၂၉။ | မူးဆစ်ဆေးဝါး အဖျက်သမား | ၁၆၂ |
| ၃၀။ | ဗကဗြဟ္မာအား အောင်မြင်ခြင်း | ၁၆၇ |
| ၃၁။ | ဗကဗြဟ္မာအား ဟောသောတရား | ၁၇၃ |
| ၃၂။ | နိဂုံးလက်ဆောင် | ၁၇၇ |
| ၃၃။ | ဗုဒ္ဓဘာသာ အခြေခံတရားများ၏ တိုက်တွန်းစကား | ၁၈၁ |
| ၃၄။ | ဩကာသသင်ပြရန် | ၁၈၂ |
| ၃၅။ | သီလတောင်းသင်ပြရန် | ၁၈၃ |
| ၃၆။ | သရဏဂုံ (၃)ပါး ဆောက်တည်ရန် | ၁၈၃ |
| ၃၇။ | ငါးပါးသီလ ဆောက်တည်ရန် | ၁၈၄ |
| ၃၈။ | ငါးပါးသီလ အဓိပ္ပာယ် | ၁၈၄ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၃၉။ ဘုရားဂုဏ်တော် (၉)ပါး | ၁၀၆ |
| ၄၀။ တရားဂုဏ်တော် (၆)ပါး | ၁၀၆ |
| ၄၁။ သံဃာ့ဂုဏ်တော် (၉)ပါး | ၁၀၆ |
| ၄၂။ ဖတ်ရှုစဉ်းစားရန် | ၁၀၆ |
| ၄၃။ အနန္တငါးပါး ဘုရားရှိခိုးနှင့် မှတ်သားဖွယ် | ၁၀၇ |
| ၄၄။ စဉ်းစားဆွေးနွေးရန် | ၁၉၀ |
| ၄၅။ သားသမီးဝတ္တရား (၅)ပါး | ၁၉၁ |
| ၄၆။ မိဘဝတ္တရား (၅)ပါး | ၁၉၁ |
| ၄၇။ တပည့်ဝတ္တရား (၅)ပါး | ၁၉၂ |
| ၄၈။ ဆရာ့ဝတ္တရား (၅)ပါး | ၁၉၂ |
| ၄၉။ ဘုရားအလောင်းသူဘော်ကောင်းတို့တောင်းသောဆု | ၁၉၃ |
| ၅၀။ ဆွမ်းကပ်နှင့်ဆုတောင်း | ၁၉၄ |
| ၅၁။ မေတ္တာစွမ်းရည် | ၁၉၅ |
| ၅၂။ မေတ္တာသုတ်လာ မေတ္တာပို့နည်း ၁၁-နည်း | ၁၉၆ |
| ၅၃။ အမျှဝေ | ၁၉၉ |

# စာဖတ်ကြလော့

— စာပေဖတ်ကြ၊ မပျင်းကြနှင့်၊
သိပ္ပဝိဇ္ဇာ၊ တတ်ကောင်းရာကို၊
ကောင်းစွာဆင်ခြင်၊ တို့မြော်မြင်မှ၊
တိုင်းခွင်မြန်မာ၊ တိုးတက်သာလိမ့်။

— နှစ်သိမ့်ကြည်အေး၊ ရတာလေးနှင့်၊
မအေးသင့်ရာ၊ ဆည်းပူးရှာလော၊
ပညာအရာ၊ ထိုထိုစာကို၊
သေချာမပြတ်၊ နေ့တိုင်းဖတ်လေ့။

— စာမဖတ်မူ၊ အပျင်းထူက၊
ထိုသူလူ့အောက်၊ နေ့ချင်းရောက်လိမ့်၊
လူ့အောက်မရောက်၊ လူ့နောက်မကျ၊
စီးပွားထလျက်၊ တိုးတက်မြန်မာ၊
အောင်ခြင်းသာရန်၊ တို့ရည်သန်သည်၊
အမြန်ချမ်းသာကြစေသော်။

အရှင်သုစိတ္တသာရ

၁၂/မ၊ ရ၊ က (သ) ၀၀၀၇၄၃

# အမှာစာ

"အောင်ခြင်းရှစ်ပါး"ဟု ဆိုလိုက်သည်နှင့် တပြိုင်နက် ဗုဒ္ဓဘာသာဝင် လူငယ်လူကြီးမှန်သမျှ နားရည်ဝလျက် သိရှိနေကြပြီဖြစ်ပါသည်။ ဤမျှ နားယဉ်နေကြ၍လည်း ရိုးလွန်းသည်ဟု ယူဆကောင်း ယူဆနေမိကြမည်မှာ အမှန်။

သို့သော် ယခုဆရာတော် (နတ်မောက် အရှင်သုစိတ္တသာရ) ရေးသားတော်မူသော အောင်ခြင်းရှစ်ပါးမှာ ဗုဒ္ဓစာပန်းချီဆန်ဆန် နောက်ခံခြယ်မှုန်းလျက် အတွင်းကျကျ သိသင့်သိထိုက်သော တရားတော်များကိုပါ သူ့နေရာနှင့်သူ တသန့်စီ တကန့်စီ ဝေ့ဝိုက်သွယ်တန်းပြီး အလှပန်း ဆင်မြန်း ထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ရိုးလျက်ဆန်းနေသည်။ လူငယ် လူရွယ်များအတွက်သာ ရည်ရွယ် ရေးသားသည် ဆိုသော်လည်း လူကြီးများအတွက်ပါ မှတ်သားဖွယ်ရာ ပိဋကတ် ဗဟုသုတများ ပါဝင်လျက် ရှိသည်ဟု ညွှန်းဆိုပါရစေ။

စပယ်ဦးစာပေ

## အမှာစာ

အထူးဆိုရသော် "ဘာမှန်း မသိသဖြင့် ညာမှန်း မသိ" ဖြစ်နေရသည့် လူငယ်လူရွယ်များအား အောင်ခြင်းရှစ်ပါးနှင့် ဆက်နွယ်လျက် ဗုဒ္ဓရှင်တော်မြတ်၏ မဟာကရုဏာတော် မြတ်ကိုလည်း ကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကို လည်းကောင်း သိရှိနားလည်နိုင်ကြပြီး အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်နိုင်ကြရန် ရှုထောင့်တနေရာရာမှ မီးမောင်း ထိုးပြလိုက်ခြင်းဖြစ်ကြောင်း ခံစားရှုမြင်နိုင်ပါသည်။

ဂုဏ်ကျေးဇူးကိုနားလည်၍ တန်ဖိုးထားတတ်သူများ အတွက်သာ လောကဥ် ဂုဏ်ကျေးဇူးကို ကိုယ်တိုင် ရရှိခံစားကြရသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ထို့ကြောင့် ဂုဏ်လည်း သိကြပါစေ၊ ဂုဏ်လည်း ရှိကြပါစေ။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

တင်သိန်းလှ (တက္ကသိုလ်ပွင့်လန်း)

# စာရေးသူ၏ အောင်ခြင်းအမှာစာ

ဤ အောင်ခြင်းရှစ်ပါးနှင့် စပ်လျဉ်း၍ အနည်းငယ် ပြောပြလိုပါသည်။ ဤစာမူရေးသားပြီးစီးသည်မှာ မိမိ ရဟန်း ၆ ဝါ (၁၃၃၆ ခုနှစ်)ကပင် ဖြစ်ပါသည်။ ထိုစဉ်က ရန်ကုန်မြို့ အလုံ သစ်တောလမ်းရှိ **အောင်မင်္ဂလာတိုက်သစ် ဆရာတော် ဦးတေဇိန္ဒဘိဝံသ**ထံတွင် ပရိယတ္တိ စာပေများ သင်ကြားဆဲပင် ဖြစ်ပါသည်။

တနေ့တွင် အပြင်းဖျားသဖြင့် သံဃာ့ဆေးရုံသို့ တက်ရပါသည်။ ရောဂါပျောက်ကင်းသော်လည်း ဆေးရုံမှာပင် အနားယူ အားဖြည့်ယင်း စာရေးနေပါသည်။ ပထမရေးသည်မှာ "ကရဝိက်ငှက်သမိုင်း" စာအုပ်ဖြစ်ပါသည်။ ထိုအကြောင်းကို ပိဋက စာပေတွင် ရှာဖွေယင်းနှင့်ပင် ဤ အောင်ခြင်းရှစ်ပါး အကြောင်းကိုလည်း တွေ့လာရပါသည်။

စာရေးသူ ငယ်စဉ်က သင်ကြားခဲ့ရသော အတွင်းအောင်ခြင်းရှစ်ပါးနှင့် အပြင်အောင်ခြင်း ရှစ်ပါးတို့ကလည်း စာခံရှိခဲ့ပေရာ လွန်စွာဝမ်းသာနေပါသည်။ ယင်းသို့ဖြင့် စုဆောင်းယင်း

## စာရေးသူ၏ အောင်ခြင်းအမှာစာ

ရေးသားလာခဲ့ရာ အောင်ခြင်းရှစ်ပါး အပြည့်အစုံ ကော်ပီ စာအုပ် ၆ အုပ်နှင့် အပြည့်ရလာပါသည်။ ထိုစဥ်က စာအုပ်ဖြစ်အောင် ကြိုးစားခဲ့သေးသော်လည်း မဖြစ်မြောက်ခဲ့ပါ။ သူ့နောက်မှ ရေးသားသော—

၁။ ရက်ပေါင်း ကိုး ဆယ် ရိပ် သာ ဝယ် (စာမျက်နှာ ၃၄၀)နှင့်

၂။ ထေရ်မြတ်မဟာစည် (စာမျက်နှာ-၇၀)တို့ကသာ အလျင် ထွက်ဖြစ်သွားပါသည်။ ယင်းသို့ဖြင့် ဤအောင်ခြင်းရှစ်ပါးသည် နှစ်အတန်ကြာ ကြန့်ကြာနေရပါသည်။ ဌာနအသီးသီးသို့ တရားဟောလျှင်မူ တပုဒ်လျှင် တပွဲစီခွဲ၍ ဟောဖြစ်ခဲ့ပါသည်။ ပရိသတ်လက်ခံကြ နှစ်သက်ကြသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ရန်ကုန်မြို့ တက္ကသိုလ်များ ဓမ္မာရုံတွင် သုံးကြိမ် ဟောစဉ်က ထိုသဘောကို ပိုမို တွေ့ရှိရပါသည်။ မူလတန်းနှင့် အလယ်တန်း လူငယ်၊ လူရွယ်၊ ဘာသာရေး အခြေခံရှိပြီး သူများအတွက် အကျိုးပြုနိုင်သည်ကို စတင် တွေ့ကြုံရပါသည်။ ဤ တွေ့ကြုံမှုကြောင့် ယခုအခါ စာအုပ် ဖြစ်မြောက်အောင် ရှုချင့်စဖွယ် ပုံအသွယ်သွယ်တို့ဖြင့် တန်ဆာဆင်ကာ ထုတ်ဝေလိုက်ရပါသည်။

အောင်မြင်ကြပါစေ

နတ်မောက်အရှင်သုစိတ္တသာရ
၁၂/မ၊ ရ၊ က (သ) ၀၀၀၄၄၃
၁၃၄၄-ခု၊ တန်ဆောင်မုန်းလဆုတ် (၁၀)

# အောင်နိုင်သူ

ကလေးတို့ရေ၊ ဘုရားဟောတဲ့ သံယုတ္တနိကာယ်မှာ သုဝီရသုတ်ရှိတယ်၊ အဲဒီသုတ်မှာ သိကြားမင်းက သူ့သား မောင်ပျင်း သုဝီရကို ဆုံးမထားပါတယ်၊ သုဝီရဟာ အလွန်ပျင်းတယ်ကွဲ့။

"သုဝီရ ထတော့ဆိုယင်"

"ဖေဖေရယ် စောပါသေးတယ်" တဲ့။

အဲသလို ဆင်ခြင်ဆင်လက်ပေးပြီး ပျင်းနေတတ်ပါတယ်။ သိကြားမင်းဟာ အသူရာတွေနဲ့ စစ်တိုက်နေရတာ၊ ဒါကြောင့် သုဝီရကို စစ်တိုက်ဖို့ ပြောပြန်ယင်လဲ 'နေမြင့်သွားပြီဗျာ' ဆိုပြီး ပျင်းနေပြန်တယ်။

စစ်ပွဲဝင်တဲ့ စစ်သည်တော်ဆိုတာ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ် ရှိရမယ်ကွဲ့။ ကန္တကလျနဲ့ ပျင်းနေယင် စစ်ရှုံးမှာပဲ၊ စစ်ပွဲရှုံးပြီဆိုယင် ကျွန်ဖြစ်ရမယ်၊ ကျွန်ဖြစ်ယင် လွတ်လပ်ခွင့် အားလုံးဆုံးရှုံးတာပဲ။ ဒါကြောင့်-

စစ်သည်တော်ပဲ ဖြစ်စေ၊

အမှုထမ်းကောင်းပဲ ဖြစ်စေ၊

# အောင်နိုင်သူ

နိုင်ငံသားကောင်းများဟာ ကျန်းမာ သန်စွမ်းနေရမယ်၊ အမြဲ သတိရှိနေရမယ်၊ သိကြားမင်းက သူ့သားကို....

"ဟေ့ သုဝီရ မင်းစစ်တိုက်ရမယ်"လို့ဆိုယင် သုဝီရက....

"ကျွန်တော် ဗိုက်ဆာလို့ နတ်သုဒ္ဓါလေး သွားစားရပါ စေဦး" တဲ့။

သုဝီရဟာ စားလဲပြီးရော ဗိုက်ပြည့်လို့ဆိုပြီး နတ်သမီး ဆောင်ထဲ ဝင်ပါရော။

စည်းစိမ်ခံလွန်းယင် ပျက်စီးတတ်တယ်ကွဲ့။ ဗမာ့တပ်မတော် သားတွေဆိုယင် အမိနိုင်ငံတော်အတွက် စစ်တိုက်ခဲ့ကြတယ်၊ အချို့ စစ်သူကြီးတွေဟာ ဝါးလုံးကို ခေါင်းအုံးလုပ်အိပ်တယ်၊ သစ်သားကို ခေါင်းအုံး လုပ်ပြီးအိပ်တယ်၊ ဒါက နိုးကြားတယ်၊ နိုးကြားဖျတ်လတ်စွာနဲ့ ကြိုးစားသူဟာ တိုးပွား မြင့်မြတ်တာ အမှန်ပဲ။

မဟောသဓာ အမတ်ဆိုယင် စစ်ရေးမှာရော၊ တရားစီရင် ရေးမှာရော အမြဲသတိရှိပြီး စီစဉ်ကွပ်ကဲခဲ့လို့ အောင်ပွဲခံရတယ်၊ မြတ်စွာဘုရားက 'ပျင်းရိထိုင်းမှိုင်းမှုဟာ ရှုံးနိမ့်ကြောင်း' လို့ ဟောထားပါတယ်။

ဘဝအောင်ပန်းဆင်ချင်တယ်ဆိုယင် ဟောဒီ 'အောင်ခြင်း ရှစ်ပါး' ကို ဖတ်ရှုပြီး ပြင်းပြသောဆန္ဒ၊ ထက်သန်သော ဝီရိယ များနဲ့ လုပ်ပါ'အောင်ရမယ်' ဆိုတဲ့ အောင်စိတ်သွင်းပြီး ဆောင် ရွက်ပါ၊ မုချအောင်နိုင်ပါလိမ့်မယ်။

**အားလုံးအောင်နိုင်ကြပါစေ**



မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၌

မာရ်နတ်မင်း စစ်ချီတိုက်ခိုက်နေပုံ

# မာရ်နတ်သားကို အောင်မြင်ခြင်း

သုဇာတာ အမျိုးသမီးသည် သဌေးကတော် ဖြစ်သည်။ သူမသည် နှစ်စဉ် ကဆုန်လပြည့်နေ့ ကျရောက်တိုင်း ညောင်စောင့်နတ်အားပူဇော်လေ့ရှိသည်။ ယခုနှစ် ပူဇော်ရာတွင် ဘုရားအလောင်းတော်အား ဖူးတွေ့ရသဖြင့် လွန်စွာဝမ်းသာရသည်။ ညောင်စောင့်နတ်မင်း ကိုယ်ထင်ပြသည်ဟုပင် အယူဖြစ်သွားခဲ့သည်။ မည်သို့ ဆိုစေ ဝမ်းသာခြင်း၊ ရွှင်လန်းခြင်းများကြောင့် အထူးစီမံ ချက်ပြုတ်လာခဲ့သော နို့ဆွမ်းကို ရွှေအုပ်နှင့်တကွ လှူဒါန်းလိုက်ပါသည်။

သုဇာတာတွင် ဆုတောင်းခဲ့သော သားဦးရခဲ့ပြီ မဟုတ်ပါလော။

အလောင်းတော်သည် ထိုသဌေးသမီး လှူသော နို့ဆွမ်းကို ၄၉ လုပ် ဘုဉ်းပေးမျှတပြီး ရွှေခွက်ကိုမူ နေရဉ္ဇရာ မြစ်လယ်သို့ ဓိဋ္ဌာန်၍ မျှောချလိုက်သည်။ "ငါ ဘုရားဖြစ်မူ ရေညာသို့ ဆန်စေသတည်း၊ ဘုရားမဖြစ်မူ ရေအောက်သို့ စုန်စေသတည်း" ရွှေခွက်သည်ရေညာသို့ စက်လှေပမာ ပြေးတက်သွားလေသည်။

စပယ်ဦးစာပေ

ယနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့ဖြစ်သည်။ နေရဉ္ဇရာမြစ်ရေမှာ စိမ်းလဲ့လဲ့ကြည်လင်နေသည်။ ရေအောက်တွင် ပြေးလွှားနေသော ငါးလေးများကိုပင် မြင်တွေ့နိုင်သည်။ ရေလည်း အလွန်မနက်လှပေ၊ ရာသီဥတုက သာယာ ပန်းရနံ့တို့ကလည်း သင်းပျံ့ကြိုင်လှိုင် မွှားနေသည်။

အလောင်းတော်သည် ယနေ့ တနေ့တာကို နေရဉ္ဇရာမြစ်ကမ်းသာမှာပင် သီတင်းသုံးနေသည်။ နေရောင် ဖျော့ဖျော့ဆည်းဆာချိန်တွင် မြစ်တွင်းသို့ သက်ဆင်းကာ ရေသုံးသပ်တော်မူသည်။ ထို့နောက် တဘက်ကမ်းသို့ ကူးကာ ဗောဓိမဏ္ဍိုင် ဒေသသို့ ကြွတော်မူသည်။ ဤဗောဓိပင်သည် အလောင်းတော်၏ ဖွားဖက်တော်ဖြစ်သည် မဟုတ်ပါလော*။

သုဒ္ဓိယပုဏ္ဏားသည် မြက်ထမ်းလာယင်း အလောင်းတော်အား ဖူးတွေ့သဖြင့် မြက်ရှစ်ဆုပ်ကို လှူသည်။ ဗောဓိပင်သို့ အရောက်တွင် အလောင်းတော်သည် မြက်များကို အဖျားဘက်မှကိုင်ကာ ကြဲဖြန့်လိုက်သည်။ ထူးပါပေစွ၊ အဟောဝတ အံ့သြဖွယ်ရာပါတကား။

ကြည့်လော့၊ ကြဲဖြန့်လိုက်သောမြက်ပင်များသည် မြက်အသွင်ကွယ်ပျောက်ပြီး အလွန်လှပဆန်းကြယ်သော ၁၄ တောင်ပမာဏရှိ ပလ္လင်တော်ဖြစ်လာလေပြီ။ ရတနာအမျိုးမျိုးတို့ဖြင့် ပြီးသော ထိုပလ္လင်တော်ကား ဆေးပန်းချီပင် ရေးခြယ်၍ မမီနိုင်ပေ။

---

* (အာ၊ ဗော၊ ဒါ၊ ယ၊ င၊ ရွှေ၊ ကဏ်)

အလောင်းတော်သည် ဖောမိပင်ကို ကျောပေးကာ အရှေ့သို့ မျက်နှာမူထားသည်။ နေထားတကျရှိလျှင် အဓိဋ္ဌာန်လေးချက် ချမှတ်တော်မူသည်။

(၁) ငါ့အရေသာ ကြွင်းကျန်ပါစေ၊
(၂) ငါ့အကြောမျှင်မျှသာ ကြွင်းကျန်ပါစေ၊
(၃) ငါ့အရိုးမျှသာ ကြွင်းကျန်ပါစေ၊
(၄) ငါ့တကိုယ်လုံးက အသားအသွေးများ ခန်းခြောက်လျှင်လည်း ခန်းခြောက်ပါစေ ဘုရားမဖြစ်သမျှ မထတော့ပြီ။

အလောင်းတော်သည် ဖခမည်းတော် လယ်ထွန်မင်္ဂလာပွဲကျင်းပစဉ်က ပွားများခဲ့သော "အာနာပါနစျာန်" ကို ဆက်လက်ရှုမှတ်သည်။ ထိုကဆုန်လပြည့်နေ့ နေမဝင်မီ ရှုခင်းများမှာ သာသာယာယာ ရှိလှပေသည်။ အရှေ့မိုးကုပ်စက်ဝိုင်းဆီတွင် ရောင်စုံဖြာထွက်နေသော ဆည်းဆာရောင်တို့က နီတျာတျာ ပျံ့လွင့်နေသည်။ တချို့ကမူ စိမ်းလဲ့လဲ့၊ တချို့ကမူ ပြာနုနုနှင့် ဝါဖန့်ဖန့်လေးများဖြစ်သည်။စံကားဝါ၊အင်ကြင်းတို့ကလည်း တောအလုံးကို တသင်းသင်း မွှေးပျံ့ကြိုင်လှိုင်နေလေသည်။

အလောင်းတော် အဓိဋ္ဌာန်နှင့် အားထုတ်နေစဉ် သိကြားမင်း ရောက်လာသည်။ သူသည် ဝိဇယုတ္တရခရုသင်းကို ပွေ့ပိုက်ကိုင်ဆောင်ထားသည်။ ထိုခရုသင်းကြီး တကြိမ်လောက်မှုတ်လိုက်လျှင် လေးလကြာမှ အသံစဲလေသည်။ ဟုတ်လောက်ပေသည်။ ခရုသင်း၏ အရှည်ပမာဏကလည်း ယူဇနာ ၁၂၀ရှိသည် မဟုတ်

ပါလော။ ယခု ထိုခရုသင်းကို တဗုဗုမြည်အောင် မှုတ်ကာ အလောင်းတော်အား ခစားယင်း ရပ်တည်နေလေသည်။

စောင်းပိုက်လျက် ရပ်နေသူကား ပဉ္စသိခနတ်သားတည်း။ သူသည် နတ်လူပျို ဂီတမှူးအဖြစ် ထင်ရှားသည်။ ယခု စောင်းတီးခတ်ယင်း ပူဇော်နေသည်။ သားမြီးယပ်ခတ်နေသော နတ်သားမှာ 'သုယာမ'ဖြစ်သည်။ ပတ္တမြားယပ်ဝန်းဖြင့်ယပ်လေခပ်နေသော နတ်သားမှာမူ 'သန္တုသိတ'ဖြစ်သည်။ သဟမ္ပတိဗြဟ္မာမင်းကမူ သုံးယူဇနာရှိသော ထီးဖြူကြီး ဆောင်းမိုးလျက်ရှိသည်။ ကာဠနဂါးမင်းကမူ နဂါးမအပေါင်း ထောင်သောင်းခြံရံလျက် ဂါထာပေါင်း တသောင်းရှစ်ထောင်ကျော်ကို ရွတ်ဆိုပူဇော်နေသည်။ ဤသို့ နတ်ကောင်းများက ပူဇော်နေကြသော်လည်း နတ်ဆိုးမာရ်နတ်ကမူ ဖျက်ဆီးနှောင့်ယှက်ရန်ရောက်လာလေပြီ။

"ငါ၏ စစ်သားအပေါင်းတို့၊ စစ် ပြင် ဆင် ကြ လော၊ အလောင်းတော် သိဒ္ဓမင်းသားဟာ ငါ့နယ်ပယ်က လွတ်မြောက်တော့မယ်၊ ငါအလွတ်မပေးနိုင်ဘူး၊ အဆန်းတကြယ် ကြောက်မက်ဖွယ်သော လက်နက်ဆန်းများကို ပြင်ဆင်ကြလော့"

မာရ်နတ်၏ တပ်လှန့်သံကြောင့် ဝသဝတ္တီနတ်ပြည်ရှိ နတ်တို့သည် ယောက်ယက်ခတ်ကုန်ကြသည်။ စစ်ပြင်ဆင်မှုပြီးလျှင် စစ်ချီစစ်တိုက် ထွက်ခဲ့ကြရသည်။ စစ်တပ်ကြီးကား ကြောက်ခမန်းလိလိ ရှိပါဘိ။ ကြက်သီးမွေးညင်းထရုံတွင်မက မြင်ရုံနှင့် သေလောက်ပါဘိ။ မာရ်နတ်သည် သူကိုယ်တိုင်လည်း ယူဇနာ ၁၅၀အထိ ကြီးမားသောကြောက်စရာ ဂီရိမေခလာနတ်ဆင်

ကြီးကို တက်စီးလာသည်။ လက်နက်ဆန်း မျိုးစုံတို့ကလည်း လက်ရုံးပေါင်းတထောင်နှင့်အပြည့် ကိုင်စွဲထားသည်။

မာရ်နတ်သည် သူ၏ စစ်ပြင်ဆင်မှုနှင့် ပတ်သက်၍ ဝသဝတ္တီနတ်ပြည်ရှိ သူ့ထက်ကြီးသော နတ်မင်းအား အသိမပေးခဲ့ပေ။ နတ်ဆိုးနတ်သွမ်း နတ်သူပုန်ကြီးပီပီ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ စစ်တပ်အထုကား ကြီးမားလှပါဘိ၏။

မာရ်နတ်၏ရှေ့မှ ချီတက်ကြသော နတ်စစ်သည်များမှာ ၁၂ယူဇနာအထိ ကျယ်ပြန့်၏။ လက်ဝဲစစ်ကြောင်းနှင့် လက်ယာစစ်ကြောင်း နှစ်ဘက်တို့တွင်လည်း ၁၂ ယူဇနာစီ ဖြန့်ခင်းထားသည်။ ကောင်းကင်ယံစစ်သည်တော်များမှာ ၉ယူဇနာအထိ ကျယ်ပြန့်၍ ကျောဘက်တွင်မူ စကြဝဠာတံတိုင်းအထိ ကြီးမားများပြားလှလေသည်။

အဆန်းတကြယ် ကြောက်မက်ဖွယ်သော ဥက္ကာပျံကြီးများ မြည်ဟည်းကျရောက်လာသည်။ ကောင်းကင်ပြင်တွင် အမှောင်ထုလွှမ်းနေသည်။ ပယ်လယ်သမုဒ္ဒရာတွင် တောင်လုံးပမာဏရှိသော ဒီလှိုင်းများ ရိုက်ခတ်လှုပ်ရှားနေသည်။ မြေပြင်မှာ သွက်သွက်ခါအောင် လှုပ်ရှားနေသည်။ မြစ်များ ကပြောင်းကပြန် အထက်သို့ စီးဆင်းနေသည်။ တောင်ချွန်းတောင်စွယ်များ ပြတ်ကျနေသည်။ လေမုန်တိုင်းတို့မှာ တဝုန်းဝုန်း တိုက်ခတ်လာသည်။ ဦးခေါင်းမပါ ကိုယ်ခန္ဓာပြတ်များက ကောင်းကင်တွင် လှည့်လည်လှုပ်ရှားနေသည်။ ဤအရာများမှာ မာရ်နတ်လာရန် ရှေ့ပြေးနိမိတ်ဆိုးကြီးများပင် ဖြစ်လေသည်။

မကြာပါချေ၊ မာရ်နတ်လာလေပြီ။

'ဖမ်းကြလော၊ ဆီးကြလော၊ ပစ်ဟ၊ တိုက်ဟေ့' ဤအမိန့်ပေးသံဖြင့် စစ်ပွဲကို စတင်လိုက်သည်။ နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာဖြင့် အလောင်းတော်အား ဝတ်ပြုပူဇော်နေကြသော သိကြားဗြဟ္မာတို့မှာ မာရ်နတ်၏ စစ်ချီသံကြောင့် ပြေးကြလေပြီ။

သိကြားမင်းသည် သူ၏ခရုသင်းကြီး လွယ်လျက် စကြဝဠာ တိုက်နှုတ်ခမ်းစပ်နားရောက်အောင်ပြေးရသည်။သဟမ္ပတိဗြဟ္မာကြီးမှာ ထီးဖြူကြီးကို ပစ်ချလျက် ဗြဟ္မာပြည် ရောက်အောင် ပြန်ရလေသည်။ ကာဠနဂါးမင်းမှာမူ အခြေအရံ များကိုပင် စောင့်မခေါ်နိုင်ပဲ နဂါးပြည်အရောက် အသော့နှင်ကာ ပြေးလေသည်။ စိတ်ခေတ်ကျလွန်းသဖြင့်လည်း မျက်နှာကို လက်ဖြင့်ဖုံးအုပ်ကာ အိပ်နေလိုက်သည်။ ဘယ်တော့များမှ နိုးလေမည်မသိ။ ဘုရားအလောင်းတော် မိဋ္ဌာန်၍ လွတ်လိုက်သောရွှေခွက် မျောလာစဉ်ကလည်း 'လူ့ပြည်မှာ ခဏခဏ ဘုရားပွင့်ပါလား'ဟု ယောင်ယမ်း ပြောဆိုခဲ့သေး၏။ ယခုတဖန် အိပ်စက်ခြင်းမှာလည်း အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်မှတရေးနိုးရန် အိပ်ခြင်းပေလော မသိ။

မာရ်နတ်သည် တကျော်ကျော် အော်မြည်ဟစ်ကြွေး၍ စစ်တိုက်ခိုင်းနေသော်ငြားလည်း သူကိုယ်တိုင်ကမူ အလောင်းတော်နားသို့ပင် မသီနိုင်သေးပေ။ ယင်းကြောင့် ''ရဲဘော်တို့ သိဒ္ဓတ္ထဟာ စွမ်းအားကြီးတယ်၊ ရင်ဆိုင်တိုက်လို့ မရဘူး နောက်ကတိုက်ကြ''ဟု အမိန့်ပေးပြန်သည်။ မစွံချေ။ နည်းဗျူဟာပြောင်းတိုက်၏။မနိုင်ချေ။ မာရ်နတ်သည်စစ ;ရးကို ပေါ့လျော့စွာ တွက်ဆထားခဲ့၏။ အလွယ်တကူပင် နိုင်မည်ဟုလည်း ယူဆ



ဝိနယပိဋက
သုတ္တန္တပိဋက
အပ္ပမာဒေန သမ္ပာဒေထ
အဘိဓမ္မာပိဋက
တင်ထွန်းထွန်း

ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီးသည် သတ္တဝါဝေနေယျတို့အကျိုးငှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း တရားတို့ကို ဟောတော် မူခဲ့၏။ ထိုတရားများ၏ ညွှန်ကြားမှုအတိုင်း လိုက်နာ ပြုကျင့်ပါလျှင် အမှန်ပင် ငြိမ်းချမ်းရေး ရနိုင်ပေသည်။

ခဲ့၏။ သို့ရာတွင် ထင်မြင်ယူဆသလို မလွယ်ကူချေ။ ခဲယဉ်းနေလေသည်။

ဘုရားအလောင်းတော်မှာမူပါရမီဆယ်ပါးကိုသာလက်ကိုင်ထားပြီး ဆင်ခြင်ပွားများနေသည်။ စစ်တပ်ဗလာ၊ ဆွေသဟာမရှိ၊ ဘာမျှမရှိချေ။ မျက်စိလှူခြင်း၊ သွေးလှူခြင်း၊ ခြေလက်ကိုယ်အင်္ဂါလှူခြင်း၊ ဒါနပါရမီ။ သီလဆောက်တည်ခြင်း ပါရမီ။ (ဇနက္ကမင်းသားဘဝပင်လယ်ကူးရာမှာပင်ဥပုသ်သီလစောင့်ခဲ့၏) တောထွက်၍ ကျင့်ခဲ့သော ပါရမီ။ မဟောသဓာ ပညာရှိဘဝပညာဖြင့် ဆောင်ရွက်ခဲ့ပုံ၊ ပညာပါရမီတော် ပြင်းပြင်းထန်ထန်အားထုတ်မှု ဝီရိယ ပါရမီတော်။ ဘူရိဒတ် နဂါးမင်းဘဝဥပုသ်စောင့်သုံးနေရာ မြွေအလမ္ပယ်ဆရာ အဖမ်းခံရပြီး ထောင်းထုညှဉ်းဆဲစဉ်က ဥပုသ်သီလ မပျက်အောင် သည်းခံခဲ့သောခန္တီပါရမီတော်။ အမှန်ကိုသာဆိုလေ့ရှိသော သစ္စာပါရမီတော်။ စွဲစွဲမြဲမြဲ အဓိဋ္ဌာန်ခြင်း ပါရမီတော် ဤပါရမီတော်များကိုသာအကြိမ်ကြိမ်အဖန်ဖန် နှလုံးသွင်း ဆင်ခြင်နေလေသည်။

မာရ်နတ်သည် သစ်ပင်ကြီးများ ဦးစိုက်ကျွမ်းပြန် အမြစ်လန်၍ ကျသည်အထိ မုန်တိုင်းလက်နက်ကို ဖန်တီးတိုက်ခိုက်ပြန်သည်။ သို့ရာတွင် သင်္ကန်းစွန်းကလေးကိုပင် မထိခိုက်ချေ။ မာရ်နတ်ကား သူ့လက်ချက်ကြောင့် သေလောက်ပြီဟု မှတ်ထင်နေသည်။ သို့ရာတွင် ကျောက်တိုင်ပမာ မားမားမတ်မတ်ကြီး ရှိနေပြန်သဖြင့် ရေမ မိုးကြီး ရွာချလိုက်ပြန်သည်။ မြေပေါ်တွင် မိုးသီးဒဏ်ကြောင့် အပေါက်အခေါင်းကြီးတွေပင်ဖြစ်သွားကြ၏။ စီးလာသော ရေတို့မှာ သင်္ကန်းတော်ကိုပင်မစိုစွတ်ပေ။

မာရ်နတ်သည် အားမလျှော့ပဲ ဆက်တိုက်ပြန်သည်။ တဒက်ဒက် တဒိုးဒိုး မြည်ဟည်းအောင်ပစ်ခတ်နေပြန်သည်။ ကျောက်ခဲမိုးရွာချပြီး တိုက်နေခြင်းပင် ဖြစ်သည်။ အချို့ ကျောက်တုံးကြီးများမှာ တောင်ကြီးများ လိမ့်ချလာသလိုပင် တရွေ့ရွေ့ရွေ့လာပြီး ကြောက်မက်ဖွယ် အသွင် ဆောင်ကြသည်။ ကျောက်တုံးချင်း ပွတ်တိုက်သံတို့ကလည်း ချောက်ချားဖွယ် မြည်နေလေသည်။ အလောင်းတော်ရှေ့ရောက်လျှင်မူ လှပမွှေးကြူသော ပန်းကုံးများ အဖြင့်ဖြင့် ပျောင်းပျော့ ခွေညွတ်ကျရရှာသည်။

"သေပေတော့"

မာရ်နတ်သည် တဘက်သွားနှစ်ဘက်သွားရှိသော သန်လျက်ဓားများကို တရစပ် ပစ်လွှတ်ပြန်သည်။ မှားယွင်း ဖောက်ပြန်မမှန်သော စိမ်ချက်ဖြင့် တရကြမ်း ပစ်ခတ် နေသည်။ ဗောဓိမဏ္ဍိုင် ခန်းဝါ မြိုင်ဘေး ရောက်လာသမျှ တို့မှာမူ ရနံ့ထုံသင်းသည့် ပန်းမင်းသရဖူ ပန်းဘုရင်မှူးများ အသွင်ဖြင့်သာ ဝန်းရံ ခစားရရှာလေသည်။

မာရ်နတ်သည် လက်ရုံး တထောင် ဖန်ဆင်းနိုင်ဘိသို့ လက်နက် မျိုးစုံလည်း ပိုင်ဆိုင်ပစ်လွှတ်နိုင်သည်။ ယခုအခါ မီးကြီးမိုးရွာချပြန်သည်။ အခိုးအလျှံတို့ကား မိုးနဘံတခွင်တွင် ပျံ့နှံ့လွင့်စဥ်နေလေပြီ။ အလျှံ တပြောင်ပြောင်နှင့် ပြေးလာသော မီးလက်နက်များမှာ အလောင်းတော် ရှေ့တွင် မြလေးပန်းကုံးကြီးများ ပမာ ခစားရရှာသည်။ ထိုနောက် မာရ်နတ်သည် ပြာပူမိုးရွာချပြန်သည်။သဲပူမိုးကိုလည်း ရွာချပြန်သည်။ ထို ရွာချသမျှတို့မှာ လက်နက်အသွင်ဖြင့် ဘုရား အလောင်းတော် ရှေ့သွားရမည်ကို ရှက်နိုး၍ စန္ဒကူးမှုန့်များ အသွင်ဖြင့်သာ တဖွဲဖွဲ တသဲသဲ

ကျရရှာသည်။ အမှောင်ထုကိုလည်း ဖန်ဆင်းတိုက်ခိုက်ပြန်သည်။ မနိုင်ပေ။

မာရ်နတ်သည် အပရာဇိတပလ္လင်တော်ပေါ်တွင် ငြိမ်ငြိမ်သက်သက်ဖြင့် ထိုင်တော် မူနေသောဘုရားအလောင်းအား မရှုဆိတ်နိုင်ပေ။ ယင်းကြောင့် သူ၏ အထက်မြက်ဆုံး၊ စွမ်းအင် အရှိဆုံး၊ နောက်ဆုံး လက်နက်ဖြစ်သည့် 'စက်လက်နက်'ကို ပစ်လွှတ်လိုက်လေသည်။ ထို လက်နက်သည် မြေပေါ်ကျလျှင် ၁၂ နှစ်ကြာအထိ မြက်တပင်မျှမပေါက်နိုင်အောင်ပူပြင်းသည်။ ကောင်းကင်၌ ပစ်ချလျှင် ၁၂ နှစ် အထိ မိုးမရွာနိုင်၊ ထိုမျှအထိ ထက်မြက်ပါသောစက်လက်နက်ကြီးသည်ခြေသုတ်ပုဆိုးပမာ ဝပ်စင်းသွားရရှာလေသည်။

''အို....သိဒ္ဓတ္ထ-သင်ပလ္လင်ပေါ်ကဆင်းသွားပါလော့၊ဒီပလ္လင်သည် ငါပိုင် ပလ္လင် ဖြစ်ချေသည်''

ဟယ်-အန္တက ယုတ်မာစိတ်ထား မာရ်နတ်သား၊ ငါကား ဤပလ္လင်တော်အတွက် ဘဝများစွာ သံသရာမှာ မလှူဖူးသော အလှူမျိုး မရှိခဲ့ပေ၊ (ဝေဿန္တရာ မင်းကြီးဘဝတွင် ဆင်ဖြူတော်ကိုလည်း လှူသည်၊ မယားကိုလည်း လှူသည်၊ ရှုမငြီးသည့် သားနှင့်သမီးများကိုလည်း လှူသည်၊ သုမေဓာ သင်္ချေသား ဘဝမျိုးတွင် ပစ္စည်းဥစ္စာ လှူမှုကား များလှစွာ၏။)

ဟယ်- အန္တက မာရ်ယုတ်၊ ငါကား ဤပလ္လင်တော်အတွက် ဘဝများစွာ သံသရာမှာ မဆောက်တည်ဖူးသော သီလ မရှိခဲ့ပေ၊ (မိမိအမျိုးသား ချမ်းသာရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့သော မျောက်မင်းဘဝ၊ ကျီးမင်းဘဝ၊ ဥပုသ်စောင့်ခဲ့သော နဂါးမင်းဘဝ၊ ဘဝများစွာရှိလေသည်။)

ဟယ် အန္တက မာရ်ယုတ်၊ နင်နောက်ဆုတ်လော့၊ ဤမဟာပထဝီမြေကြီးသည် သင်၏ သက်သေဖြစ်မည်လော ငါ၏ သက်သေ ဖြစ်မည်လော ကြည့်လေ။

ဗုဒ္ဓသည် မာရ်နတ်အား ဤသို့လျှင်မိန့်ဆိုပြီး သင်္ကန်းအတွင်းမှ လက်ယာလက်ကိုထုတ် ကာမြေသို့ထိုးညွှန်လိုက်သည်။ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးလုပ်သား လှည့်လိုက်သော အိုးထိန်းစက်ပမာ သွက်သွက်ခါ တုန်လှုပ်လေသည်။ စကြဝဠာ တိုက်အပေါင်းမှာ ဝါးတောကို မီးလောင်သည့်ပမာတဖြောင်းဖြောင်း မြည်ဟည်းနေသည်။ မိုးကြိုးစက်များကလည်း တဒက်ဒက်ကြမ်း မြည်ဟည်းကျလျက် ရှိလေသည်။ မာရ်နတ်ယုတ်သည် ဝါးကပ်နှင့် ပိညပ်နေသော ငှက်ငယ်ပမာ လန့်စွာ ကြောက်လန့်တုန်လှုပ်လျက် ပြေးရရှာလေသည်။

ပါရမီတော်ဆယ်ချက်အောင်လက်နက်ပိုင်ရှင်အောင်တော်မူမြတ်ဘုရားကို ယှဉ်မတုနိုင်တော့ပြီတကား။

ဘုရားအလောင်းတော်သည် နေမဝင်မီမှာပင် မာရ်နတ်ကို အောင်မြင်ခဲ့သည်။ ညဉ့်ဦးယံတွင်မူ ဘဝများစွာက သတ္တဝါဟူသမျှတို့၏ ဖြစ်ပျက်မှု အစုစုကို သိနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူလျက် သန်းခေါင်ယံတွင် သက်ရှိသက်မဲ့ အနီးအဝေး အဇ္ဈတ္တ၊ မှန်သမျှကို မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုအဘိ ညာဉ်ကို ရ တော်မူကာ မိုးသောက်ယံတွင် ကိလေသာဟူသမျှ တစမကျန် ဝါသနာနှင့်တကွ ပယ်သတ်တော်မူနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူလေသည်။

ကဆုန်လပြည့်၏ လဝန်းရောင်သည် အနောက် မိုးကောင်းကင်တွင် ငပ်ဖျော့ဖျော့လေးသာဆဲပင် ဖြစ်သည်။ အရှေ့

မိုးကုပ်စက်ဝိုင်းဆီတွင်မူ နေဝန်း ရောင်ခြည်ဖြာလို့ လာနေပေပြီ။ တောအလုံးတွင်ကား နတ်ပန်းမျိုးစုံတို့၏ အဆင်းရနံ့တို့ဖြင့် မွှေးကြိုင်သင်းပျံ့ကြိုင်လှိုင်လို့ နေလေသည်။

သိကြားမင်းသည် ဝိဇရုတ္တရ ခရုသင်းကို ကိုင်ကာ တပ္ပုပ္ပမြည်အောင် မှုတ်နေလေသည်။ ဂီတမှူး နတ်လုလင် ပဉ္စသိခ်နတ်သားကလည်း သူ့စောင်းတော်ဖြင့် ပူဇော်တီးခတ် နေလေပြီ။ သဟမ္ပတိ၊ သုယာမနှင့် သန္တုသိတတို့ကလည်း အသီး အသီးခစားပူဇော်ကြလေသည်။

''ကချင်ပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအပေါင်းတို့ ယခု မာရ်နတ်အကြောင်းကို သိကြပြီနော်၊ ဗုဒ္ဓရှင်တော်မြတ်ရဲ့ တန်ခိုးတော်ကိုလဲ သိနေပါပြီ၊ ဒီမာရ်နတ်ဟာ ဘုရားရဲ့ သားတော်ကြီးဖြစ်တဲ့ အရှင်မောဂ္ဂလာန် ဗိုက်ထဲကို ကတ်သီးကတ်သတ်ဝင်ပြီး နှောင့်ယှက်ဖူးတယ်၊ အဲဒါ ပြောပြရဦးမယ်နော်။

''တခါတုန်းကပေါ့ကွယ်၊ အရှင်မောဂ္ဂလာန်ဟာ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့မှာရှိတဲ့ ''ဘေသကဠာ'' ခေါ်တဲ့ ဘေးမဲ့တောကျောင်းမှာ သီတင်းသုံးတယ်ကွဲ့၊ လှည့်ပြင်မှာ စင်္ကြံကြွတော်မူတော့ ဝမ်းဗိုက်ကြီး လေးလာတာကို သိရတယ်၊ အဲဒီအခါမှာ စဉ်းစားတယ်၊ 'ရော ငါ့ဝမ်းဗိုက်က ဘာလို့ ဒီလောက် လေးလံနေတာပါလိမ့်၊ ကြည့်စမ်း၊ ကျောက်ခဲတုံးကြီး ထည့်ထားသလိုပါပဲ၊ ထမင်းတွေစားပြီး ပြည့်ကျပ်နေသလိုချည်းပဲလို့ စဉ်းစားမိတယ်၊ တကယ့်လိုပေါ့လေ၊ အစာမကြေလို့ လေးလံတာ ဆိုယင်လဲ စင်္ကြံဆက်လျှောက်လို့ မသင့်ဘူး၊ ဒါကြောင့် အရှင်

မောဂ္ဂလာန်ဟာ ကျောင်းထဲကိုကြွပြီး ထိုင်တော်မူတယ်၊ ထိုင်ယင်းလဲ စဉ်းစားတာပေါ့ကွယ်၊ ဆင်ခြင်မှုလဲ ပြုပါတယ်။

"မနေ့က စားသုံးတာ၊ တနေ့က စားသုံးတာ၊ စားပြီးသမျှတွေများ မကြေမညက်ဖြစ်နေယင် သလိပ်၊ သည်းခြေ၊ လေ၊ ဒီလိုအပြစ်တွေများ ဖြစ်ပေါ်နေယင် ကြေညက်ပါစေသတည်း။ လို့ အဓိဋ္ဌာန်ပြီး လက်နဲ့ ဝမ်းဗိုက်ကို ပွတ်သပ်လိုက်မယ်ဆိုယင် မာရ်နတ်ဟာ မှုန့်မှုန့်ညက်ညက်ဖြစ်ပြီး ကြေမွသွားမယ်ကွဲ့။ ဒါပေမယ့် အရှင်မောဂ္ဂလာန်က ရိုးရိုးသားသားပဲ နှလုံးသွင်းပြီး ဆင်ခြင်ကြည့်တယ်။

"အို-လားလား၊ မာရ်နတ်ယုတ်ဟာလေ အရှင်မောဂ္ဂလာန်ရဲ့ ဗိုက်ထဲက အူအတွင်းမှာ ကတ်သီးကတ်သတ် ဝင်ပုန်းနေတယ်လေ၊ မာရ်နတ်က ဖန်ဆင်းနိုင်တယ်လေ၊ အစာဟောင်းအိမ်ရဲ့ အထက်မှာ ငုတ်တုတ်ကလေးပုပြီး ထိုင်နေတယ်၊ ဒါကို မြင်တော်မူတော့မှ–

"ဟယ်....မာရ်နတ် ထွက်လေ့၊ ခုထွက်လေ့၊ မြတ်စွာဘုရားကို မညှဉ်းဆဲပါနှင့်၊ ဘုရား တပည့်သာဝကကိုလည်း မညှဉ်းဆဲပါနှင့်၊ သင့်မှာ ဆင်းရဲလိမ့်မယ်လို့"မိန့်တော်မူတယ်လေ။

မာရ်နတ်က ကြားလျက်သားနဲ့ ပေတေတေ လုပ်နေတယ်။ သူက ဒီရဟန်းဟာ ငါ့ဗိုက်ထဲက အူအတွင်း ဝင်နေတာ မသိပါဘူး။ ရမ်းပြောနေတာပါလို့ ယူဆသတဲ့ကွယ်။

ဒီတော့ အရှင်မောဂ္ဂလာန်က 'ဟေ့ မာရ်နတ် သင့်ကို ငါသိပါတယ်၊ ထွက်လေ့၊ ခုမြန်မြန်ထွက်လေ့၊ သင် ယူဆနေတာကိုလဲ ငါ သိပါတယ်၊ မြန်မြန်ထွက်လေ့'လို့ မိန့်တော်မူဘာပေါ့ကွယ်။

အဲဒီကျတော့မှ မာရ်နတ်က ဟာ မဖြစ်တော့ဘူး အရှင်မောဂ္ဂလာန်က တန်ခိုးကြီးတဲ့ ရဟန္တာပဲ၊ ငါ့ကိုတကယ်သိသွားပြီ ဆိုပြီး အရှင်မောဂ္ဂလာန်ရဲ့ ပါးစပ်ထဲက အသာထွက်သွားတယ်၊ ဒါပေမယ့် တံခါးအပြင်ဘက်နားမှာ ရပ်နေသေးတယ်၊ အရှင်မောဂ္ဂလာန်က မြင်တာပေါ့။

"ဟယ်—မာရ်နတ်၊ သင်ပုန်းနေတာ ငါမြင်တာပေါ့၊ မမြင်ဘူးမျှား ထင်နေသလားလို့" လို့ မိန့်တော်မူပြန်တယ်လေ။ အမှန်ကတော့ကွယ် လူရဲ့ ကိုယ်နဲ့ဆိုတာ ယူဇနာ တရာလောက်က အာကာသစိုးနတ်တွေကတောင် မခံနိုင်ဘူးကွဲ့။ စတုမဟာရာဇ်နတ်တွေကတော့ ဘုရားဆီ တရားနာလာယင်တောင် ည လူတွေမရှိမှ လာကြတယ်လေ၊ လူအနံ့ကို နတ်တွေ မခံနိုင်ဘူးကွဲ့၊ (ဥပမာ ပြောရယင်တော့ ခွေးနံ့ ဝက်နံ့ကို လူတွေ မခံနိုင်သလိုပေါ့ကွယ်)။

မာရ်နတ်ဆိုတာဟာ ပရနိမ္မိတ ဝသဝတ္တီပြည်သားဆိုတော့ နုနုနယ်နယ်ရှိဘယ်၊ စင်စင်ကြယ်ကြယ်ရှိတယ်၊ တန်ခိုးကြီးတဲ့ နတ်မင်းတပါးလည်း ဖြစ်တယ်လေ။ ဒီလို နတ်မင်းတပါးက ဗိုက်ထဲဝင် အစာဟောင်း (မစင်)ရဲ့ အထက်မှာ ထိုင်နေတယ် ဆိုတော့ အနံ့ဆိုးတွေကို အနံ့ခံပြီး နေရတာပေါ့၊ ဒါဟာ သက်သက် ဖျက်ဆီးဖို့ ဆင်းရဲခံတာပေါ့။

မာရ်နတ်ဟာ အဖျက်သမားကွဲ့၊ ဒါကြောင့် လောကမှာ အဖျက်သမားဆိုယင် 'မာရ်နတ်' လို့ အမည်ပေးကြတာပေါ့။

အရှင်မောဂ္ဂလာန်က ဒီလို ကြံစည်မိတယ်ကွဲ့၊ လောကမှာ ဆွေမျိုးစပ်ပြီးပြောယင် ချောချောငံငံ နူးနူးညံ့ညံ့ ဖြစ်လာတာ

မျိုးပဲ၊ ဒီမာရ်နတ်ကိုလည်း ဆွေမျိုး တော် စပ် ခဲ့ ဖူး တာကို ပြန်ဖော်ပြီး ပြောမှပဲလို့ ဆုံးဖြတ်ပြီး

"ဟယ်–ငါတို့ မာရ်နတ်၊ ကကုသန် ဘုရားပွင့်တုန်းက ငါဟာ နူသိခေါ်တဲ့ မာရ်နတ်ဖြစ်ခဲ့တယ်၊ ငါ့နှမက ကာဠီတဲ့ သင် မာရ်နတ်ကတော့ ကာဠီရဲ့ သားဖြစ်ဖူးတယ်လေ။ ငါ့တူပေါ့၊ ဦးရီးတော်ကို မနှောင့်ယှက်နဲ့" စသည်ဖြင့် တရားဟောပါတယ်၊ မာရ်နတ်ဟာ သူ့ အကြံအစည်တွေကို အရှင်မောဂ္ဂလာန်သိပြီး နှောင့်ယှက်လို့ မရတာနဲ့ ထွက်ခွာသွားရတာပေါ့ကွယ်၊ အဲ အခု မာရ်နတ်ကို ဘုရား သား တော် ကြီး ရှင်မောဂ္ဂလာန်ကလည်း နိုင်တယ်နော်။ မြတ်စွာဘုရားက နိုင်တာကတော့ အားလုံး သိကြပြီးပြီ။ ဒီကဗျာလေးကိုဆိုပြီး ရှေ့ဆက်ကြရအောင်–

## (၁) မာရ်နတ်သားကို အောင်တော်မူခြင်း

ဂိရိမေခလာ ဆင်ပြောင်ကြီးကို၊ မာရ်နတ်ဆိုးကြီးတက်စီးလာ။
လက်ရုံးတထောင် သူဖန်ဆင်းလို့၊ အတင်းစစ်ခင်းတိုက်ခိုက်တာ။
ဘုရားပါရမီ လီလီတွက်တော့၊ ရေတွက်မရ များလှပါ။
များလှပါရမီ သက်သေခင်းတော့၊ ချက်ချင်းထွက်မြေရှုံးရရှာ။
ပထမယံချိန် ကုန်ဆုံးတော့၊ တို့ဘုန်းဘုရား အောင်ခဲ့တာ။

(အောင်ခဲ့တာ၊ အောင်ခဲ့တာ)



အာဠဝကဘီလူးသည် သူ၏ အထက်မြက်ဆုံး ဘွဲ့ဖြူလက်နက်ဖြင့်

ဘုရားအား ပစ်ခတ်နေပုံ

# အာဠာဝကဘီလူးကို အောင်မြင်ခြင်း

## ( ၁ )

အာဠဝီဘုရင်က တောကစားထွက်ရန် ပြင်ဆင်ခိုင်းလိုက်သည်နှင့်ပင် တောဝါသနာ ထုံကြသော မှူးမတ်အပေါင်းတို့ အားလုံး အသင့်ဖြစ်အောင် ဆောင်ရွက်ပြီး ဖြစ်နေသည်။

တောကစား ထွက်ခြင်းမှာ ရှေးသုံးထီးသုံးဆန်၍ အဓိပ္ပာယ်တိမ်မြုပ်သယောင် ရှိသည်။ ခေတ်စကားဖြင့် ဆိုပါမူ တောလိုက်ခြင်းပင် ဖြစ်သည်။ ကျန်းမာရေး ရှုထောင့်နှင့် စစ်ရေးရှုထောင့်က ကြည့်ပါမူ ပိုမို အဆင့်မြင့်လာပါမည်။ တောကစား ထွက်ခြင်းသည် စိတ်ကို ရွှင်လန်းစေသည်။ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေသည်။ ပြေးရ လွှားရနှင့် ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှားရသည် မဟုတ်ပါလော။ ကျန်းမာရေးဟူသည်မှာလည်း တကယ်ကို ကြမ်းကြမ်းတမ်းတမ်း အပန်းခံလုပ်ယူပါမှ မာရေကျောရေ ရှိတတ်ပေသည်။ နုံနုလေးနေ ရွရွလေး ထိုင်နေယင် လေတိုးရုံနှင့်ပင် လဲသွားနိုင်ပေမည်။

ဤအမူအရာသည် မိန်းမသူတို့အတွက် လိုအပ်မည် မှန်သော်လည်း ယောကျ်ားသားတို့ အတွက်ကား မလိုအပ်ပေ။ ယောကျ်ားဟူသည်မှာကျားကျားလျားလျားဘာမထီစိတ်ဓာတ်ရှိဖို့ လိုအပ်ပေသည်။ ဤစိတ်ဓာတ်ကို တောကစားထွက်ယင်း မွေးမြူ၍ ယူရ၏။ ယင်းကြောင့်လည်း ရာဇနီတိကျမ်းတွင်—

''အကြင်မင်းသည် လေ့ကျင့်မှု ရစေရန်နှင့် သူခိုးဒမြများ မထကြွစေရန် ခုနစ်ရက် တပတ်လျှင် တကြိမ်ကျ တောကစား ထွက်ရမည်'' ဟု ညွှန်ပြထားသည်။ (တဖန်တောကစားထွက်ခြင်းသည် စစ်သွေး စစ်မာန်အား မွေးခြင်းလည်း ဖြစ်နိုင်ပြန်သည်။ ယင်းကြောင့် တိုင်းတပါးက လာရောက် မနှောင့်ယှက်စေရန် တောကစား ထွက်ရမည်ဟု ညွှန်ကြားထားခြင်း ဖြစ်သည်။)

အာဠဝီမင်းသည် ဟင်းကောင်းဟင်းလျာစားသောက်ရေး၌ လော်လီသည် မဟုတ်ပေ။ သို့ရာတွင် သမင်တောထွက်ပြီး သမင်များ ရလာပြီဆိုလျှင် ချေးနှင့် ရင်းခဲ့ရ၍ပေလော မပြောတတ်။ တမြုံ့မြုံ့စားနေရသည်ကို အကျေနပ်ကြီး ကျေနပ်နေတတ်ပေသည်။

ယနေ့ တောကစားထွက်ရာတွင် ဘုရင်သည် ခါတိုင်းနှင့် မတူသော ဥပဒေတခု ပညတ်လာသည်။ သားကောင် ကိုယ့်ဘက်က ထွက်ပြေးလျှင် ကိုယ့်ဘာသာ အမိ ဖမ်း ရ မည်။ ဤပညတ်ချက်မှာ ယခင်က မရှိစဖူးချေ။ သို့ရာတွင် မှူးမတ်တို့က အထူးမလျှောက်ထားကြ။ တောကစားယင်းသာ ကျင့်ရမည် ဖြစ်၍ တပြည်လုံးနှင့် မဆိုင်ပေ။

မြို့အရှေ့ဘက်ရှိ သမင်တောရောက်လျှင်ပင် သားကောင် ခြောက်သူများမှာ အလျှိုလျှိုကွယ်ပျောက်သွားပြီးသားကောင်

ခြောက်ကြသည်။ ပိုက်ကိုတိုးလျှင်လည်း အသာဖမ်းယူရုံသာ၊ လွှင်ပြင်ထွက်လာလျှင်လည်း ဝိုင်းလိုက်၍ အမိဖမ်းရုံသာဖြစ်သည်။ အဲတခုတော့ရှိသည်၊ မိမိတို့ဘက်ကထွက်လျှင်မူ အမိန့်အတိုင်း လိုက်ပေတော့ တဦးတည်း။ ဒါကပူပူနွေးနွေး အမိန့်ဖြစ်သည်။

တောခြောက်သမားများက သားကောင်တွေ့၍ ခြောက်လှန့်ကြသည်။ သားကောင်ကလည်း ကြောက်ကြောက်လန့်လန့်နှင့် ပိုက်ဆီသို့ တည့်တည့်ပြေးသွားသည်။ သို့ရာတွင် သားကောင်တို့အနံ့ခံ ငွမ်းနည်းဖြင့် ပိုက်ရှိမှန်း သိသွားသည်။ ယင်းကြောင့် နောက်ပြန်လှည့်ပြီး လူအုပ်ထဲမှ တိုးထွက်သွားသည်။ ပြေးမည့်ပြေးတော့လည်း ဘုရင်အာဋဝီဘက်က တိုးထွက်ပြေးသွားခြင်းဖြစ်သည်။ ကဲ-ယနေ့ ဥပဒေသစ်ကို ဘုရင်ပဲထုတ်ခဲ့သည်။ ယခုထိုဥပဒေနှင့်အညီ ဘုရင်လိုက်ရပေပြီ၊ အာဋဝီမင်းက သစ္စာတော့အရှိသားပဲ၊ ဤနေရာ၌ ပဒေသရာဇ်အာဏာကို မသုံးစွဲ။ ဥပဒေကို တပြေးတည်းသာ ကျင့်သုံးသည်။ သူ့ဥပဒေကို သူကစပြီးလိုက်နာသည်။ မည်မျှမှတ်ဖွယ်ကောင်းသနည်း။ နှောင်းလူတို့အတွက် သင်ခန်းစာတရပ်ပင် မဟုတ်ပါလော။

လိုက်ယင်းလိုက်ယင်းနဲ့ အာဋဝီမင်းသည် အဖော်များနှင့်ကွဲခဲ့ရပါပြီ၊သမင်ကလည်း အသက်ဘေးနှင့်ဆိုတော့ ပြေးပါဘိ။ မြန်ပါဘိ၊ ကြောက်ရှာသည်ကို၊ သို့ပေမယ့် မလွတ်ပါ၊ အာဋဝီဘုရင်ကလည်း ကျန်းမာတောင့်တင်းသူဖြစ်ရာမောပင်မောသော်လည်းအမောစေသည်။ သက်လုံကောင်းသည်၊ ပြေး၍မလွတ်ပြီ။

သမင်ကိုမူမိပြီ။ အဖော်များနှင့်ကား ဝေးခဲ့လေပြီ၊ အာဋဝီသည် သမင်သားပါမလာလျှင် သမင်မရဟု အထင်ရှိပြီး ပြက်ရယ်

ပြုကြမည်စိုးသည်။ သို့နှင့် သမင်ကို နှစ်ပိုင်းပိုင်းပြီး ထမ်းလာခဲ့သည်။ တောင်မြောက်လေးပါးကိုတော့ မျှော်ကြည့်မိသည်။ ရံရွေတော်များ တဦးတလေ ပါလေမလားဟု အထင်ရှိမိသည်။ သို့ရာတွင် ထားခဲ့သည့်စကားက ဥပဒေဆန်နေသဖြင့် တဦးမှ မပါလာ။ ကိုယ့်တာကထွက်၍ ကိုယ်တဦးတည်းသာ လိုက်ခဲ့ရသည်။ ကိုယ်လက်ကလည်းပန်း စိတ်ကလည်းနွမ်းလာသဖြင့် အာဠဝီခမျာ အပန်းဖြေချင်လာသည်။ ခေတ္တပဲဖြစ်ဖြစ် အနားယူအားဖြည့်လိုက်ချင်သည်။ သမင်သားကို ထမ်းခဲ့ရသည်၊ ဝန်ထုပ်ကလည်း လေးပါဘိ။ သို့နှင့် အရိပ်ကောင်းသည့် ပြည်ညောင်ညိုအုပ် ဆိုင်းဆိုင်းအောက်သို့ ဝင်မိသည်။ ချောမွေ့ညီညာသော ညောင်မြစ်တခုပေါ် ခေါင်းချ၍ လှဲမည်ပြုစဉ် စိမ်းရွှေရွှေအနံ့က နံလာသည်။ ထိုအခါ အိပ်ချင်စိတ်လည်းပျောက်၊ ပင်ပန်းစိတ်လည်း ပြေသွားပေပြီ။ တဖြည်းဖြည်း ကြောက်စိတ်တို့က ကြီးစိုးလာသည်။ ပါလာသည့် သန်လျက်ဓားကိုပင် မြဲမြဲမကိုင်နိုင်တော့၊ စူးစူးဝါးဝါးအနံ့နံပြီး ကြီးမားထွားကျိုင်းသော ဘီလူးကြီးတကောင်က 'ဘွား'ကနဲ ပေါ်ပေါက်လာသည်။ အာဠဝီခမျာ 'အား'ကနဲအော်ပြီး လန့်သွားသည်။

"သင့်ကို ငါစားမယ်"

ဘီလူးဆိုသည်ကို ပုံပြင်ထဲမှာသာ ကြားဖူးခဲ့သော ဘုရင်အာဠဝီအဖို့ ယခုလက်ငင်း တွေ့ရသောအခါ ကြောက်စိတ်များ လွှမ်းမိုး ဖိစီးပြီး ထွက်ပေါက်ပင် မကြံတတ်တော့။ ယခုဘီလူးက သူ့ လက်မောင်းအား ဆွဲကိုင်နေပါပြီ။

"အသင် ဘီလူး၊ ယခု ငါ့ကို လွှတ်ပါ၊ နေ့တိုင်း လူတယောက်ကို ထမင်းတထုပ်နှင့် ပို့ပေးပါမယ်"

"အသင်တို့ မင်းဆိုတာ ကိစ္စထွေပြားလှတယ်။ မေ့သွားမယ်ဆိုယင် သင့်ကိုလဲ လက်လွှတ်ရမယ်၊ နောက်လာမယ့် အစာကလဲ မသေချာနဲ့ နှစ်ဘက် ဆုံးရှုံးရပါမယ်"

"မပိုဖြစ်တဲ့နေ့မှာ ကျွန်ုပ်ကို လာစားလှည့်ပါ"

"ကောင်းပြီး သင့်ကိုအခု ချမ်းသာပေးမယ်"

အာဠဝိ ဘုရင် လွှတ်လိုလာခဲ့ရပါပြီ၊ သို့သော် မပျော်ရွှင်နိုင်တော့ပေ။

သစ်ခက် တနန်းထိုးထားသော နေရာတွင် ရံရွေတော် မင်းချင်းတို့က အသင့် စောင့်ကြိုနေကြသည်။ သမင်ကို ဝိုင်းပြီး သယ်ယူကြသည်။ အမတ်တဦးက ခရီးဦးကြိုဆိုယင်း လျှောက်လာသည်။

"အသင်မင်းကြီး အဖော်များနဲ့ ခေတ္တ ကွဲရရုံလေး ရှိပါတယ်။ သိပ်ပြီး စိတ် ပင်ပန်းခဲ့ရပါသလား" တဲ့။ အကြောင်းမသိရှိသော ဤမျှ မေးပေသည်။ အကြောင်းသာ သိယင်ဖြင့်သည်အမတ်အား ဘီလူးစာသာ ကျွေးပစ်လိုက်ချင်တော့သည်။ သို့ရာတွင် ဘာမှ တစုံတခု မမိန့်ကြားမိခဲ့။ ဖြစ်သမျှ အကြောင်းအကောင်းချည်း မှတ်ရမည်ဟု ကိုယ့်စိတ်ကို အားပေးယင်းဖြေခဲ့ရသည်။ နန်းတော်ရောက်မှ ဤကိစ္စကို ပြည်ထဲရေးအမတ်ကြီးနှင့် တိုင်ပင်ရမည်ဟုလည်း ကြံစည်စိတ်ကူးထားသည်။

ပြည်ထဲရေး အမတ်ကြီးကမူအကင်းပါးစွာဖြင့်မေးလျှောက်ပါသည်။ 'ဘီလူးနှင့်စကားပြောစဉ်က ရက်အပိုင်းအခြားပါခဲ့ပါသလား' တဲ့၊ ဘယ်သံတမန်သုံး စကားတွေ ယဉ်ကျေးစွာ ပြောနိုင်လိမ့်မတုန်း၊ ကိုယ့်လက်ကို ဆွဲပြီး စားတော့မည် ဝါးတော့မည် တကဲကဲ လုပ်နေတဲ့ ဘီလူးရှေ့မှာ ဘာမှ ဟန်မဆောင်နိုင်

တော့။ ကိုယ့် အသက်လွှတ်ရေးသာ ကြံဖန် ပြောလာခဲ့ရသည် မဟုတ်ပါလော။

''အသင်မင်းကြီးကား မကောင်းသဖြင့် ဝန်ခံ ခဲ့လေပြီ''

''အမတ်ကြီး၊မှားခဲ့ပြီးကပဲ၊ မမှားသော ရှေ့နေသာမဟုတ်၊ မမှားသော မင်းဆိုတာလဲ မရှိပေဘူး၊ မင်းယောကျ်ားတို့ တတ်အပ်တဲ့ အဋ္ဌာရသ ပညာတွေ သင်ယူခဲ့ပေမယ့် တကယ့်အရေး တွင် အသုံးမပြုနိုင်ခဲ့၍မှားခဲ့ပါပြီ''

သို့ရာတွင် ပြည်ထဲရေးအမတ်ကြီးက 'စိတ်နှလုံးသက်သာစွာ နေပါ၊ ကြည့်စီစဉ်ပါမည်'ဟု ကျွန်ရင်း ပီသစွာလျှောက်ထား သည်။ သူ စီစဉ်ပုံက သဘာဝကျသည်ဟု ဆိုရပါမည်။ သေမိန့် ကျသူများအား တနေ့ တယောက်ကျ ထုတ်ပြီး ဘီလူးထံ 'ထမင်းပို့' ဟု ခိုင်းရုံပင်ဖြစ်သည်။ ယောင်ပေပေ သွားပို့ကြမည့် အကျဉ်းသားများအား 'မွန်းတည့်ချိန်' အခွင့်အရေးနှင့်အညီ ကုပ်ချီး ဖဲ့ရှဲပြီး စားပါလိမ့်မည်၊ သောက်ပါလိမ့်မည်၊ မျိုပါ လိမ့်မည်။

အာဠဝက ဘီလူးမှာ သူ့ ညောင်ပင် ရိပ်သို့ မွန်းစာည့်ချိန် ဝင်လာသူ မှန်သမျှအား စားပိုင်ခွင့် ရရှိထားသူ။ ယမန်နေ့က ဘုရင် ဝင်မိချိန်မှာလည်း ထိုအပိုင်း အခြား အရာင် ဖြစ်သည်။ လူတွင် စည်းရှိသလို ဘီလူး တွင်လည်း စည်းရှိရသည်လေ၊ အရမ်းကာရော မြင်မြင်တကာ လိုက်စား၍မရ။ကိုယ်ထက်တန်ခိုး ကြီးသော နတ်ကြီးများလည်း ရှိသေးသည် မဟုတ်ပါလော။

ပြည်ထဲရေးအမတ်ကြီး၏ ဆောင်ရွက်ချက်ဖြင့်ဘုရင့်ကိုယ်စား ဘီလူးစာ ဖြစ်ရသူများမှာ ၁၂ နှစ်အတွင်း နေ့စဉ် ကျွေးရသည် ဆိုတော့ မည်မျှရှိမည်နည်း။ စုစုပေါင်း ၄၃၂၀ ယောက်ဆို

တော့ မနည်းပါကလား၊ ဘီလူးအစာမှ ကြေပါ့မလားဟု တွေးစရာရှိ၏။ မတွေးလင့်။ ဘီလူး၏ တန်ခိုး အာနုဘော်ကြောင့် လူတကိုယ်လုံး နှိခဲ၊ထောပတ်ခဲပမာ ဖြစ်သွားသည်။ ဤနှုန်းဖြင့် ပို့ကျွေးရတော့ အကျဉ်းသမားများလည်း ကုန်ခဲ့လေပြီ၊ ရွှေထုပ် ငွေထုပ် ချပြီး သူခိုးထောင် ဖမ်းကြပါသေး၏။ ထို ပစ္စည်း ကောက်သူများအား 'ဘီလူးစာကျွေးသတဲ့' ဟူသော စကားက ပျံ့နှံ့နေသဖြင့် မည်သူမျှ ရွှေထုပ်မယူကြ၊ တိုင်းပြည်တွင် သူခိုး တော့ ငြိမ်ကျသွားခဲ့သည်။ တော်ပေမယ့် မခိုးကြ။ ခိုးလျှင်လည်း ဘီလူးစာ အကျွေးခံရမည် မဟုတ်ပါလား၊ ဟန်ဟန်သေး တော့၏။

အကျဉ်းသားမရ၍အမျိုးလေးပါးမှအဘိုးအိုတွေကိုအလှည့် ကျပို့ဖို့ စီစဉ်ကြသေး၏။ တိုင်းပြည် ချောက်ချား ကုန်မည်ဟု ဘုရင်က တားသဖြင့် မစီစဉ်ဖြစ်ခဲ့။ ထို့နောက် အဖေအမေ မခေါ်တတ်သေးသော ကလေးများအား ဘီလူးစာ ကျွေးရန် ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်ချက်မှာ လူသတ် စီမံကိန်းလို ဖြစ်နေ၍ သားသည်မိခင်များ ပြေးရပြန်သည်။ ကိုယ်ဝန်ဆောင် မိခင်လောင်းများလည်း ပြေးရသည်။ ကလေးအရွယ်ရောက်လို့ သိတတ်မှ ပြန်လာနိုင်ကြသည်။ ဤနည်းနှင့် ၁၂ နှစ်ကြာခဲ့ရ ပါပြီ။ ဤမျှကြာတော့ ကလေးများ မရှိတော့ပြီ။ ဘုရင့်သား လေးပဲ ရှိတော့သည်။ ဘုရင်က မတတ်သာ၍ သူ့သားကိုပင် ဘီလူးစာအတွက် ခွင့်ပြုလိုက်ရသည်။ သားကလေးက ဖြူဖြူဖွေး ဖွေး ချစ်စရာလေး။ အထိန်းတော်တွေ လက်က မချချင်အောင် ချစ်ကြသည့် သားကလေး။ ယခုဘီလူးစာ ကျွေးရန် ပို့ရရှာပြီ။ မိခင်ကမူ သည်းအူပြတ်မျှ ခံစားရပြီး မြေပြင်တွင် လူးလိမ့်နေ

ရှာပြီ။ သနား၍ မကြည့်နိုင်သဖြင့် မျက်ကွယ်ပြုခဲ့ရသည်။ ဘုရင်လည်း မတတ်နိုင်။ "အတ္တသမံ ပေမံ နတ္ထိ" ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံးမို့လား။

( ၂ )

မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ၁၅ ဝါမြောက် ဆိုတော်မူသည်။ ဝါကျွတ်လျှင် အာဠဝီပြည်ကို ကြွတော်မူသည်။

ကျွတ်ထိုက်သသူ များဗိုလ်လူတို့အား ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် ကြည့်ရှုတော်မူရာ လူသားစား အာဠဝက ဘီလူးကြီးအားလည်းကောင်း၊ အာဠဝီ ဘုရင်၏ သားတော် ကလေးအားလည်းကောင်း တရားထူးရပြီး အကျိုးရှိမည်ကို မြင်တော်မူသည်။ ယင်းကြောင့် မွန်းလွဲချိန်တွင် ရဟန်းတော်များအား ဩဝါဒတရား ဟောကြားပြီး အဖော်မပါတပါးတည်း သပိတ်လွယ်ကာ ကြွတော်မူသည်။ သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှ အာဠဝီပြည် အာဠာဝကဗိမာန်သို့ ကြွရသည်မှာ ယူဇနာ ၃၀ မျှ ဝေးပါသည်။

အာဠာဝက ဗိမာန်သို့ရောက်လျှင် ဂဒြဘ အမည်ရှိ တံခါးစောင့်ကို အလျင်တွေ့ရသည်။ အာဠာဝကဘီလူးမှာ ဟိမဝန္တာ နတ်အစည်း အဝေးသို့ တက်ရောက်နေသည်။ ဗုဒ္ဓက ဂဒြဘထံ ပန်ကြားပြီး ဗိမာန်တွင်းသို့ ဝင်သည်။ ဂဒြဘခမျာ သူ့ဆရာ အာဠာဝကထံသို့ အကျိုးအကြောင်း သွားပြောရသေး၏။ ဘီလူးကား စိတ်ဆိုး အမျက်ထွက်လေပြီ။ ယမ်းပုံမီးကျပမာ

ဝန်းဒိုင်းနှင့် ပေါက်ကွဲလိုက်ချင်သည်။ သို့သော် မဖြစ်သေး။ ရှက်ဖွယ်ကောင်းပါဘိ။ "တိုးတိုး ပြောပါ ဂဒြဘ‌ရဲ၊ ဘေးက နတ်တွေကြားလို့ အရှက်ကွဲ နေပါမယ်"ဟုပင် တားခဲ့ရသေး သည်။

ဗိမာန်ရောက်တော့လားလား အာဋ္ဌာဝက ပရိသတ်တွေက ဝိုင်းဝိုင်းလည်လို့ သာတာဂီရိနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ တောင် ရောက်နေပါလား။ ထိုနတ်နှစ်ပါးမှာ ဘုရားဒါယကာ နတ်သားတွေ ဖြစ်သည်။ သို့ဖြစ်၍လည်း သူတို့က ဗုဒ္ဓဂုဏ်တော် တွေ ပြောပြောပြီး အာဋ္ဌာဝကအား သိမ်းသွင်း ကြ၏။ သို့ရာတွင် ဒေါသမူ ပွားနေသော အာဋ္ဌာဝကသည် "ဘုရား ဆိုတာ ဘယ်သူတဲ့လဲ၊ ဗိမာန်ထဲက ပုဂ္ဂိုလ်ဟာ ဘုရားဆိုသူ တဲ့လား"ဟု မနှစ်မြို့ဟန် မေးငေါ့ တုံ့ပြန်ခဲ့သည်။ စင်စစ် အာဋ္ဌာဝကသည် ဒေါသကြီးလှသဖြင့် အံ့ဖွယ် ဂုဏ်ထူးနှင့် ပြည့်စုံသော ဘုရားပွင့်သည်ကိုပင် မသိနိုင် ဖြစ်နေပေသည်။ အာဋ္ဌာဝကသည် ဆေးဒန်း မြင်းသီလာတောင်နှင့် ကေလာသ တောင် ၂ လုံးပေါ်ကို ခြေတဘက်စီကားပြီး တင်လိုက်သည်။ တောင်ပေါ်မှ မီးပွင့်များ ကျလာသည်မှာ ကြောက်ဖွယ်လိလိ ရှိပါဘိ။ ထိုထက်ပိုမို ဆိုးရွားသည်မှာ "ငါဟဲ့ အာဋ္ဌာဝကတဲ့ ဟေ့"ဟူသော အော်သံကြီးပင် ဖြစ်သည်။ ထိုအသံဆိုးကြီး သည် ဇမ္ဗူဒီပါ တကျွန်းလုံးပင် နှံ့သွားသည်ဟု ဆို၏။ မည်မျှ ကြီးကျယ်ဘိသနည်း။

အာဋ္ဌာဝကသည် ကြောက်မက်ဖွယ်ရာ လေမုန်တိုင်းကြီး များဖြင့် တိုက်ခတ်လွှတ်လိုက်သည်။ ဗုဒ္ဓမှာ မတုန်လှုပ်၊ သို့ရာ

တွင် အဟုန်ပြင်းထန်လှသဖြင့် အာဋ္ဌဝီပြည်က ဆင်တင်းကုပ်များ၊ အိမ်အမိုးများမှာ ဖရိုဖရဲ ပျက်စီးလွင့်ပါကုန်သည်။

‘ဗုဒ္ဓရှင်တော်မြတ်သည် မည်သူ တဦးတယောက်မျှ မထိခိုက်ပါစေသတည်း’ဟု မဟာ ကရုဏာတော်ဖြင့် ဓိဋ္ဌာန်လိုက်သည်။

အာဋ္ဌာဝကသည် လေလှိုင်းစစ်ဆင်ရေးဖြင့် မနိုင်သဖြင့် ရေလှိုင်းစစ်ဆင်ရေးဖြင့် တိုက်ပွဲဝင်ပြန်သည်။ သို့ရာတွင် ဘုရားသင်္ကန်းကိုပင် မစိုနိုင်။ ထို့နောက် ကျောက်ခဲမိုး ရွာချပြန်သည်။ ဘုရားရှေ့ရောက်လျှင် ပန်းပွင့်လေးများ ဖြစ်ကုန်သည်။ အာဋ္ဌာဝကသည် အငြိုးကြီးလှချေ၏။ ယခုအခါ မီးကျည်ခဲ မိုးရွာပြန်သည်။ ပြာပူမိုး၊ သဲပူမိုး၊ ရွှံ့ပုပ်မိုးများကို အလဲအလှယ်နှင့် ရွာသွန်းတိုက်ခိုက်နေသည်။ သို့ရာတွင် ဘုရားရှေ့တော်သို့ ရောက်လျှင် လက်နက်အသွင်ပျောက်ပြီး ပန်းပေါက်ပေါက် ကလေးများပမာ ဖြစ်သွားရရှာသည်။ တစုံတခုမှ ဘုရားအား မထိခိုက်နိုင်ကြပေ။

၁။ လကွယ်အမှောင်
၂။ သန်းခေါင်အမှောင်
၃။ တောအုပ်အမှောင်
၄။ မိုးအမှောင်

ဤအမှောင်လေးပါးကို တပြိုင်နက် ကျရောက်အောင် ဖန်ဆင်းထားလိုက်သည်။ ဗုဒ္ဓရှေ့တော်တွင်မူ နေမင်းကို ဖုံးလွှမ်းသွားနိုင်သော ရောမ အလင်းတန်းကြီး ဖြစ်သွားသည်။ အာဋ္ဌာဝက၏ လုပ်ရပ်တွေ မှားနေပြီ။ စကတည်းကပင် မှားလာခဲ့

သော သူ့လမ်းစဉ်ကို အကောင်းထင်ကာ ဆက်လက် ချီတက် နေပြန်လေပြီ။ စစ်အင်္ဂါလေးပါးရှိသော ဘီလူးစစ်တပ်ကြီးဖြင့် တိုက်ပွဲဝင်ပြန်သည်။ "ဖမ်းကြလော ဆီးကြလော" မည်မျှ ပင် ပြင်းထန်စွာ အော်ဟစ်နေသော်လည်း ရဲရဲပူနေသော သံတွေ ခဲကို မှုတ်ခြင် ယင်မနား နိုင်သကဲ့သို့ ဘုရားအနားကိုပင် မကပ် နိုင်သေးပေ။

အာဠဝကမှာဆင်မင်းကြီးနားကဆင်ပေါက်စလေးသဖွယ် သေးငယ်လွန်းလှသည်။ ငင်စင်အားဖြင့်မူ လည်ဆံမွေး တဖွားဖွားနှင့် အားမာန်အပြည့်ပါသော ခြင်္သေ့ကြီးနားက မြေခွေး အိုနှင့်ပင် တူနေတော့သည်။ ယူဇနာ ၅၀ ရှိသော ဂဠုန်မင်း ကြီးနားက အတောင်ကျိုးသော ကျီးကန်းငှက်နှင့်လည်း တူပြန် လေသည်။ ဤမျှအထိ ကွာခြားလှပါဘိသည်။ ထိုသို့ပမာဏချင်း ကွာခြားလျက် စစ်ပြိုင်နေသည်မှာ အာဠဝက မိုက်လှသည် မဟုတ်ပါလော။ ယခု သူ၏ နောက်ဆုံးလက်နက်ကို ပစ်လွှတ်ရန် နေရာယူနေသည်။ ထိုလက်နက်မှာ အခြား တန်ခိုးကြီး နတ်မင်း များ၊ ယမမင်းများ၏ လက်နက်လိုပင် အစွမ်းထက်လှသည်။

၁။ သိကြားမင်းတွင် ဝရဇိန်(စိန်သွား)လက်နက်ရှိသည်။ မြင်းမိုရ်တောင်ကိုပစ်ခတ်လိုက်လျှင် ယူဇနာပေါင်း ၁၆၈,၀၀၀ နက်သော ကျင်းကြီး ဖြစ်သွားနိုင်သည်။

၂။ ဝေဿဝဏ် နတ်မင်းကြီးတွင် ဂဒါဝုဓခေါ် သံတင်း ပုတ် လက်နက်ဆန်းကြီး ရှိသည်။ တကြိမ်ပစ်ခတ်ရုံနှင့်ပင် ဘီလူးတထောင်၏ ခေါင်းတွေ တိကနဲ တိကနဲ ပြတ်သွားစေ နိုင်သည်။

၃။ ယမမင်းတွင် နယနာဝုဓေါ် မျက်စိလက်နက်ရှိသည်။ အမျက်ဒေါသ ထွက်၍ ကြည့်လိုက်လျှင် ကုဋေ တထောင် ခဏချင်း လွင့်စဉ် သေပျက်သွားနိုင်သည်။

၄။ အာဠဝက ဘီလူးကြီးတွင် ဒုဿာဝုဓေါ် ဘွဲ့ဖြူလက် နက်ဆန်းရှိသည်။ မြေပေါ် ပစ်ချလျှင် ၁၂ နှစ်ကြာ မြက် မပေါက်နိုင်။ အခြားအပင်ကားဆိုဖွယ်ရာမရှိပြီ။ ကောင်းကင်သို့ ပစ်လွှတ်လျှင် ၁၂ နှစ်တိုင်တိုင် မိုးရေတစက်မျှ မရွာနိုင်တော့၊ သမုဒ္ဒရာထဲ ပစ်လွှတ်လျှင်မူရှိသမျှရေများ ဆူပွက်ပြီးခမ်းခြောက် သွားနိုင်သည်။ ဤမျှ အစွမ်းထက်သော လက်နက်ဖြင့် ဘုရား အား ပစ်ခတ်လိုက်လေသည်။ ကြောက်မက်ဘွယ် အသံနက်ကြီး များ မြည်ဟည်းပြီးရဲရဲပူလောင်သော အခိုးအလျှံများ ဖြစ်သွား ကြသည်။ မြတ်စွာဘုရား ရှေ့တော်မှောက်တွင်မူ ဘွဲ့ဖြူလက်နက် သည် ခြေသုတ်ပုဆိုးပမာ ပြန့်ပြန့်ရှုံ့ရှုံ့လေး ဝပ်စင်းနေရှာ လေသည်။

အာဠဝကသည် ဘုရားအား တုဖက်ပြိုင်လိုသည်။ သို့ရာ တွင် မမျှတ။ နွားလားဥဿဘကြီးနားက နွားပေါက်စနှင့်သာ တူနေသည်။ ထိုမျှအထိ ပမာဏချင်း ကွာခြားလှပေသည်။ အာဠဝကသည် စစ်တိုက်၍ မနိုင်မှန်းသိသဖြင့် ယခုအခါ အနုနည်းဖြင့် ညှဉ်းဆဲပြန်လေသည်။

'အို–အရှင်ဂေါတမ၊ အကျွန်ုပ် ဗိမာန်ရှင် ခွင့်မပေးပဲ ဘာကြောင့် ဝင်ထိုင်နေရပါသလဲ၊ ယောကျ်ားတွေ ကာမ ဂုဏ်ခံစားသလို မိန်းမများရဲ့ ဝိုင်းဝိုင်းလည် ခစားနေတာဟာ မတော်ပါဘူး၊ ကာမဂုဏ်ကိုခိုးယူသူနှင့်တူလှပါတယ်၊ အကျွန်ုပ်ရဲ့ မိန်းမအခြွေအရံတွေနဲ့ ထွေးရောယှက်တင်နေတာဟာလဲ ရဟန်း

ကောင်းဆိုယင် ရှက်သင့်ပါတယ်၊ မလျှော်ပါဘူးအရှင်ဂေါတမ ထွက်ပေးပါ'

ဗုဒ္ဓက ထွက်ပေးလိုက်သည်။ အာဠဝကအား အနုနည်းဖြင့် ခြေချွတ်ရမည်ကို မြင်တော်မူ၍ ထွက်ပေးလိုက်သည်။ သို့ရာတွင် အာဠဝက က ''ဝင်စမ်းပါဦး''ဟု ဆိုပြန်သည်။ ပြီးလျှင် 'ထွက်ပါဦး'ဟု ဆိုပြန်သည်။ သုံးကြိမ် ဗုဒ္ဓအား ဝင်ပါ ထွက်ပါနှင့် ခိုင်းနေသည်။ အာဠဝက၏ အတွင်းစိတ် အကြံမှာ ယုတ်မာဆိုးရွားလှ၏။ ဤနည်းဖြင့် ဗုဒ္ဓအား တညလုံး ပင်ပန်းအောင် ခိုင်းပြီး နွမ်းနယ်လာတော့မှ ခြေနှစ်ချောင်းကိုင်ပြီး လွှတ်ပစ်မည် ကြံထားလေသည်။ သို့ရာတွင် လေးကြိမ်မြောက် ''ထွက်ပါဦး''ဟု ဆိုလျှင် 'ငါမထွက်တော့ပြီ၊ သင်ပြုလိုရာပြုလော'ဟု မိန့်တော်မူလိုက်သည်။ ထိုအခါ အာဠဝကသည် ပြဿနာမေး၍ ညှဉ်းဆဲရန်အတွက် ပြဿနာကို တင်လာလေသည်။

(၃)

'အမြတ်ဆုံး ဥစ္စာဟူသည် အဘယ်ပါနည်း၊ ချမ်းသာမှုကို မည်သည့်အရာက ပေးသနည်း၊ အကောင်းဟူသည် အဘယ်နည်း၊ မှန်ကန်သော အသက်မွေးမှုကား အဘယ်နည်း'

အို-အာဠဝက နားထောင်လော၊ ရတနာသုံးပါး၌ ယုံကြည်မှုသည် အမြတ်ဆုံးဥစ္စာတည်း၊ ကုသိုလ်ကမ္မပထတရားသည် ချမ်းသာကိုပေး၏။ မှန်ကန်စွာပြောဆိုမှု သစ္စာတရား

သည် အရသာအရှိဆုံးတည်း၊ ကောင်းသော အသက်မွေးမှုကား ပညာတည်း။

ယုံကြည်မှု သဒ္ဓါတရားဖြင့် ဩဃဝဲသြဃကို ကူးမြောက်နိုင်၏။ မမေ့သော သတိတရားဖြင့် ဘဝသံသရာ မြစ်ပြင်ကို ကူးနိုင်သည်။ ဝီရိယနှင့် တရားရှုမှတ်လျှင် ဆင်းရဲမှ လွတ်မြောက်၏။ အရဟတ္တ မဂ်ဉာဏ်ပညာကိုရအောင် ပြုနိုင်လျှင် ကိလေသာ ခပ်သိမ်းချုပ်ငြိမ်း၍ ဖြူစင်အောင်မြင်နိုင်၏။ မမေ့လျော့သော သတိတရားဖြင့် ဗောဓိပက္ခိယတရား (၃၇)ပါးကို ပွားများလျှင် ရဟန္တာဖြစ်နိုင်၏။ ပစ္စေကဗုဒ္ဓါလည်း ဖြစ်နိုင်သည်။

စောလှသေးသည်၊ မိုးချုပ်နေပြီ၊ ပူနေသည်၊ အေးလှသည်၊ ဆာလှသည်၊ ဗိုက်ပြည့်နေသည်'' ဤအပျင်း ၆-ပါးမျိုးဖြင့် မပျင်းပဲ ရနိုင်သော နည်းလမ်းဖြင့် ဥစ္စာရှာလျှင် လောကီ လောကုတ်တိုးပွားချမ်းသာမည်၊ထိုမှတပါး မှတ်သားဦးလော။ မှန်မှန်ပြောခြင်းသည် ကျော်စောထင်ရှားဖို့ဖြစ်၏။ ပေးကမ်း လှူဒါန်းမှုသည် မိတ်ဆွေတိုးပွားဖို့ဖြစ်၏။ သစ္စာတရားရှိခြင်း၊ ခိုင်မြဲသော ဝီရိယရှိခြင်း။ ဤတရားများသည် မျက်မှောက် မျက်ကွယ် လောက ၂ပါးစလုံးမှာပင် ချမ်းသာဖို့ဖြစ်ပေတည်း။

မြင်စွာဘုရား တရားဟောနေဆဲမှာပင် အာဠဝကဘီလူး ထံသို့ ကလေးတယောက်ကိုပွေ့ကာ လူများရောက်လာကြသည်။ သူတို့သည် ဘုရားရှိမှန်း သိပြီးဖြစ်၍ မကြောက်ကြ၊ ဘီလူးစားဖို့ ကလေးလာပို့ခြင်း ဖြစ်ကြောင်း ပြောပြီး အာဠ ဝကထံ ပေးလိုက်သည်။ အာဠဝကမှာ ဗုဒ္ဓ၏ တရားတော်ကြောင့် သောတာပန်အရိယာပင် ဖြစ်ခဲ့ပြီးလေပြီ၊ ဤကလေး အား ဘယ့်နှယ်လုပ်စားရက်ပါ့မည်နည်း။

"မြတ်စွာဘုရား ဤကလေးငယ်ကိုတပည့်တော်စားဖို့ လာပို့ကြတာပါဘုရား၊ မြတ်စွာဘုရားအား လှူဒါ၏။ အလှူခံတော်မူပါဘုရား"

ဗုဒ္ဓသည် ထိုကလေးငယ်အား အလှူခံပြီး မင်းချင်းတို့ထံ ပြန်ပေးလိုက်သည်။ ထို့နောက် 'ဤသူငယ် အသက်ရှည်ပါစေ၊ အသင် အာဠာဝကလည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေ၊ သတ္တဝါတွေကို မညှဉ်းဆဲပဲ ချမ်းသာစွာ နေနိုင်ပါစေသတည်း'ဟု မိန့်တော်မူသည်။

ကလေးငယ်မှာ မင်းချင်းလက်မှ ဘီလူးလက်၊ ထိုမှတဖန် ဘုရားလက်၊ ထိုမှတဖန် မင်းချင်းတို့လက်သို့ အသီးအသီး လက်ပြောင်းလက်လွှဲများခဲ့သဖြင့် 'ဟတ္ထအာဠာဝက'ဟု အမည်ထူး တွင်ခဲ့လေသည်။

မင်းချင်းများ ရွှင်လန်းတက်ကြွစွာဖြင့် ပြန်သွားကြသည်။ လယ်သမား၊ ယာသမား၊ နွားကျောင်းသမားတို့က ဆီးမေးကြသည်။

"အာဠာဝက ဘီလူးက ငယ်လို့ မစားဘူးတဲ့လား"

"မဟုတ်ပါဘူး အမောင်တို့၊ ဘုရားဆုံးမလို့ ဘီလူးလိမ္မာသွားပါပြီ၊ ယနေ့ကစပြီး လူသား မစားတော့ပါဘူးဗျာ"

"သာဓု၊ သာဓု၊ သာဓုပါ မြတ်စွာဘုရား တန်ခိုးကြီးပါပေ၏"

အာဠာဝကသည် အကျွတ်တရား ရချိန်မှစပြီး မြတ်စွာဘုရား၏ ကျောင်းသားကြီး (ဘုန်းကြီးကျောင်းသား) ဖြစ်သွားပေသည်။ ဘုရားဆွမ်းခံကြွလျှင် လမ်းခရီးတဝက်အထိ သပိတ်သက်န်းများယူပြီး လိုက်ပို့ရသည်။ မြို့သူ မြို့သားတို့လည်း

ထိုအခါမှစပြီး အာဠဝကအတွက် ဗိမာန်တခု ဆောက်လုပ်ပေးလိုက်ကြသည်။ ဗလိနတ်စာလည်း ပူဇော်ပေးလှူကြသည်။

ဟတ္ထအာဠဝကမှာ နောင်ကြီးပြင်းသောအခါ၌ သာသနာတော်အား ပစ္စည်းလေးပါးလှူဒါန်းမှုတွင် အထက်သန်ဆုံးဖြစ်၍ ပစ္စည်းလေးပါး လှူဒါန်းမှု၌ ဧတဒဂ်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

ချင်းပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအပေါင်းတို့၊ ယခု အာဠဝက ဘီလူးရဲ့ အကြောင်းကို သိကြပြီနော်၊ ဗုဒ္ဓရှင်တော်မြတ်ရဲ့ တန်ခိုးတော်ကိုလဲ သိကြရပြီ၊ ဘီလူးနှင့်စပ်လို့ အခြားဘီလူးနှစ်ကောင်ကိုလဲ ပြောပြချင်ပါသေးတယ်၊ နားထောင်ကြနော်။

တခါတုန်းကပေါ့ကွယ်၊ ရာဇဂြိုဟ်ပြည်မှာ ထင်းခုတ်သမားတဦး ရှိသတဲ့၊ ထင်းရှာရ ခုတ်ရတာဟာ တောကိုသွားမှ ဖြစ်တယ်လေ၊ ဒါကြောင့် အဲဒီ ထင်းခုတ်သမားဟာ သူ့သားငယ်လေးကို ခေါ်ပြီး တောထဲကို ထင်းခုတ်ထွက်သွားပါတယ်၊ ထင်းတွေကို ရှာဖွေခုတ်တင်ယင်း မောင်းလာလိုက်တာ မြို့အဝင်ကသုဿန်နားကို ရောက်လာကြတယ်၊ အဲဒီအခါမှာ တနေ့လယ်လုံး မောပန်းလွန်းလို့ အစာရေစာ ဆာလောင်နေတဲ့ နွားနှစ်ကောင်ဟာ မြို့ထဲကို အတင်းရုန်းကန် ထွက်ပြေးသွားသတဲ့။

ဒါနဲ့ ထင်းခုတ်သမားကြီးလဲ နောက်ကလိုက်ပြီး မြို့ထဲဝင်ဖမ်းရတာပေါ့။ နွားနှစ်ကောင်တော့ မိပါရဲ့ကွယ်၊ သို့ပေမယ့် မြို့တံခါးကြီး ပိတ်သွားလို့ အပြင်ထွက်မရတော့ဘူး၊ ခက်ကပြီ အဖေတကွဲ သားတကွဲနဲ့ သားငယ်လေးဟာ လှည်းအောက်မှာပဲ သူ့ဖေဖေလာနိုး လာနိုးနဲ့ စောင့်ယင်း ထမင်းဆာဆာနဲ့ အိပ်ပျော်သွားရှာတယ်၊ ကလေးဆိုတော့ အပူအပင်ကလဲ မရှိဘူး

လေ၊ ခဏကလေးနဲ့ အိပ်ပျော်သွားတာပေါ့၊ ညဥ့်ကလဲ နက်သထက် နက်လာပြီ၊ မှောင်သထက် မှောင်လာပြီ၊ တောခွေးအူသံတွေ ညငှက် အော်မြည်သံတွေနဲ့ ကြောက်စရာ ကြီးပေါ့ကွယ်၊ ထိတ်လန့် အသည်းယယ်စရာကြီးပေါ့။ ဒါပေမယ့် ကလေးငယ်လေးကတော့ နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်နေရှာပါတယ်။

ဘီလူးနှစ်ကောင်ကလဲ အဲဒီအချိန်မှာ အစာရှာထွက်ယင်းနဲ့ ကလေးအိပ်တဲ့ နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လို့ လာတယ်ပေါ့၊ ကလေးငယ်ကတော့ မသိရှာသေးဘူး၊ အိပ်ပျော်ဆဲပါပဲ၊ အဲဒီ ဘီလူးနှစ်ကောင်ထဲမှာ တကောင်ကတော့ သူတော်ကောင်းစိတ် ရှိတယ်၊ အရမ်းကာရော လူမှန်သမျှ လိုက်ဖမ်းပြီး မစားဘူး၊ အထူးသဖြင့် ဘုရား၊ တရား၊ သံဃာ ကိုးကွယ်သူဆိုယင် ရှောင်တယ်၊ ရန်မပြုဘူးတဲ့၊ ကျန်တဲ့ ဘီလူးကတော့ ဗိုက်ဝယင်ပြီးရောဆိုပြီး တွေ့မြင်ရာရာကို စားတာပါပဲ၊ ဒါနဲ့ ကလေးနားမှာ ထိုင်ပြီး စားဖို့ ပြင်ကြတယ်၊ အစွယ်တဖွေးဖွေးနဲ့ပေါ့ကွယ်။

ဘီလူးဆိုးက ပြောတယ်၊ 'တို့ စားရအောင်တဲ့' ဘီလူးကောင်းက 'ဟာ မစားနဲ့ သူတော်ကောင်းလေးပါ'လို့ပြောတယ်၊ ဘီလူးဆိုးကတော့ မုတ်ဆိတ်ပျားစွဲတာမှ မစားယင် မိုက်ရာကျမှာပေါ့၊ ခုအစာလဲ ဆာနေပြီ၊ တွေ့လျက်နဲ့ မစားယင် မိုက်ရာကျတာပေါ့လို့ ပြောပြောဆိုဆို ကလေးငယ်ရဲ့ ခြေထောက်ကို ဆွဲလိုက်တာပေါ့ကွယ်၊ ဒီတော့ ကလေးငယ်က—

တပည့်တော်မှာ ဘုရားမှတပါး ကိုးကွယ်ရာမရှိပါဘုရား၊
တပည့်တော်မှာ တရားမှတပါး ကိုးကွယ်ရာမရှိပါဘုရား၊
တပည့်တော်မှာ သံဃာမှတပါး ကိုးကွယ်ရာမရှိပါဘုရား၊

ဗုဒ္ဓော မေသရဏံ အညံ နတ္ထိ။

ဓမ္မော မေသရဏံ အညံ နတ္ထိ။

သံဃော မေသရဏံ အညံ နတ္ထိ။

လို့ သူရွတ်ဆိုနေကျ ဂါထာလေးကို ရွတ်ဆိုလိုက်တယ်ကွဲ့။ ဘိလူးလဲ ကြောက်လန့်ပြီး လွှတ်ချလိုက်တယ်။ ဘိလူးဆိုတာ ဘုရားတရားသံဃာတော်တွေကို မြင်ယင်လဲကြောက်တယ်၊ ကြားယင်လဲ ကြောက်တယ်ကွဲ့၊ ဒါကြောင့် ကလေးကို ပြန်လွှတ်လိုက်ရတယ်၊ မစားရဲတော့ဘူးပေါ့။ ဒါနဲ့ စိတ်ကောင်းရှိတဲ့ ဘိလူးရဲ့အစီအစဉ်နဲ့ ဘုရင့်နန်းတော်ထဲက အမွှန်အမြတ် ပြင်ထားတဲ့ မနောလင်ဗန်းနဲ့ အစားအစာတွေကိုယူပြီး ကျွေးရတယ်၊ ကလေးရှေ့မှာ ကလေးရဲ့မိဘနှစ်ပါးအသွင်နဲ့ ဖန်ဆင်းပြီး ကျွေးရတယ်၊ ကလေးကတော့ သူ့ဖေဖေနဲ့ မေမေလာကျွေးတာပဲဆိုပြီး ဆာဆာနဲ့ စားတာပေါ့၊ စားပြီးပြန်အိပ်တယ်၊ ဘိလူးနှစ်ကောင်က ဆက်စောင့်ပေးတယ်၊ လင်ဗန်းမှာတော့ ကလေးရဲ့ အဖြစ်အပျက်ကို ဘိလူးနှစ်ကောင်က အက္ခရာစာရေးထားတယ်။

နံနက်မိုးလင်းတော့ နန်းတော်မှာ မနောရှေလင်ဗန်း ပျောက်တယ်ဆိုပြီး ကျွက်စီကျွက်စီနဲ့ သတင်းဆိုးကြီး ဖြစ်လို့ပေါ့၊ သူ့ထင်မလား၊ ငါ့ထင်မလားနဲ့ လူတိုင်းဟာ တထိတ်ထိတ်နဲ့ပေါ့ကွယ်၊ ဒါနဲ့ ရှာဖွေရေးအဖွဲ့တဖွဲ့က ကလေးဆီက တွေ့သွားတယ်၊ ကလေးကိုလဲ ဘုရင့်ရှေ့သွင်းခေါ်ပြီး မေးရတာပေါ့။

"ကျွန်တော့်ကို ဖေဖေနဲ့ မေမေကျွေးတာပါ၊ ကျွန်တော်လဲ စားပြီး အိပ်တာပဲဘုရား" လို့ ပြောလိုက်တယ်၊ ကလေးမိဘကလဲ မြို့တွင်းထဲမှာ အိပ်မှန်းစစ်ဆေးသိကြတော့ မကြံတတ်ကြဘူးပေါ့၊ အဲ- လင်ဗန်းမှာရေးထားတဲ့ စာဖတ်ရမှပဲ ကလေးငယ်ရဲ့ ဘုရားတရားသံဃာ ယုံကြည်မှုကြောင့် ဘီလူးနှစ်ကောင်က ယူကျွေးရခြင်းဖြစ်ကြောင်း သိရသတဲ့ကွယ်။ ဘီလူးကြောက်တဲ့ ဂါထာကတော့—

ဗုဒ္ဓေါ မေသရဏံ အညံ နတ္ထိ။
ဓမ္မော မေသရဏံ အညံ နတ္ထိ။
သံဃော မေသရဏံ အညံ နတ္ထိ။

## (၂) အာဠဝကကို အောင်မြင်ခြင်း

အာဠဝကဆိုတာ အလွန်ကြမ်းသကွယ့်၊ စိတ်ကြမ်း ကိုယ်ကြမ်းရမ်းလို့နေ။
မာန်နတ်ထက်ပင် စစ်အင်ကျင်းသကွယ့်၊ ရဲရဲတင်းတင်း တိုက်ခိုက်ပေ။
ဝင်ပါ ထွက်ပါ ဥာဏ်နက်သုံးလို့၊ ခက်ဆုံးပုစ္ဆာမေးပြန်သလေ။
ဗုဒ္ဓစိန္တေ ဟောဖြေပေးတော့၊ ယက္ခရင်အေး ချမ်းသာပေ။
(ချမ်းသာပေ၊ ချမ်းသာပေ)


တင်ထွန်း

ဆွမ်းခံကြွလာသော မြတ်စွာဘုရားအား

နာဋ္ဌာဂီရိ ဆင်မိုက်ကြီးက နင်းသတ်ရန် ပြေးလာပုံ

# နာဠာဂိရိဆင်ကို အောင်မြင်ခြင်း

## ( ၁ )

မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်တွင် ရဟန်း နှစ်သောင်းနှင့်အတူ ဒုတိယမြောက် ဝါဆိုစဉ်က သာကီဝင်မင်းသားများဖြစ်ကြသော ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ဘဂု၊ ကိမိလနှင့်ဒေဝဒတ္တတို့ ငါးဦး ရဟန်းပြုလာကြသည်။

ဘဒ္ဒိယမင်းသားမှ အရှင်ဘဒ္ဒိယဖြစ်လာသောမထေရ်မြတ်မှာ ၁-ပုဗ္ဗေနိဝါသဉာဏ်၊ ၂-ဒိဗ္ဗစက္ခုဉာဏ်၊ ၃-အာသဝက္ခယဉာဏ် ဤဉာဏ်အထူး သုံးပါးနှင့် ပြည့်စုံသော 'တေဝိဇ္ဇရဟန္တာ' ဖြစ်လာသည်။

အံ့ဖွယ်မင်းသား အနုရုဒ္ဓါမှာ အရှင်အနုရုဒ္ဓါမထေရ် ဖြစ်လာသည်။ ဤအရှင်မြတ်သည် ပထမဝါတွင်းမှာပင် လောကီသမာပတ် ၈ ပါး ရရှိသည်။ စကြဝဠာပေါင်း ၁၀၀၀၀ ကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိဉာဉ်လည်း ရတော်မူသည်။ ၃ ဝါမြောက်မှာ ရဟန္တာဖြစ်တော်မူသည်။

အရှင်ဘဂုနှင့်အရှင်ကိမိလထေရ်တို့လည်း အသီးသီးတရားထူး ရကြသည်။

အရှင်ဒေဝဒတ် ရဟန်းတော်မှာမူ လောကီ သမာပတ် ရှစ်ပါးသာ ရရှိပြီး တန်ခိုးဣဒ္ဓိပါဒ် ဖန်ဆင်းနိုင်သော အခြေမျှသာ ရောက်သည်။

ဤရရှိသော တန်ခိုးများဖြင့် အဇာတသတ် မင်းသားအား အထင်ကြီး ကြည်ညိုစေကာ မူပိုင်ဒါယကာအဖြစ် သိမ်းသွင်းခဲ့သည်။ ဤသို့မူပိုင်ဒါယကာဖြစ်အောင်ပြုမူရသည်မှာ အကြောင်းရှိသည်။ ပြဿနာရှိသည်။ ပုထုဇဉ်မာန်ရှိသည်။ ဤဒေဝဒတ်နှင့် အဇာတသတ်တို့မှာ ကွင်းဆက်သဘော ဆက်စပ်နေပါသည်။ ဒေဝဒတ်အကြောင်းပြောလျှင် အဇာတသတ်ချန်၍ မဖြစ်သလို အဇာတသတ်၏ အဖသတ်ဇာတ်ခင်းလျှင်လည်း ဒေဝဒတ်နှင့် မကင်းနိုင်။ ယင်းကြောင့် မြတ်စွာဘုရားက နာဠာဂိရိဆင်ဆိုးကြီးအား နှိမ်နင်းအောင်မြင်ပုံ ပြောရမည်မှာ ၎င်းတို့ နှစ်ဦးစလုံးနှင့် သက်ဆိုင်နေပါသည်။

( ၂ )

မြတ်စွာဘုရား ကောသမ္ဗီပြည်တွင် သီတင်း သုံး စဉ်က ကျောင်းတော်သို့ လာရောက်ကြသော ဒါယကာ ဒါယိကာမ ပရိသတ်များစွာတို့သည် မြတ်စွာဘုရားအား လည်းကောင်း၊ မဟာသာဝကကြီးများအားလည်းကောင်း လှူဖွယ်ပစ္စည်းများ လှူဒါန်းဆက်ကပ်ကြသည်။

'အရှင်ဘဒ္ဒိယ ဘယ်မှာရှိသလဲ၊ အရှင်အနုရုဒ္ဓါဘယ်ကျောင်းမှာ နေပါသလဲ၊ အရှင်ဘဂု ဘယ်မှာသီတင်းသုံးပါသလဲ၊ အရှင်ကိမိလကို ဖူးချင်ပါတယ်ဘုရား'ဟု အသီးသီး လျှောက်ထား လှူဒါန်းကြသည်။ အရှင်ဒေဝဒတ်မှာ မေးမည့်သူမရှိ။ လှူဒါန်းမည့် ပုဂ္ဂိုလ်လည်း မရှိပေ။ ထိုအခါ—

'ငါလဲ မင်းမျိုးပဲ၊ အရှင်ဘဒ္ဒိယတို့နဲ့အတူတူ ရဟန်းဝတ်ခဲ့တာပဲ၊ ငါကျတော့ မေးမယ့်လူ တလူမှမရှိဘူး၊ ငါ ဘယ်သူနဲ့ ပူးပေါင်းပြီး လာဘ်လာဘရအောင် လုပ်ရယင် ကောင်းမလဲ'

အရှင် ဒေဝဒတ်မှာ လာဘ်လာဘ ကင်းမဲ့သဖြင့် လာဘ်ရအောင် ကြံစည်မိသည်။ ထိုအခါ အဇာတသတ်ကို ပြေးမြင်မိသည်။ ဤမင်းသား ငယ်မှာ တဦး တယောက်၏ ဂုဏ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း မသိသေး။ ယင်းကြောင့် ထိုမင်းသားထံ ကြွလိုက်သည်။ သို့ရာတွင် ရိုးရိုးမကြွ၊ တန်ခိုးဖန်ဆင်း၍ ကြွခြင်းဖြစ်သည်။

မိမိကိုယ်ကို လုလင်ပျိုအသွင်ဖန်ဆင်းပြီးမြွေပဒေသာရစ်ပတ်ထားလိုက်သည်။ ခြေလက်လေးဘက်မှာ တစ်ကောင်စီ၊လည်ပင်းနှင့် ဦးခေါင်းတွင် တစ်ကောင်စီ ပတ်ထားသည်။ ယင်း မြွေခြောက်ကောင်ကို တစ်ကောင်အမြီး တစ်ကောင် ချည်နှောင်ချိတ်ဆွဲထားလိုက်သည်။ မြွေငတ်ရုံဆင်မြန်း ထားသည့်သို့ ရှိဘိသည်။ ဤအသွင်အပြင်ဖြင့် အဇာတသတ် မင်းသား၏ ရင်ခွင်မှာ 'ဘွား' ကနဲ ထိုင်ချလိုက်သည်။

"အမယ်လေး၊မြွေတွေ၊သင်ဘယ်သူလဲ၊ဟော့ ဘာကောင်လဲ" ဟု ကြောက်ရွံ့စွာ မေးမိသည်။ အရှင် ဒေဝဒတ်မှာ ဝမ်းသာအားဆေးစွာဖြင့်—

"ငါ့အရှင် ဒေဝဒတ်ပါ မင်းသား"

"ဒါဖြင့်လဲ နက်ိုအတိုင်း ပြပါဘုရား" ဟု ပျာပျာသလဲ လျှောက်လိုက်သည်။ အရှင် ဒေဝဒတ်၏ ရဟန်း အသွင်ကို မြင် လျှင် ကြည်ညိုသွားတော့သည်။

ပိုင်ပေပြီ။ အဇာတသတ်သည် အရှင် ဒေဝဒတ်၏ မူပိုင် ဒါယကာဖြစ်သွားလေပြီ။ ယင်းအချိန်မှစ၍ အရှင်ဒေဝဒတ်အား ဆွမ်းတစ်အုပ်လျှင် ၁၀ ဦး စားသောက်နိုင်သော ဆွမ်းအုပ် ငါးရာ မပြတ်လှူတော့သည်။ လာဘ်လာဘ ပေါများပေပြီမဟုတ် ပါလား။ သို့ရာတွင် ထိုလာဘ်လာဘမှာ အရှင့်အတွက် ကောင်း ကျိုးမပေးရှာ။ အဘယ့်ကြောင့်ဆိုပါမူ ထိုရရှိသောလာဘ်လာဘ ကို အမှီပြုပြီး ပိုမိုဆိုးသွမ်းလာသောကြောင့်ပေတည်း။ မြတ်စွာ ဘုရားကမူ-

"ခွေးဆိုး နှာခေါင်းကို ဝံ သည်းခြေ၊ ကျား သည်းခြေ ပွတ်သပ်ထည့်ပေးလျှင် ပိုမိုဆိုးသွမ်းလာသလိုပဲ အဇာတသတ်၏ ဆွမ်းအုပ် ငါးရာ ရရှိသည်မှ ဒေဝဒတ်ဟာ ပိုမို ဆိုးသွမ်းလာ တယ်" ဟု မိန့်တော်မူသည်။ တဖန်-

"ငှက်ပျောပင်များ သီးခြင်းသည် သေဖို့ရာ ဖြစ်လာခြင်းပဲ၊ ဝါးပင် သီးလာသည်မှာလဲ သေဖို့ရာပဲ၊ ကျူပင်များ ပွင့်သီး ခြင်းဟာလဲ သေဖို့ရာပဲ၊ အဿတိုရ်မြင်းမ ကိုယ်ဝန် ဆောင်ခြင်း ဟာလဲကိုယ့်ကိုယ်ကိုယ် သေဖို့ပဲ၊အရှင်ဒေဝဒတ် လာဘ်လာဘရရှိ မှုမှာလဲ မိမိကိုယ်ကို ဖျက်ဆီးဖို့၊ သတ်ဖို့ပဲ" ဟုမိန့်တော်မူသည်။

(၃)

တနေ့သ၌ မြတ်စွာ ဘုရားသခင်သည် ရဟန်းရှင်လူစုံညီသော ပရိသတ်တွင် တရားဟောတော်မူနေသည်။ ထိုစဉ် အရှင်ဒေဝဒတ် ကထတွဲပြီး လက်အုပ်ချီကာ လျှောက်ထားသည်မှာ

'မြတ်စွာဘုရား ယခုဆိုယင် မြတ်စွာဘုရား အိုမင်းရင့်ရော် နေပါပြီ၊ နောက်ဆုံးအရွယ် နေဝင်ချိန် ရောက်နေပါပြီ၊ တရားချမ်းသာ ခံစားပြီး အေးအေးဆေးဆေး နေတော်မူပါ၊ သံဃာအုပ်ချုပ်ရေးကို တပည့်တော် တာဝန်ယူပါမည်၊ လွှဲအပ်တော် မူပါဘုရား'

'မတော်ပါဘူး ဒေဝဒတ်ရယ်၊ ဒီတာဝန် ဆောင်ရွက်ဖို့ မနှစ်သက်ပါနဲ့' အရှင်ဒေဝဒတ်သည် သုံးကြိမ်လျှောက်ထား သည်။ မြတ်စွာဘုရားက တားမြစ်ပြီး မိန့်တော်မူသည်မှာ....

'မဟာ သာဝကကြီးများ ဖြစ်ကြတဲ့ သာရိပုတ္တရာနဲ့ မောဂ္ဂ လာန်တို့ကိုတောင် လွှဲအပ်၍ မဖြစ်ပေဘူး၊ ထွေးအန်ပြီးသား တံတွေး (လာဘ်လာဘ)ကို စားသုံးတဲ့ သင့်ကို ဘယ့်နှယ်လုပ် ပြီး လွှဲအပ်လို့ ဖြစ်ပါ့မလဲ''

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရား၏ စကားတော်များကို မနှစ်သက်ပါ၊ မကျေနပ်ပါ။ 'သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် တို့ကိုသာ ချီးမြှောက်သည်'ဟု ယူဆကာ ရန်ငြိုးထားလိုက် ပါသည်။

မြတ်စွာဘုရားသည် အရှင်ဒေဝဒတ်အား သံဃာလောက နှင့် မသက်ဆိုင်ကြောင်း၊ ဘာပြောပြော ဘာဟောဟော၊ ဘယ်

လိုနေနေ သာသနာတော်နှင့် မပတ်သက်ကြောင်း၊ အရှင်သာရိပုတ္တရာ ဦးဆောင်သော သာသနာ့ဝန်ဆောင် မထေရ်မြတ်ကြီးများအား ဒါယကာဒါယိကာမ အပေါင်းက ကောင်းကောင်းသိစေရန်အကြောင်းကြားစေလိုက်ပေသည်။ 'ပကာသနိယကံ' ပြုလိုက်ပါလေသည်။

တခါကလည်း အရှင် ဒေဝဒတ်သည် ရဟန်းမှန်လျှင် ၁။ သက်သတ်လွတ်ဘုဉ်းပေးရန်၊ ၂။ ဒါယကာလှူသောသင်္ကန်းကို လက်မခံပဲ ပံ့သကူသင်္ကန်းသာ ဝတ်ရုံရန်၊ ၃။ တောကျောင်းမှာချည်းနေရန် စသော ဆုများကို တောင်းဆိုပြီး ဝိနည်းဥပဒေပြုရန် လျှောက်ထားဖူးသည်။ သို့ရာတွင် မြတ်စွာဘုရားက ပယ်တော်မူသည်။ ထိုအကျင့်များ ကျင့်သုံးရန် ဓုတင် ၁၃ ပါးကို ခွင့်ပြုပြီးဖြစ်၍ မိမိကုန်းမာရေးနှင့် သဒ္ဓါတရားအလျောက် ကျင့်သုံးရန်သာ မိန့်တော်မူသည်။ ထိုစဉ်ကလည်း ဒေဝဒတ်သည် ဘုရားအပေါ်၌ မကျေနပ်ခဲ့ပြန်ပေ။

## မကျေနပ်ချက်များ ပေါက်ကွဲခြင်း

အရှင်ဒေဝဒတ်သည် အကြံတူ တိုင်ပင်ဖက်ဖြစ်သော မူပိုင်ဒါယကာ အဇာတသတ်ထံ သွားလိုက်သည်။ စတင်ပြောဆိုသည်မှာ....

"ဒီမှာ မင်းသားရဲ့ ဟိုရှေးခေတ်က လူတွေဟာ အသက်ရှည်တယ်၊ ယခုတော့ တိုကုန်ပါပြီ။ မင်းသားဘဝနဲ့ သေချင်သေသွားမှာ၊ ဒီတော့ မင်းက မင်းအဖေသတ်ပြီး ဘုရင်လုပ်၊ ငါလဲ ဘုရားကို သတ်ပြီး ဘုရားလုပ်မယ်"

အဇာတသတ်မှာ အရှင်ဒေဝဒတ်တန်ခိုးကို အထင်ကြီးပြီး ယုံကြည်နေသူဖြစ်ရာ ထိုအကြံပေး စကားများကို လက်ခံလိုက်သည်။ မှန်တယ်ဟုလည်း စွဲမြဲထားသည်။ ယင်းကြောင့် ခေါင်တွင် ဓားမြှောင်ဝှက်ပြီး ဖခင် ဗိမ္ဗိသာရအား သတ်ရန် သွားလိုက်သည်။ သို့ရာတွင် အမတ်များနှင့် သက်တော်စောင့်များက သိရှိဖမ်းမိပြီး ဘုရင်ထံ ပို့အပ်လိုက်သည်။ လုပ်ကြံမှု အထမမြောက်ခဲ့ချေ။ ဖခင်က အကျိုးအကြောင်းမေးပြီး ဘုရင်လုပ်ချင်လှသော အဇာတသတ်အား—

"ကဲ....ဟောဒီ တိုင်းပြည်ဟာ မောင့် တိုင်းပြည်ပါပဲ၊ မင်းစည်းစိမ်ကို မြိန်မြိန်ကြီး စံစားပေတော့"

အဇာတသတ်မှာ ဖခင်အား မသတ်ရပဲနှင့် မင်းဖြစ်လာ၍ အေးဆေးစွာပင် မင်းပြုနေသည်။ တနေ့ အရှင်ဒေဝဒတ် ရောက်လာပြီး အကြံပေးပြန်သည်။ "မင်းသားရဲ့၊ ကိုယ့်အမှု ပြီးပြီလို့ ယူဆမနေနဲ့၊ အခုဟာက စည်တော်ထဲကို ခွေးထည့်ပြီးသားရေနဲ့ ဖုံးထားသလို ဖြစ်နေတယ်၊ တနေ့ မင်းသားအဖေဟာ ပြန်လုလိမ့်မယ်"

"အရှင်ဘုရား....ဒါဖြင့် ဘယ်လို လုပ်ရမလဲ ဘုရား"

"အမြစ်ပြတ် ရှင်းပစ်မှပေါ့ မင်းသားရဲ့"

"တပည့်တော်ရဲ့အဖေဟာ မင်းသွေးမင်းဇာတ်ဘုရား၊ ဓားနဲ့ မသတ်ကောင်းဘူးမို့လား"

"ဒါဖြင့်လဲ အစာဖြတ် ရေငတ်ထားပြီး သတ်လိုက်ပါလား"

ထိုအကြံရလျှင်ရချင်း ဖခင် ဗိမ္ဗိသာရအား ပူလောင်ပြင်းပြလှသော သံလှောင်အိမ်တွင် တိုက်ပိတ်ထားလိုက်သည်။ "ငါ့အမေ တဦးတည်းပဲ ဝင်စေ"ဟုလည်း အမိန့်ထုတ်ထားလိုက်ပြန်

သည်။ မိခင်ကမူ ပွဲတော်များယူ၍ ကျွေးရှာသည်။ နည်းအမျိုးမျိုးဖြင့် သယ်ယူပြီး ကျွေးရှာသည်။ နောက်ဆုံး ပွဲတော်စာယူခွင့်မရသဖြင့် ကိုယ်ခန္ဓာကို စတုမဓု လိမ်းယူပြီး မင်းကြီးအား လျက်စေရသည်။ (မည်မျှ ချမ်းသာကြွယ်ဝသော်လည်း ဤဆင်းရဲကို ကြည့်၍ ပစ္စည်းသခံါရကို သိသင့်လှပါသည်။)

နောက်ဆုံး မိခင်ဝင်ခွင့်ကိုလည်း ပိတ်ပင်ပြန်သည်။ ဗိမ္ဗိသာရမှာ သောတာပန် တရားရပြီးသူဖြစ်၍ စင်္ကြံကြွယင်း တရားရှုမှတ်ပြီး အသက်ရှင်နေပြန်သည်။ အစာ စားရသည်ထက်ပင် အသားအရေကောင်းပြီး ကျန်းမာနေသည်။ ဤဖြစ်စဉ်ကို သိရသဖြင့် စင်္ကြံမလျှောက်နိုင်ရန် ခြေဖဝါး ဓားခွဲ၍ ဆားပက်ကြပြီး မီးကင်ခိုင်းလိုက်ပါတော့သည်။

ဘုရင်ဗိမ္ဗိသာရမှာ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြုယင်း ရင်ပြင်ပေါ် ချထားသော ပန်းကလေးပမာ တဖြည်းဖြည်း ညှိုးနွမ်း ကွယ်လွန်သွားရှာလေသည်။

( ၄ )

အရှင်ဒေဝဒတ်မှာ ဘုရားမဖြစ်သေး။ ဘုရားဖြစ်ချင်ဇောဖြင့် ယခု ဘုရားထံ လူသတ်သမား ၁၆ ယောက်ကို လွှတ်လိုက်သည်။ ပထမလူသည် ဓားနှင့် လေးမြားကို ယူပြီး ဘုရားရှိရာသို့ ချောင်းမြောင်းသွားသည်။ မြတ်စွာဘုရားမှာ အသရေတော် အပြည့်ဖြင့် စံတော်မူနေသည်။ ထိုလူသတ်သမားမှာ သတ်နိုင်ဖို့ဝေးစွ လေးညှို့တင်ရန်ပင် မစွမ်းနိုင်ပြီ။ မေးခိုင်ရောဂါစွဲကပ်သူပမာ တကိုယ်လုံး တောင့်တင်းခိုင်မာနေပေပြီ။ လှုပ်

ရှားရှိပင် မရတော့။ တုန်လှုပ်ချောက်ချားမှုများကား ဒီရေပမာ တဝုန်းဝုန်းတိုးလေပြီ။ အသက်ရှူမှားမတတ် ကြောက်ရွံ့နေချေပြီ။

သတ်ဖို့ ဝေးပေစွ။

'မကြောက်ပါနဲ့ ဒါယကာ၊ ဒီကိုလာခဲ့လော' မြတ်စွာဘုရား၏ မေတ္တာကရုဏာတော်နှင့် ခေါ်လိုက်သံကြောင့် ကြောက်စိတ်ပြေသွားလေသည်။ (မမေ၀တသ်ံ သမယေ အနုသရေယျာထ၊ ကြောက်လန့်တဲ့ အခါမှာ ငါဘုရားကို ကိုးကွယ်အောက်မေ့ကြ) သူသည် ဘုရားခြေတော်ကို နဖူးပြင်ဖြင့် ပွတ်တိုက်ရှိခိုးနေသည်။ မှားမိသမျှကို တောင်းပန်ဝန်ချသည်။ တရားနာယူပြီးလျှင်မူ လောကုတ္တရာသရဏဂုံတည်သော အရိယာဖြစ်သွားလေပြီ။ မြတ်စွာဘုရားသည် ထိုသူလာလမ်းက ပြန်လျှင် ချောင်းမြောင်းနေသူများ၏ လက်ချက်ဖြင့် သေမည်ကို မြင်တော်မူ၍ အခြားလမ်းကို ပြတော်မူသည်။ ဤပုဂ္ဂိုလ်အားသတ်ရန် စောင့်သူများလည်း မလာနိုင်၍ ရှာဖွေယင်း ဘုရားနှင့် တွေ့ကာ တရားနာပြီး သောတာပန် ဖြစ်ကုန်ပြန်သည်။ စုစုပေါင်း (၃၆)ယောက်တိတိ ရှိသည်။ ဤလုပ်ကြံမှု စီမံချက်သည် မအောင်မြင်ခဲ့ပေ။ လူသတ်သမားသည် အရှင်ဒေဝဒတ်အား....

'မြတ်စွာဘုရားဟာ အလွန်တန်ခိုးကြီးပါတယ်၊ ဒီအလုပ်မျိုး မလုပ်နိုင်တော့ပါဘူး' ဟု ငြင်းပယ်ပြောကြားလိုက်သည်။

**နောက်တကြိမ် ကိုယ်တိုင်သတ်ခြင်း**

တခါက မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ် တောင်ခြေရိပ်တွင် စင်္ကြံကြွလျက် သီတင်းသုံးတော်မူသည်။ အရှင်ဒေဝဒတ်မှာ ထို

အခြင်းအရာကို အခွင့်ကောင်းယူကာ တောင်ပေါ်တက်ပြီး ကျောက်မောင်းဆင်ထားလိုက်သည်။ ထိုနေရာသို့ ဘုရားရောက်လျှင် ကျောက်တုံးကြီးတတုံးကို ဖြုတ်ချလိုက်သည်။ ထိုကျောက်တုံးသည် အရှိန်ပြင်းစွာဖြင့် ကျလာစဉ် အခြားတောင် နှစ်ခုကြား ညှပ်မိသွားသဖြင့် ကျောက်လွှာပဲ့လေးသာ ဘုရားခြေမတော်ကို ထိခိုက်မိသွားသည်။ ခြေမတော်တွင် သွေးစိမ်းများ ဥသွားသည်။

မြတ်စွာဘုရားသည် တောင်ပေါ်သို့ မော့ကြည့်ပြီး ဒေဝဒတ်အား ဤသို့ မိန့်သည်။

'မဂ်ဖိုလ် မနီး အချည်းနှီးသော ယောကျ်ား၊ သင်ကား မကောင်းမှုကံကြီး (လောဟိတုပ္ပါဒကကံ)ကိုကျူးလွန်မိပေပြီ၊ ရဟန်းတို့- ဒေဝဒတ်သည် ငါဘုရားအား သတ်လိုစိတ်ထား ရန်ငြိုးများဖြင့် သွေးစိမ်းတည်အောင် ပြစ်မှားခဲ့လေပြီ'ဟု မိန့်တော်မူသည်။ ရဟန်းတော်များက မြတ်စွာဘုရားအား မဒ္ဒကုစ္ဆိ ဥယျာဉ်ကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။ သို့ရာတွင် မြတ်စွာဘုရား ဆန္ဒတော်အရ ဆရာဇီဝက သရက်ဥယျာဉ် ကျောင်းတိုက်သို့ ပင့်ဆောင်ပေးကြရသည်။

ဆရာဇီဝကလည်း 'ဒေဝဒတ်က ဘုရားကိုသတ်သတဲ့၊ ခြေမတော်မှာ သွေးစိမ်းတွေ ဖြစ်ကုန်သတဲ့'ဟူသော သတင်းဆိုးကို ကြားရလေပြီ။ ကြားလျှင်ကြားချင်း ဘုရားထံ ပြေးလာသည်။ ဆေးလွယ်အိတ်မှ အကောင်းဆုံး ဆေးများကိုထုတ်ကာ ကုသပေးသည်။ ဤကုသမှုဖြင့်ပင် ဒဏ်ရာပျောက်ကင်း ချမ်းသာခဲ့သည်။ ဒေဝဒတ်၏ သတ်ခြင်းကား အချည်းနှီး ဖြစ်သွားပြန်လေသည်။

## အဖေ့အတွက် သားတွေ စောင့်ရှောက်

ဖခမည်းတော် မြတ်စွာဘုရားအား သာသနာ့ ရန်သူဖြစ်သော ဒေဝဒတ်၏ ရန်ဆူးရန်ငြောင့်မှ လွတ်ကင်းစေရန် သားရဟန်းတော်များက ကျောင်းဝိုင်း နေရာမလပ် စောင့်ကြပ်ပြီး စာအံသံပေးယင်း ဝိုင်းထားလိုက်ကြသည်။ ထိုအသံများကို မြတ်စွာဘုရား ကြားတော်မူ၍ ဤစာရားကို မိန့်တော်မူသည်။

(''အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ'') ရဟန်းတို့ ဘုရားကို မည်သူမှ မသတ်နိုင်၊ အလိုတော်အတိုင်း ပရိနိဗ္ဗာန်ပြုခြင်းဖြင့်သာ ချုပ်ငြိမ်းတော်မူသည်။ ထိုနောက် ရဟန်းတော်များ ကိုယ့်ကျောင်းကိုယ် ပြန်ကြွကြရသည်။

## နာဠာဂိရိဆင်ကို လွှတ်လိုက်ပြီ

လောက၌ အဖျက်သမားအုပ်စုနှင့် အပြုသမားအုပ်စုဟူ၍ ရှိပေသည်။ အပြုသမားများက မည်မျှပင် ကောင်းမွန်သာယာအောင် ပြုမူကြသော်လည်း အဖျက်သမားများကမူ ဖျက်ဆီးကြသည်သာတည်း။ ဤလောကကြီးသည် စိတ်နှလုံးကောင်းသူကိုသာ အလိုရှိသော်လည်း အဖျက်သမားတို့ ပယောဂကြောင့် လူကောင်းလူတော် ပုဂ္ဂိုလ်ကျော်များမှာလည်း အသက်မရှည်တတ်ကြပေ။ အကောင်းနှင့်အဆိုး ဝါဒသည် ဒွန္ဒဘူတိလောကတွင် ထာဝရ ရှိနေလေသည်။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားကျန်းမာချမ်းသာစွာဖြင့် သာသနာ ပြုတော်မူသည်ကို မကြည့်လိုပေ။ မမြင်လိုပေ။ ယင်းကြောင့် အဇာတသတ်မင်းထံမှ ဆိုးသွမ်းရက်စက်သော လူသတ်ဆင်ဆိုးကြီး နာဠာဂီရိဖြင့် ဘုရားအား နင်းသတ်ရန် ကြံစည်ပြန်လေသည်။

"ငါဟာ မင်းတို့ကို ရာထူးတက်အောင်လဲ လုပ်နိုင်တယ်၊ ရာထူး ကျအောင်လဲ ချနိုင်တယ်၊ ကဲ— ငါခိုင်းတာ လုပ်ကြ၊ ခါတိုင်း ဒီဆင် အရက်ဘယ်နှစ်အိုး သောက်သလဲ"

"ရှစ်အိုးပါဘုရား"

"နက်ဖြန်ခါ (၁၆) အိုးတိုက်ပြီး ဘုရားဆွမ်းခံဝင်လျှင် လွှတ်ပါ"

"ကောင်းပါပြီဘုရား"

မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံးဆဲဖြစ်သည်။ အရှင်အာနန္ဒာအားခေါ်တော်မူပြီး 'ချစ်သား၊ ဒီရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်က ကျောင်းတိုက် (၁၈)တိုက်မှာ ရှိကြတဲ့ ရဟန်းအားလုံး ဘုရားနှင့်အတူ ဆွမ်းခံကြွရမယ်၊ လိုက်ပြီးအသိပေးပါ"

ရာဇဂြိုဟ်ပြည်ပရိသတ်ကား အကောင်းအဆိုး ရောလျက်ပင် ရှိသေးသည်။ ဗုဒ္ဓဘာသာဝင်ပြီးသူရော မဝင်ရသေးသူပါ ရှိနေပေသည်။ ယင်းကြောင့် ဗုဒ္ဓဘာသာတို့ကမူ "ယနေ့ ဘုရားဆင်နှင့် နာဠာဂီရိဆင် စစ်ခင်းကြမယ်၊ ဘုရားဆုံးမပုံကို ကြည့်ရတော့မယ်"ဟု ပြောဆိုစည်းဝေးကြသည်။ ဆန့်ကျင်ဘက်တို့ကမူ "ဒီဆင်ဟာ သိပ်ကြမ်းတာပဲ၊ ဘုရားကိုဖျက်ဆီးလိမ့်မယ်၊ ရန်သူကျောကုန်းကို မြင်ရတော့မယ်"ဟု ပြောဆိုကြလေသည်။

အရက် မူးနေသော ဆင်ဆိုးကြီးသည် ဘုရားအား မြင်လျှင်မြင်ချင်းပင် အိမ်များကို နင်းခြေဖျက်ဆီးပြီး အမြီး ထောင်ကာ အစွယ် ၂ ချောင်းဖြင့်ချိန်လျက် တဟုန်တိုး ပြေးလာလေသည်။

ရဟန်းတော်များက မြတ်စွာဘုရားအား "လမ်းဖယ်ပေး လိုက်ပါဘုရား"ဟု အကြိမ်ကြိမ် လျှောက်ထားကြ သည်။ မြတ်စွာဘုရားကမူ 'ငါဘုရား ဆုံးမနိုင်တယ်၊ မကြောက်ကြနှင့်' ဟု မိန့်တော်မူသည်။ ရှင်သာရိပုတ္တရာသည် "အဖေ့အတွက် ကျရောက်တဲ့ကိစ္စဟာ သားကြီး တာဝန်ပါပဲ၊ တပည့်တော် ဆင်ကို ဆုံးမပါရစေ"ဟု ခွင့်တောင်းသည်။ သို့ရာတွင် ဘုရား ခွင့်မပြုချေ။ အခြား မဟာသာဝကကြီးတို့ကလည်း ဆုံးမခွင့် တောင်းကြသည်၊ ခွင့်မပြုပေ။

အရှင်အာနန္ဒာကမူ ဒီဆင်ကြီးသည် 'ငါ့ကို သတ်ပြီးမှသာ ဘုရားဆီကို ရောက်ပါစေ' ဆုံးဖြတ်ကာ ဘုရားရှေ့မှ ကျော်တက် ပြီး ရပ်နေလေသည်။

'အာနန္ဒာ ဖယ်လေ၊ ငါဘုရား ရှေ့က ရပ်မနေနှင့်'

သုံးကြိမ် ဖယ်ခိုင်းသော်လည်း မရ၊ ဇွတ်ပေနေသည်။ ထိုအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာအား တန်ခိုးတော်ဖြင့် ယူပြီး ရဟန်းတော်များကြားတွင် ရွှေ့ထားလိုက်သည်။

ကလေးမိခင်တဦးမှာ ဆင်ကြီး တရကြမ်းပြေးလာသည်ကို ကြောက်လန့်ပြီး ကလေးကို မခေါ်နိုင်တော့ပဲ လက်လွှတ်ထွက် ပြေးရရှာသည်။ ဆင်ကြီးမှာ ထိုမိန်းမအား လိုက်၍မမီသည်နှင့်

ကလေးကို နင်းသတ်ရန် သွားပြန်သည်။ ကလေးမှာ ယက်ကန် ယက်ကန်နှင့် အော်ငိုနေရှာလေသည်။ ထိုစဉ် မြတ်စွာဘုရားက-

'အို နာဠာဂီရိဆင်၊ သင့်ကိုလွှတ်သော ဦးတည်ချက်သည် ငါဘုရားကို သတ်ဖြတ်ဖို့ဖြစ်တယ်။' အခြား ပုဂ္ဂိုလ်တွေကို မတိုက်ခိုက်ပါနှင့် ဒီကိုလာ၊ ဒီကိုလာခဲ့ ငါဘုရားဆီကို ဖြောင့်ဖြောင့်လာခဲ့လော''

ဗြဟ္မာမင်း၏အသံ၊ ကရဝိက်ငှက်မင်း၏ အသံနှင့်တူသော မြတ်စွာဘုရား၏ ချိုမြိန်သော အသံတော်ကို ကြားရသဖြင့် ဆင်ကြီး အရက်မူးပြေသွားသည်။ ထောင်နေသော နှာမောင်းနှင့် အမြီးတို့ အောက်သို့ကျလာသည်။ နားရွက်ကြီးနှစ်ဘက်ကို ယပ်တောင်ပမာ တရစပ်ခပ်လျက် ဘုရားခြေရင်းတွင် ဒူးတုပ်ဝပ်စင်းရှာလေသည်။ ထိုအခါ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဆင်ဦးခေါင်းကို ပွတ်သပ်ထိတွေ့ပြီး မေတ္တာတော် ရေချမ်းဖြင့် ဖျန်းပက် ဆုံးမတော်မူသည်။

'အမောင် နာဠာဂီရိ၊ သင်က တိရစ္ဆာန် ဆင်ဖြစ်တယ်။ ငါကဘုရား ဆင်မင်းဖြစ်တယ်၊ ယနေ့ကစ၍ မမိုက်ပါနဲ့ လိမ္မာစမ်းပါ၊ မေတ္တာထားပါ' အစရှိသော နှစ်ဂါထာတို့ဖြင့် တရားဟော ဆုံးမတော်မူသည်။ ဆင်ကြီးသည် နှစ်သက်ရွှင်လန်းစွာဖြင့် ဝမ်းသာကြည်နူးသွားလေသည်။ အကယ်၍သာ တိရစ္ဆာန်မဟုတ်ခဲ့ပါမူ ဤနေရာမှာပင် သောတာပန် ဖြစ်နိုင်လေသည်။ တိရစ္ဆာန်ကား ထိုအခွင့်အရေးမှ ဆုံးရှာလေသည်။

## မေတ္တာရေချမ်း ဓမ္မဂီတိ

၁။ ဆရာများစွာ အာစရိယတို့၊ အမှန်ပကတိ ရှိပါပေ။

၂။ ဆင် မြင်း သတ္တဝါ ကျွဲ နွားများ၊ တုတ် ခါး လှံဖြင့် ဆုံးမနေ။

၃။ ဗုဒ္ဓမြတ်စွာ တို့ဘုရားက၊ မေတ္တာရှေ့ထား သနားပေ။

၄။ အရက်သေစာဆယ့်ခြောက်အိုးကို၊ သောက်ချီးလာတဲ့ ဆင်ကိုလေ။

၅။ ဘုရားကိုသာ အသေသတ်ဖို့ ဒေဝဒတ်တို့ လွှတ်ကြပေ။

၆။ ဗုဒ္ဓဘဂဝါ တို့ဘုရားက၊ မေတ္တာရေများ ဖျန်းသည်လေ။

၇။ ကြမ်းတမ်းရန်မူ ထိုဆင်ကြီး၊ မာန် တွေ ကျ ပြီး ဒူးတုပ်နေ။

အဲဒါကြောင့်- မေတ္တာရေချမ်း ဆွတ်ပက်ဖျန်း၊ ဆင်ကြမ်း လိမ္မာပေ။

။ ပေးကြ ကမ်းကြ ချမ်းသာရ၊ ဓနပါလ တွင်လာပေ။

## စေတီလေးပါး

၁။ ဘုရားသတ်သူ ဒေဝဒတ်မှာ၊ မဟာအဝီစိငရဲ ခံရတယ်။

၂။ ဘုရားဆိုတာ လေးမျိုးရှိသကွဲ့၊ လက်ချိုး မှတ်ထား သိရမယ်။

၃။ ဓာတ်တော် မွေတော် စေတီတမျိုးတဲ့၊ တရားတော်က တမျိုးကွယ်။

၄။ ဘုရား အသုံးအဆောင် စေတီတမျိုးမို့၊ ရှိခိုးရိုကျိုး ဖူးရတယ်။

၅။ ရည်မှန်းတည်ကာ စေတီများမတော့၊ ဥဒ္ဒိဿ ဘုရား ခေါ်ပါတယ်။

အဲဒါကြောင့် စေတီဘုရား ၎င်းလေးပါး၊ တို့များ ပူဇော်တယ်။

## မိဘနဲ့ ဘုရား တဂိုဏ်းတည်းထား

၁။ အဇာတသတ်ဟာ အဖေသတ်လို့၊ အောက်ရပ်ငရဲ ခံရတယ်။

၂။ မိဘဆိုတာ ကျေးဇူးများသကွဲ့၊ ဘုရားနဲ့မခြား ရှိသေကွယ်။

၃။ ရှိသေကြသူ ပြည်သူအများ၊ စီးပွားချမ်းသာရပါမယ်။

၄။ ကျွေးမွေးစိမ် မွေ့ခံသားမို့၊ လူမျှတရား ဝေရတယ်။

၅။ မျိုးတူဇာတ်တူ အိမ်သူထားကွဲ့၊ လူမျိုးဇာတ်ခြား ရှောင်ရမယ်။

၆။ မရှောင်ရှားလို့ အိမ်ထောင်ပြုတော့၊ နောင်စဉ် ယခု မျိုးပျောက်မယ်။

မျိုးပျောက်မယ်၊ မျိုးပျောက်မယ်၊ စောင့်ကြကွယ်၊ စောင့်ကြကွယ်။

ကရင်ပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအပေါင်းတို့ ယခု နာဋ္ဌာဂီရိဆင်မင်းရဲ့အကြောင်းကို သိကြပြီနော်၊ ဗုဒ္ဓရှင်တော်မြတ်ရဲ့တန်ခိုးတော် မေတ္တာတော်ကိုလဲ သိကြပါပြီ၊ ဆင်နှင့် စပ်လို့ အခြား ဆင်တကောင်အကြောင်းကိုလဲ ပြောပြချင်ပါသေးတယ်၊ နားထောင်ကြနော်—

တခါတုန်းကပေါ့ကွယ်၊ ဆင်အုပ်ကို ထိန်းပြီး အုပ်ချုပ်နေရတဲ့ ဆင်ပြောင်ကြီး တကောင်ရှိတယ်၊ အဲဒီ ဆင်ပြောင်ကြီးဟာ ဆင်အုပ်နဲ့ နေရတာကို ငြီးငွေ့လာသတဲ့။ ဆင်အုပ်ထဲမှာဆို ဆင်ပေါက်စလေးတွေဟာ ဟိုပြေး ဒီပြေးနဲ့ မြက်နုနုလေးတွေဆိုလဲ သူတို့ပဲ ဦးအောင်စားပစ်ကြတယ်၊ ရေဆိုယင် သောက်ပြီး မွှေနှောက်ပစ်လို့ နောက်ကုန်တာပဲ၊ ဆင်ပြောင်ကြီးက သစ်ကိုင်းလေးတွေ ချိုးချထားယင် သူဦးကိုယ်ဦး လုပြီးစားပစ်ကြသတဲ့၊ ဆင်မလေးတွေကဆို သူ့ကို ပွတ်သီးပွတ်သပ်နဲ့ သိပ်စိတ်ညစ်နေတာပဲတဲ့ကွယ်။ ဒါနဲ့ တကောင်တည်း ခွဲထွက်လာခဲ့တယ်။ ပါဠိလေယျရက္ခိတ တောထဲရောက်တော့ အခက်အလက် ဝေဝေဆာဆာနဲ့ အရိပ်ကောင်းတဲ့ အင်ကြင်းပင်ကြီး တပင်အနီးမှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို တွေ့မြင်သွားတယ်၊ ဒါနဲ့ တဖြည်းဖြည်း ဘုရားနားကိုတိုးကပ်သွားပါတယ်၊ ဆင်ကြီးဟာ မြတ်စွာဘုရားကိုဖူးမြင်ရတော့ သူ့စိတ်ထဲမှာ ရေအိုးတထောင်နဲ့ အပူငြိမ်းထားသူလို ခံစားရသတဲ့၊ ဒါနဲ့ အင်ကြင်းပင်ပျို့နှင့် သခ်မ်းကျောင်းလေးနားမှာ အမှိုက်သရိုက်တွေ မရှိအောင် သန့်ရှင်းရေးလုပ်တယ်၊ သစ်ခက်တွေနဲ့ တံမြက်လှည်းတယ်၊ ဆပ်ကပ်ပွဲထဲက ဆင်လိမ္မာလေးတွေကို မြင်ဖူးကြတယ် မဟုတ်လားနော်။

ဒီဆင်ရဲ့နာမည်က 'ပလလည်း ဆင်'တဲ့၊ သူက မြတ်စွာဘုရားအတွက် မျက်နှာသစ်ဖို့ ရေကပ်လှူတယ်၊ ချိုးရေခပ်ပေးတယ်၊ ဒန်ပူဆက်ကပ်ဘယ်၊ တောထဲက သစ်သီးကောင်းကောင်းတွေကို ခူးဆွတ်ပြီး ကပ်လှူတယ်၊ မြတ်စွာဘုရားဟာ အဲဒီဆင်ကြီးလှူတာတွေဘုဉ်းပေးတော်မူပါတယ်။ အဲဒီ ပလလည်း ဆင်ကြီး

ရေနွေးကျိုပုံကို ပြောပြဦးမယ်နော်၊ စိတ်ဝင်စားရော သိပ်ကောင်းတာပဲကွယ့်၊ နားထောင်ကြနော်–

သူ့နွားမောင်းနဲ့ ထင်းချောင်းတွေစုပြီး ရှေ့လက်နဲ့ ညှပ်ထားတယ်၊ တချောင်းကို နွားမောင်းနဲ့ကိုင်ပြီး ပွတ်တယ်၊ ပွတ်ယင်းပွတ်ယင်းနဲ့ ပူတော့ မီးတောက်လာတယ်၊ ထင်းချောင်းတွေ စုပုံလိုက်တော့ မီးပုံကြီးဖြစ်လာတယ်၊ အဲဒီထဲကို ကျောက်တုံးတွေ မ,ထည့်လိုက်တယ်လေ။ နီရဲပြီး ပူလာတော့ ထင်းချောင်းကြီးနဲ့ ထိုးကော်တယ်၊ ပြီးတော့ ရေရှိနေတဲ့ ကျောက်ရေကန်ထဲကို ထည့်လိုက်တယ်၊ ဒီလိုနဲ့ ရေတွေဟာ ဆူပြီး ပွက်လာတာပေါ့၊ နွားမောင်းနဲ့ စမ်းကြည့်လို့ သင့်တော်လောက်တဲ့ အချိန်မှာ မြတ်စွာဘုရားဆီကိုသွားတယ်၊ 'ရေချိုးကြွပါဘုရား'လို့ မပြောတတ်ပေမယ့် အဲဒီသဘောနဲ့ လာတာကို မြတ်စွာဘုရားက သိတော်မူတယ်လေ၊ ဘုရားရေချိုးဖို့ ဝတ်ပြုတာပေါ့ကွယ်။

မြတ်စွာဘုရား ဆွမ်းခံကြွတော်မူတယ်ဆိုယင် အဲဒီပလလည်းဆင်ကြီးဟာ ဘုန်းကြီးကျောင်းသား လိုပါပဲကွယ်။ ဘုရားရဲ့ သက်န်းတော်ကို သူ့ရဲ့ ဦးခေါင်းပေါ်မှာ တင်ထားတယ်။ သပိတ်ကိုလည်း မကျအောင် တင်လာခဲ့တယ်ကွယ့်။ ဘုရားနောက်က တကောက်ကောက် လိုက်နေပုံကို မှန်းကြည့်လိုက်ယင် သနားစရာလဲကောင်း၊ ဝမ်းမြောက်စရာလဲ ကောင်းပေါ့ကွယ်။ ဆွမ်းခံရွာနား ရောက်ပြီဆိုယင် ဘုရားက ဒီလိုမိန့်မှာတယ်။ "ပါလိလေယျက၊ ဒီနေရာကစပြီး ရှေ့ဆက်မလိုက်ခဲ့နဲ့၊ မသင့်တော့ဘူး၊ ငါဘုရားရဲ့ သပိတ်သက်န်းကိုသာ ချပေးတော့" ဆင်ကြီးကလည်း ဒူးတုပ်ဝပ်စင်းပြီး သပိတ်သက်န်းကို ဆက်ကပ်

လိုက်တယ်။ မြတ်စွာဘုရားဟာ သူ့သပိတ်နဲ့သင်္ကန်းကို ကိုယ်တော်တိုင် ယူပြီး ဆွမ်းခံကြွတော်မူပါတယ်။

ဆင်ကြီးကတော့ ဘုရားကိုမျှော်ယင်း စောင့်ကြိုနေပါတယ်။ ဘုရား မလာမချင်း ဘယ်မှ မသွားဘူးကွယ့်။ ကြည့်စမ်း။ ဘယ်လောက် လိမ္မာလိုက်သလဲနော်။ဘုရားဆွမ်းခံပြန်လာတော့ အယင်ကလိုပဲ သပိတ်သင်္ကန်းကို သူ့ဦးခေါင်းပေါ် တင်ပြီး တောထဲကို ပြန်သွားတယ်လေ။ ကျောင်းရောက်တော့ ဘုရား အနားက သစ်ရွက်သစ်ခက်တွေနဲ့ ယပ်လေ ခပ်ပေးတယ်။ ဝေယျာဝစ္စ ပြုပေးတာပေါ့ကွယ်။ ညဆိုယင်လေ ခြသေ့တို့၊ ကျားတို့လာပြီး နှောင့်ယှက်မှာ စိုးလို့ပေါ့ကွယ်။ ဆင်ကြီးက ကာကွယ်ရေး လုပ်ပေးတယ်။ တုတ်ကြီးကြီး တချောင်းကို နှာမောင်းကြီးနဲ့ရစ်ပတ်ဆုပ်ကိုင်ပြီး တောထဲမှာ လျှောက်သွားနေတယ်။ တကျိုကျိုနဲ့ အော်သံလည်းပေးပေါ့ကွယ်။ တညလုံး စောင့်နေတာပေါ့။ မြတ်စွာဘုရားဟာ (၁၀) ဝါမြောက်မှာ ဒီဆင်မင်းရဲ့ ပြုစုလုပ်ကျွေးမှုကို ခံယူပြီး ပလလည်း တောမှာပဲ ဝါဆိုတော်မူပါတယ်။

(အဲဒီပလလည်း ဆင်မင်းကို အားကျတဲ့ မျောက်တကောင် လည်း အဲဒီတောထဲမှာ ရှိတယ်ကွယ့်။ မျောက်က ငါလဲ ဘုရားကို တခုခု လှူမှပဲလို့ ရှာတော့ အကောင်မရှိတဲ့ ပျားအုံ တခုကို တွေ့ရပါတယ်။ အကိုင်းလေးကို ချိုးပြီး ဘုရားကို ဆက်ကပ်ပါတယ်။ ဘုဉ်းပေးသလား၊ မဘုဉ်း ပေး သ လား ဆိုတာကိုလဲ စောင့်ကြည့်နေပါတယ်။ ဘုရား မဘုဉ်းပေးတော့ ဘုရားဆီသွားပြီး ပျားအုံကို ပြန်ယူကြည့်ပါတယ်။ ပျားဥ လေးတွေကို မြင်ရတဲ့အခါ လက်သည်းလေးနဲ့ထုတ်ပြီး ပြန်လှူ

လိုက်ပါတယ်။ အဲဒီမျောက်ကလေး- ဘုရား ဘုဥ်းပေးတာ မြင်ရတော့ သိပ်ဝမ်းသာသွားသတဲ့။ ဒါနဲ့ ဟိုပင်ကူး ဒီပင်ကူးနဲ့ လျှောက်ပြီး ခုန်ကူးနေတယ်။ သစ်ပင်တပင်ကို ကူးလိုက်တော့ ကိုင်တဲ့အကိုင်းရော၊ နင်းတဲ့အကိုင်းပါ ကျိုးသွားလို့ သစ်ငုတ်ချွန်ပေါ် လိမ့်ကျပါလေရော—

ဘုရားကို ကြည်ညိုတဲ့စိတ်နဲ့ သေရလို့ တာဝတိံသာနတ်ပြည်မှာ မက္ကဋနတ်သား ဖြစ်သွားပါသတဲ့)။

ကဲ-ပလလည်း ဆင်အကြောင်းကို ဆက်ကြမယ်နော်၊ ဝါကျွတ်တဲ့အခါကျတော့ အရှင်အာနန္ဒာနှင့် သံဃာတော်များဟာ ဘုရားကို လာပင့်ကြတယ်၊ ဘုရားနဲ့ သံဃာတော်တွေကြွတော့ ပလလည်းဆင်မင်းကလမ်းပေါ်မှာကန့်လန့်ဖြတ်ပြီးရပ်နေတယ်။

'မြတ်စွာဘုရား ဆင်မင်းကြီးသဘောက ဘယ်လိုပါလဲဘုရား'

'ရဟန်းတို့ ဒီဆင်မင်းဟာ သင်တို့ကိုဆွမ်းလှူချင်နေတယ်၊ ငါဘုရားအပေါ်မှာလဲ ကျေးဇူးများလှပါတယ်၊ ကဲ ပြန်လှည့်ကြပါဦး'

ပလလည်းဆင်မင်းဟာ တောထဲက ပိန္နဲသီး၊ ငှက်ပျောသီး၊ ဖန်ခါးသီး၊ သဖန်းသီး၊ စားကောင်းတဲ့ အသီးတွေကို ဆွတ်ခူးပြီးလှူတယ်၊ ရဟန်းငါးရာတောင် ကုန်အောင် ဘုဥ်းမပေးနိုင်ပါဘူးတဲ့၊ ဆွမ်းဘုဥ်းပေးပြီးတော့ တခါကြွကြပြန်ရော။ ဒီတခါတော့ ဆင်မင်းဟာ ဘုရားရှေ့မှာပဲ ကန့်လန့်ခံပြီး ရပ်နေပါတယ်၊ ရဟန်းတော်တွေက မေးလျှောက်တော့-

'ရဟန်းတို့ ဆင်မင်းဟာ သင်ချစ်သားတို့ကို ပြန်ခွင့်ပြုတယ်၊ ငါဘုရားကိုတော့ နေစေချင်တယ်လို့' မိန့်ပြီး ဆင်မင်းကိုလဲ ဒီလို မိန့်ပါတယ်။

'ပါလိလေယျက အခုငါဘုရားကြွတာဟာ ပြန်မလာပဲ ကြွခြင်းဖြစ်တယ်၊ သင်ဆင်မင်းမှာ ဒီဘ၀နဲ့ ဈာန်လဲမရနိုင်ဘူး၊ မဂ်လဲမရနိုင်ဘူး၊ ကဲ-နေရစ်တော့နော်-

ဆင်မင်းဟာလေ သူ့နှာမောင်းကို ပါးစပ်ထဲထည့်ပြီး ကျုံ့ကျုံ့ပါအောင် ငိုတော့တာပါပဲ၊ ငိုယင်းနဲ့လဲ နောက်ကနေ ကောက်ကောက်ပါအောင် လိုက်လာသေးတယ်ကွဲ့။

ရွာနားရောက်ခါနီးတော့ ဘုရားက သူ့အတွက် မိန့်ပါတယ်၊ 'ပါလိလေယျက ဒီနေရာမှာ နေခဲ့တော့၊ လူတွေနေတဲ့ အရပ်ဟာ ဘေးများတယ်'

ဆင်မင်းဟာ ဝမ်းနည်းယင်း ရပ်ပြီး ငိုနေတယ်၊ တကျိုကျို အော်ငိုပြီး မျှော်ကြည့်ဖူးမြော်နေရှာတယ်၊ ကြည့်ယင်းကြည့် ယင်းနဲ့ မမြင်နိုင်တဲ့အခါမှာ ဝမ်းနည်းတဲ့စိတ်နဲ့ နှလုံးကွဲပြီး သေသွားရရှာတယ်ကွယ်၊ ဒါပေမယ့် ဘုရားကို ကြည်ညိုတဲ့စိတ် ကြောင့် နတ်ပြည်မှာ ပါလိလေယျက နတ်သားဖြစ်ရပါတယ်၊ ဗိမာန်ကရွှေတွေနဲ့ တဝင်းဝင်းလက်နေတယ်၊နတ်သမီးတွေကလဲ တထောင်လောက် ဝိုင်းရံနေတယ်တဲ့။

## (၃) နာဠာဂီရိဆင်ကို အောင်မြင်ခြင်း

ဘုရားကိုပင် နင်မဟဲ့လို့ အတင်းချဉ်းကပ်ပြေးလို့လာ။
အရက်မူးကာ အလွန်ထိုးမယ့်၊ ဆင်ဆိုးကြီးကကြောက်စရာ။
ဗုဒ္ဓဝိဇ္ဇာ မေတ္တာမြွက်တော့၊ ခြေလက်ဒူးတုပ် လိမ္မာရှာ။
လိမ္မာလေသာခါ တရားဟောတော့၊ သဘောကောင်းလို့ ယဉ်ကျေး လာ။

(ယဉ်ကျေးလာ၊ ယဉ်ကျေးလာ။)


တင်ဝွန်းဝွန်း

# လူဆိုးကြီးအင်္ဂုလိမာလအား
# မြတ်စွာဘုရား ခြေချွတ်တော်မူပုံ

# အင်္ဂုလိမာလအား အောင်မြင်ခြင်း

## အရှောင်တောက်နေသော လက်နက်များ

### ( ၁ )

ပသေနဒီ ကောသလမင်းကြီး ညက အိပ်မပျော်ခဲ့၊ သူ၏ ကြင်လျာ သက်ထား မိဖုရား မလ္လိကာဒေဝီမှာမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ သူမသည် ဗုဒ္ဓအား ကြည်ညိုသူဖြစ်သည်။ တခါကဆို ဘုရင်ကောသလခမျာ အိပ်မက်ဆိုး မက်၍ အိပ်မရ ဖြစ်ခဲ့ရသည်။ အစားအသောက်ကလည်းကြီး၊ စည်းစိမ်ခံစားမှုကလည်း များဆိုတော့ ဖြစ်လိုက်လျှင် လဲပြိုးသာချည်း ဖြစ်သည်။ ဒု၊ သ၊ န၊ သော၊ အသံနက်ကြီးများကြား၍ အိပ်မရခဲ့၊ စိတ်ဆင်းရဲလှသဖြင့် အမတ်များအား မေးရာတွင်လည်း ဆင်တရာ၊ ဆိတ်တရာ၊ ယောကျ်ားတရာ၊ မိန်းမတရာစသော ယတြာမှုများနှင့် ယစ်ပူဇော်ရန် စီရင်လိုက်ကြသည်။ အော်လိုက်ဆူလိုက်ကြသည်မှာကျက်ကျက်ကိုညံလို့၊ သေဘေးဆိုတော့ သတ္တဝါတို့ ကြောက်ရှာကြသည်။

စပယ်ဦးစာပေ

ယင်းသို့ဖြင့် ယင်ပူဇော်မှုကို တားထားစေပြီး ဗုဒ္ဓထံ လျှောက်ထားရသည်။ မလ္လိကာ မိဖုရား၏ စိစဉ်မှုပင် ဖြစ်သည်။ ဤမိဖုရားကတော့ ဘုရားကိုပဲ အားကိုးသည်။ ယင်နတ်ပူဇော်တာတွေ၊ သွေးသံရဲရဲ ပသမှုတွေကို မယုံကြည်၊ ဘုရားထံမှ အဖြေရလျှင် စိတ်ရှင်လန်းခဲ့ရသည်။ "မသတ်ကြနဲ့"

တခါကလည်း ဘုန်းတော် အလွန်တရာကြီးမြတ်ပေသော မြတ်စွာဘုရားက ကောသလမင်း၏အိပ်မက် ၁၆ ပါးအကြောင်းကို အကျယ်တဝင့် ဟောကြားခဲ့ပြန်သည်။ 'ဤအိပ်မက်များသည် ယခုမဖြစ်သေး၊ တရားမစောင့်သော မင်းများလက်ထက်မှာ ဖြစ်လိမ့်မည်'ဟု သိခဲ့ရသည်။ ထိုမင်းကား အိပ်မက်အလွန်မက်သောမင်းတည်း။ 'နိမိတ်၊ အတိတ်၊ တဘောင်၊ စနည်း၊ ဘေဝါ'တို့ကိုလည်း ယုံကြည်လေသည်။

ယခုတဖန် ညက အိပ်ပျက်ခဲ့ရသော ဖြစ်ရပ်ကို ပုရောဟိတ်အမတ်အား ပြောပြပြန်သည်။

'အိုပညာရှိ ညက ကျက်သရေမင်္ဂလာရှိတဲ့ ဒီလက်နက်ဟာ အလျှံတွေထွက်တယ်၊ ဒါမြင်တော့ လန့်ပြီး မအိပ်နိုင်ခဲ့ဘူး၊ ဘာများဖြစ်ဦးမှာလဲ အမတ်ကြီး'

"မှန်လှပါ ဒီအတွက် အနေမခက်စေချင်ပါ၊ မစိုးရိမ်ပါနှင့်ဘုရား၊ ညက တပည့်တော် အိမ်မှာ သားတယောက် မွေးပွားပါတယ်၊ စောရနက္ခတ်နှင့် ယှဉ်ပြီးမွေးတာဖြစ်လို့ လက်နက်တွေ အရောင်ထွက်ရတာပါ၊ မြို့ထဲမှာလည်း အန္တရာယ်ဖြစ်ပါတယ်ဘုရား'

'ဒါဖြင့် အဲဒီ သူခိုးနက္ခတ်နှင့် ယှဉ်မွေးတဲ့လူက ဘယ်လိုလဲ၊ တဦးတည်းခိုးမှာလား၊ အဖွဲ့အစည်းလိုက်လားကွဲ့'

"တဦးတည်းနို့မှာပါဘုရား"

"ဒါဖြင့်လည်း ချမ်းသာစွာ နေပါစေ"

ပုရောဟိတ် အမတ်ကြီးသည် ဇနီးသည် မန္တာဏီပုဏ္ဏေးမနှင့် တိုင်ပင်ပြီး သားလေးကို နာမည် ပေးကြသည်။ အဟိံသက မောင်ငြိမ်းချမ်း။

အမည်ဟူသည် ပညတ်သဘောပင် ဖြစ်သော်လည်းကောင်း နိုင်သမျှ ကောင်းရန်နှင့် ညွန့်နိုင်သမျှ ညွန့်နေစေရန် မှည့်တတ်ကြပါသည်။ ဤလူလောက ဓမ္မတာအတိုင်းပင် သူတို့လည်း ကိုယ့်သားကို မောင်ငြိမ်းချမ်း ဟု အကောင်းဆုံး မှည့်လိုက်ကြသည်။အရွယ်ရောက်လာသည့်အခါတွင် ယောကျ်ားတို့တတ်အပ်သည့် အဋ္ဌာရသ ပညာရပ်များ သင်ယူရန် ဒိသာပါမောက္ခဆရာကြီးထံ အပ်နှံလိုက်ကြသည်။ ဆရာကြီးကလည်း အဟိံသက မောင်ငြိမ်းချမ်း၏ ဥပဓိရုပ်ကိုကြည့်ပြီး လူကောင်းတယောက်ဟု ဆုံးဖြတ် လက်ခံလိုက်သည်။

ဆရာကြီး ယူဆခဲ့သည့်အတိုင်းလည်း မှန်ပေသည်။ မောင်ငြိမ်းချမ်းသည် ဆရာအားပညာဖြင့် မပင်ပန်းစေခဲ့ပေ။တထွာပြတလံမြင် ဉာဏ်မျိုးရှိသူ ဖြစ်သည်။ ပညာ သင်ကြားရေးတွင် လွယ်ကူချောမောပေသည်။

တပည့်အများ ရှိသော်လည်း မောင်ငြိမ်းချမ်းကမူ ဆရာ့ဝတ်ကို မချွတ်မယွင်းစေရအောင် ဆောင်ရွက်ပေးသည်။ သူ ပညာ သင်ကြားနေရသည့် ကြားကပင် ဆရာ ကတော်၏ ဝတ်ကြီး ဝတ်ငယ် များကိုလည်း ပေါ့ပါးသွက်လက်စွာဆောင်ရွက်ပေးပြန်သည်။ ဆရာကတော်ကဆိုလျှင် သားအရင်းတမျှ ချစ်ခင်နေရသည်။ မိဝေး ဖဝေး အနေဝေးရသည့် ပညာ

အဟိံသကလုလင်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ
ဆရာကြီးထံ၌ အဋ္ဌာရသ (၁၈) ရပ်သော ပညာများကို
သင်ယူလေ့ကျင့်နေပုံ



သင်ဘဝတွင် မိဘ အစားရသလို ဖြစ်လာသဖြင့် မောင်ငြိမ်းချမ်းက ပိုမို ဝတ်ပြုပြန်သည်။ ဆရာဟူသည် ကျေးဇူးရှင်၊ အနန္တဂိုဏ်းဝင် ဘုရားနှင့်ပင် တဂိုဏ်းတည်း သတ်မှတ်ကြသည် မဟုတ်ပါလော၊ တပည့်ဝတ်ကို မချွတ်ယွင်းစေရ။

အခြားပညာသင် ဘဝတူ တပည့်ချင်းကမူ ဆရာကတော်၏ အရေးပေး ခံရမှုအတွက် ငြူစူဝန်တိုနေကြသည်။ ပညာကလည်း တော်ပြန်၊ ဇာတိ မျိုးနွယ်ကလည်း အမတ်ကြီး သားဆိုတော့ ကိုယ်ထက်သာမနာလို တရားဆိုးများ ဝင်ရောက်လာလေပြီ။

တနေ့ သူတို့ဝိုင်းဖွဲ့၍ ကြံစည် ကြသည်။ မောင်ငြိမ်းချမ်း အတွက် ယုတ်မာစွာ ကြံစည်ကြခြင်း ဖြစ်သည်။ မောင်ငြိမ်းချမ်း ကမူမသိ၊ ဆရာတူတပည့် အချင်းချင်း အကောက်ကြံစည် မည်မဟုတ်ဟု အမြဲယူဆထားသည်။

သို့ရာတွင် သစ်ကောက် ဝါးကောက်ကိုသာ မြင်နိုင်သည်။ လူကောက်ကို မမြင်နိုင် ဆိုသကဲ့သို့ ဤသို့ အကောက်ကြံမှုကို မသိသော မောင်ငြိမ်းချမ်းကဆရာကတော်၏ ဝတ်ကြီး ဝတ်ငယ် များကိုမိခင်ပမာစိတ်ဝယ်ထားပြီး ဆောက်ရွက်ပေးနေရှာသည်။ ပြီးလျှင် ဆရာ့အတွက် ချိုးရေ ခပ်ရပေဦးမည်။

ဤအချိန်တွင် တပည့်များ တဖွဲ့ပြီးတဖွဲ့ ဆရာကြီး ရှိရာသို့ သွားရောက်ပြီး တီးတိုးတိုးတိုးနှင့် အမနာပစကား ဆိုကြသည်။ အဟိံသက ခေါ် မောင်ငြိမ်းချမ်းဟာ ဆရာကတော်နှင့် မကောင်း မရှင်း နေထိုင်ကြောင်း ပြောကြသည်။ ဆရာကြီးက မယုံသဖြင့် ငေါက်လွှတ်လိုက်သည်။ ထိုတပည့်များ ပြန်သွား၍ မယောင် မလည် လှည့်လည်ကြည့်ရာတွင်မူ မောင်ငြိမ်းချမ်းက ရေချိုးခန်း နားတွင် ရေခပ်နေသည်။ ဆရာကတော်ကမူရေချိုးပြီးပြန်လာနေ

သည်။ ဤမြင်ကွင်းမှာ သံသယဝင်စရာမရှိ။ အရွယ်ကလည်း သား နှင့်အမိအရွယ်။ ဆရာကြီးမှာ ဘာမှ သံသယမရှိ။ "ငါ့တပည့် အပေါ် မနာလိုကြတာပဲ" ဟုသာ နှလုံးတားလိုက်သည်။

ရက်တပတ် အတွင်းလောက်မှာပင် တပည့်တချို့က လာ ရောက် ပြောကြပြန်သည်။ သူတို့ကလည်း သံသယ ဝင်နေ ကြောင်း၊ မျှားမကြာမီ နောက်တဖွဲ့ကလည်း လာရောက် ပြော ကြပြန်သည်။ ဤသို့ အကြိမ်ကြိမ် ပြောလာ ကြသောအခါ ဆရာကြီး တုန်လှုပ်လာပြီ။ မျက်စိနှင့် တပ်အပ်သေချာ မတွေ့ ရသည့်တိုင် တပည့်များ ပြောစကားအရဆိုယင်ဖြင့် ဆူးဆိုမှ တကယ့်ဆူးလေးပင် ဖြစ်သည်။ ပညာလည်းစုံ ကြင်လျာလည်းစုံ လုပ်သွားယင် ခက်ရချည့်။ အမတ်ကြီးသားဆိုတော့ အခြေက မသေးလှ။ မဖြစ်ချေဘူး။ မျက်စပ်ပိုးဝင် ဆံတပင်တင်း ချစ် ခြင်းမယား ဤသုံးပါးကား လွန်စွာ ခံပြင်းလှချေသည်။ တော် ကြာ ငါ့ငယ်ချစ်ဦးလေး ပါသွားယင် ခက်ရချည့်။

ဆရာကိုယ်တိုင်ကား တပည့်ကို သတ်ရဲမတော်။ နေပြည်တော် က ကြားသွားလျှင် ရာဇဝတ်ပါ သင့်ဦးမည်၊ လာဘ်လာဘ များလည်း ဆုံးရှုံးဦးမည်။ ဥပါယ်တံမျဉ်ဖြင့် သေစေသည်က ပညာရှိပီသမည်။ ကိုင်း "အာဝဋ္ဋနီမာယာဖြင့် လှည့်ဖြားသတ် မှပဲ"

"လာ....ငါ့တပည့်၊ ပညာအကျိုး တိုးပွားအောင် ဆရာ သင်ပေးစရာရှိတယ်၊ လူ့လက်ညှိုးတထောင်နဲ့ ပူဇော်ယင် မင်း ပညာဟာ ဆုံးစမရှိ တတ်ခေါင်ထိ ဖြစ်မယ်၊ ဒါကြောင့် လူ ငါးရာ သတ်ပေတော့"

"ဆရာ....ကျွန်တော်တို့ အမျိုးက သူတပါးကို မညှဉ်းဆဲပါဘူး၊ မသတ်ပါရစေနဲ့ ဆရာ"

"ဘယ်လိုလဲ၊ ဆရာ့ကို ဒါအကောင်းဆုံး တုံ့ပြန်တာလား၊ မင်းရဲ့ ပညာရေးအတွက် ဆရာ စီစဉ်ပေးတာလေ၊ မင်း တပည့်လိမ္မာဆို၊ ဘာကြောင့် ခိုင်းတာ မလုပ်နိုင်ရမှာလဲ"

တပည့်ဟူသည် ဆရာ့မျက်နှာကို မော်ကြည့်ပြီး ခစား ပညာရှာရသူ၊ ဆရာက အဖြူဟုသင့်လျှင် တပည့်ကလည်း 'အဖြူ' ဟု မှတ်လိုက်ရသည်။ တကယ့် သဘာဝတရားက အမည်းဖြစ်နေသော်လည်း ဆရာ သင်သည်ကိုပင် အမှန်မှတ်ရပေမည်။ ဆရာ့လောက် မကျွမ်းကျင် မနှံ့စပ်သဖြင့် တပည့်ခံနေရသည် မဟုတ်ပါလော။

## ကြားဖြတ်နိတိ

တခါကဆို ဂဏန်းကလေးတကောင် ကားရားကားရားနဲ့ ဧရိုး သွားနေသည်။အခြားသတ္တဝါ မှန်သမျှ မျက်စိရှေ့သို့သာ လှမ်းပြီးတက်သွားကြသည်။ ဂဏန်းမှာ ကန့်လန့် သွားနေသဖြင့် မြင်မြင်သမျှ မိတ်သင်္ဂဟအများက မေးကြသည်။

"အဆွေဂဏန်း သူတကာလို ရှေ့တည့်တည့် သွားပါဗျာ၊ ကန့်လန့်ကန့်လန့် မသွားပါနဲ့ဗျ"

"အဆွေတို့ ပြောတော့ လွယ်တယ်၊ ကျွန်တော့် ဆရာသမားက ဒီလို "ကန့်လန့်" သင်ထားတာဗျ" ဟု ပြန်လည်ချေပလိုက်သည်။ ယင်းကြောင့် တပည့်ဟူသည် ဆရာသင်တိုင်းသာ ဖြစ်ရတတ်သည်တည်း။

ခြေခွင်သော မြင်းသမား၏ သွားလာပုံကို မြင်တော့ မြင်းကလည်း သူ့ကို ဒီအတိုင်း သင်သည်ဟု ထင်ကာ မြင်းကောင်းစင်စစ်က ခြေခွင်ပြီး သွားနေသော ထုံးလည်း ရှိခဲ့ဖူးသည်။

ခိုးဆိုး တိုက်ခိုက် လုယက်တတ်သော လူဆိုးတစု၏ ကြမ်းတမ်းသော ပြောဆိုမှု များကို အမြဲမပြတ် ကြားနေရသော ဆင်လိမ္မာ တကောင်မှာလည်း "ငါ့ကို ဒါတွေလာ သင်ပေးနေတာပဲ"ဟု မှတ်သားကာ ကြမ်းတမ်းစွာ ပြုမူလုပ်ရှားခဲ့ဖူးသည်။

အဟိံသက ဘယ်သူ့မှ မသတ်ဖြတ်၊ မညှဉ်းဆဲသူ၊ ငြိမ်းချမ်းမှု မြတ်နိုးသူ မောင်ငြိမ်းချမ်းမှာ ဆရာ၏ လှည့်ဖြားမှုကို ခံလိုက်ရပါပြီ၊ မိန်းမနှင့် ဆက်စပ်လာတော့ ဆရာကြီးလည်း မခံနိုင်၊ ရက်စက်လေပြီ။ တပည့်ကောင်းတဦး ဆုံးရှုံးသော်ငြားလည်း မိန်းမ ပါမသွားလျှင် တော်လေပြီဟု ယူဆလိုက်တော့သည်။ ထိုအချိန်မှစ၍ အဟိံသကမှာ ဓားလှံ လက်နက်များကို ယူကာ တောထဲ ပြေးခဲ့ရပြီ။

"မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာရပေမည်"

တဦးတယောက် ချမ်းသာ ကောင်းစားမှု၊ အခြံအရံ အကျော်အစောရှိမှု၊ စီးပွားပညာ တိုးတက်မှုများနှင့်စပ်လျဉ်း၍ မနာလို ဝန်တိုမှု မရှိကြရန် မြတ်စွာဘုရား ဟောတော်မူသည်။ ကြီးပွားမှုကို တွေ့လျှင် မုဒိတာ ဖြစ်ရမည်။ ဝမ်းမြောက်ရမည်။ ဆင်းရဲမှုတွေ့လျှင် ကူညီရမည်၊ မကူညီနိုင်လျှင် ကရုဏာ ဖြစ်ရမည်ဟုလည်း ဟောတော်မူသည်။ အဘယ့်ကြောင့်ဆိုသော်

ထိုမနာလို့မှု ဝန်တိုမှု တရားဆိုးများသည် လွန်စွာ ကြောက်ပွယ်ကောင်းသောကြောင့် ဖြစ်သည်။

ကဿပ ဘုရားရှင် လက်ထက်က ကျောင်းထိုင် ဘုန်းကြီးတပါးမှာ သူ့ကျောင်းရောက်လာသည့် အာဂန္တု ရဟန်းတော်အား ကျောင်း ဒါယကာ ကျောင်း အမများက ရိုသေကြည်ညိုကြသဖြင့် ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ကြရာ မနာလိုဝန်တို မိနေလေသည်။

- ခေါင်းငုံ့ပ်စား ကောင်းကောင်းနဲ့ ရိပ်မယ့်အစား ထန်းစေ့မှုတ်နဲ့ နုတ်ပါလား၊
- သက်န်းကောင်းကောင်းလေး ဝတ်မယ့်အစား ကိုယ်တုံးလုံးနေပါလား၊
- ခုတင်သန့်သန့်ပေါ်မှာ အိပ်မယ့်အစား မြေပေါ်မှာ အိပ်ပါလား၊
- ဆွမ်းကောင်း စားမယ့်အစား၊ မစင်ကိုစားပါလားဟု ဆဲရေးခဲ့သည်။
- ဆွမ်း စား ပင့် ရာ တွင် လည်း အာဂန္တုမကြားအောင် ခေါင်းလောင်းကိုလက်သည်းနဲ့အသာခေါက်ပြီး တပါးတည်း ကြွသည်။
- ကျောင်းဒါယကာက ဆွမ်းလှူထည့်ပေးသည်ကိုလည်း ကောင်းကောင်းစားရလျှင် ငါ့ကျောင်းက ပြန်မှာ မဟုတ်ဟု ယူဆကာ လမ်းတွင် သွန်ပစ်ပြန်သည်။

ထိုတရားဆိုးများကြောင့် သေသောအခါ ငရဲကျရသည်။ ယခု ဘုရားပွင့်မှ လူဖြစ်ရသော်လည်း သူ့စေတနာဆိုးအတိုင်း

အဝတ်မပါနေခဲ့ရသည်။ ငယ်ငယ်ကပင် မစင်စားနေသဖြင့် မိဘတို့က ပရဗိုဇ်ကျောင်း ပို့လိုက်ကြသည်။ ပရဗိုဇ်များကလည်း သန်းစေ့မှုတ်နှင့် ဆံပင်နုတ်ပြီး ပရဗိုဇ်ဝတ်ပေးကြသည်။ မစင်စားဆဲမို၍ နှင်လိုက်ကြသည်။ နှစ်ပေါင်း ၅၀လုံးလုံး မစင်စားပြီး ဇမ္ဗုကဆရာအဖြစ်နှင့် ထင်ရှားခဲ့သည်။ မြတ်စွာဘုရားကယ်ဘင်မှ ထိုဘဝမှ ကျွတ်လွတ်၍ ရဟန်းဖြစ်ခဲ့ရရှာပေသည်။

("ယင်းကြောင့် အမျိုးဘာသာ သာသနာကြီးပွားရေးလိုလားသူမှန်က အမျိုးသားကြီးပွားတိုးတက်ရေးကို ဝိုင်းဝန်းအားပေးကြရမည်။ မနာလိုဝန်တိုမှု မရှိသင့်ပေ။ စွမ်းနိုင်သူများကလည်း မှန်ကန်ဖြောင့်မတ်စွာ ဆောင်ရွက်လုပ်ကိုင်သင့်လှသည်။ အကျိုးဆောင်နိုင်သောဂုဏ်နှင့် ဖြူစင်ဖြောင့်မတ်သောဂုဏ်ကိုသာ အလိုရှိကြရမည်။ ဤစိတ်ဓာတ်များသည် လွန်စွာအထက်တန်းကျသဖြင့် မျိုးချစ်သူတိုင်း လက်ကိုင်ထားကြရပေမည်။")

ဒိဋ္ဌိသက္ကာ မကွာသမျှ၊ လူတွင်စကြာ၊ နတ်မှာသိကြား၊
မိုးဗျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊
ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။

အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိတရားဆိုး ၂ပါး မကုန်ခန်းသေးပါက ကံကုသိုလ်ထောက်ပင့်၍ သမ္မတ၊ ဘုရင်၊ စကြဝတေးမင်း၊ သိကြားဗြဟ္မာ ဖြစ်ရသော်ငြားလည်း ထိုကုကံသိုလ် ပျက်ပြုန်းက ထက်ဆုံးကနေ အောက်ဆုံးဘုံငရဲအထိ ကျရောက်သွားနိုင်ပေသေးသည်။

ဆန္ဒာဂတိ-ချစ်၍မှားယွင်းစွာ ဘက်လိုက်မှု

ဒေါသာဂတိ-စိတ်ဆိုးဒေါသထွက်၍ မှားယွင်းစွာ ဘက်လိုက်မှု

မောဟာဂတိ-တွေဝေမသိ၍ မှားယွင်းစွာဘက်လိုက်မှု

ဘယာဂတိ-ကြောက်လန့်သဖြင့် မှားယွင်းစွာ ဘက်လိုက်မှု

ဤအကုသိုလ်အစုစုကလည်း ကြောက်ဖွယ်ကောင်းလှသည်။ အရပ်လေးမျက်နှာမှ တပည့်တို့၏ ဆရာတဆူ အခေါ်ခံနေသော ဒိသာပါမောက္ခ ဖြစ်ရလျက် တပည့်ယုတ်များ၏ စကားလိုက်မှားကာ ဒေါသာဂတိ လိုက်မိရရှာသည်။ ယင်းဂတိလိုက်မိလျှင် မောဟာ ဂတိကလည်း ပါလာပြန်သည်။ တွေဝေခြင်း သံသယဝင်ခြင်း ဖြစ်လာသည်။ ယင်းအခါ အမှန်ကိုမသိနိုင်တော့သဖြင့် ဘက်လိုက်မှားယွင်းမိတတ် လေသည်။

## ဆိတ်သည် ခွေးမဟုတ်

တခါက ပုဏ္ဏားတဦး ယဇ်ပူဇော်ရန် ဆိတ်တကောင် ထမ်းလာသည်။ လမ်းတွင် အရက်သမားများနှင့် တွေ့ရသည်။ သူတို့သည် ညှိနှိုင်းထားကြသည့်အတိုင်း ထိုပုဏ္ဏားအား ထင်ယောင်ထင်မှား ဖြစ်အောင် ပြောကြသည်။ 'ပုဏ္ဏားမြတ်ဖြစ်လျက် ခွေးထမ်းလာသည်'ဟု ဝိုင်းပြောကြသည်။ သို့ရာတွင် ပုဏ္ဏားက 'ဒါ ဆိတ်ပါပဲ'ဟု ဆိုပြီး ဆက်လာခဲ့သည်။ ဒုတိယအဖွဲ့က ပြောပြန်သည်။ 'ဒါ ဆိတ်ပါပဲ'ဟုဆိုပြီး ဆက်ထမ်း

လာခဲ့သည်။ တတိယ အဖွဲ့ကပြောကြလျှင်မူ 'ကိုင်း ငါက ထင်နေပေမယ့် ဆိတ်မဟုတ်ဘူး ခွေးကြီးတဲ့ကွာ၊ သွားပေတော့'ဟု ဆိုကာ လွှတ်ချထားခဲ့ရသည်။ ပုဏ္ဏား မျက်ကွယ်ပြုတော့အရက်သမားတို့ ဝိုင်းသတ်စားကြလေသည်။

ဆိတ်စင်စစ်ကိုပင် ခွေးထင်မိလေသော ပုဏ္ဏားပေ။ အပြောများလာလျှင် ထိုသို့ပင် အထင်ရောက်တတ်ကြသည်။ သို့ရာတွင် "ဆိတ်သည် ဆိတ်ဖြစ်၍ ခွေးမဟုတ်ပေ"

အဟိံသက အမည်ဟောင်းဘဝမှ အင်္ဂုလိမာလ အမည်သစ်ရလာသော တက္ကသိုလ်ကျောင်းသားကြီးကို ကြည့်ကြပါဦး။ ယခုဆိုလျှင် သူသည် လူသတ်ဗိုလ် အကြီးစားကြီး ဖြစ်နေလေပြီ။ လူဆိုးကြီးဟုလည်း နာမည်ကျော်ကြားနေလေပြီ။

သတ်ခဲ့သမျှ လူများကလည်း များလှပေပြီ။ ဘယ်နှစ်ယောက်ရှိမှန်းပင် မသိရတော့။ ရံခါ အပြန်မှ ယူမည်ဟု ယူဆကာ ဖြတ်ရသမျှ လက်ညှိုးကို ချုံစပ်တွင် ထားခဲ့သည်။ အပြန်ကျမရှိတော့။ သစ်ငုတ်ပေါ် တင်ထားလျှင် မေ့ကျန်တတ်ပြန်သည်။ လူ့အသက်များစွာ သတ်ဖြတ်လာခဲ့သဖြင့်လည်း စိတ်ပျံ့လွင့်နေသည်။ မှတ်ဉာဏ်လည်းမကောင်းတော့။ ယင်းကြောင့် သတ်ခဲ့သော လူဦးရေလည်း မသိရ၊ လက်ညှိုး အရေအတွက်လည်း မမှတ်မိ ဖြစ်နေသည်။

ထို့နောက် လက်ညှိုးများကို အပေါက်ဖောက်၍ ကြိုးနှင့်သီထားလိုက်သည်။ ထိုလက်ညှိုးများက ပန်းကုံးသဖွယ်ပင်ဖြစ်နေသည်။ ရံခါ အပြေးအလွှား ကြုံရလျှင် ပြေးရသည်။ ထိုအခါ လည်ပင်းစွပ်ထားလိုက်သည်။ ယင်းကြောင့် အင်္ဂုလိ

လက်ချောင်း၊ မာလ–ပန်း၊ 'လက်ညှိုးပန်း'ရှိသူ အမည်တွင်လာသည်။

'အင်္ဂုလိမာလတဲ့ဟေ့'ဟု အသံကြားရလျှင် မကြောက်သူမရှိ၊ ကြောက်လွန်း၍ အချို့ လယ်ယာပင် မလုပ်နိုင်ကြ ရွာကို စွန့်သူတို့ စွန့်ကြသည်။ နိဂုံးကို ပစ်ပြေးသူတို့ ပြေးကြသည်။ ထိုလူဆိုးမှာ အဝတ်တထည် ခေါင်းပေါင်း၀ တပိုင်းမျှမယူသော်လည်း လူကိုမူ သတ်ဖြတ်လွန်းလှသည်။ တခါတရံ ရွာများသို့ ချဉ်းကပ်ပြီး အိမ်တံခါးများကို ခြေပြင်းပြင်းဖြင့် ဆောင့်ကန်ပင်လိုက်သည်။ တွေ့သမျှသတ်၊ လက်ညှိုးကိုဖြတ်၊ ပညာရေးအတွက် ပူဇော်ရမည် မဟုတ်ပါလော။

ဆရာဆိုး၏ စကားတခွန်းကို နာယူမိသည်နှင့် တပည့်လည်း ဆင်းရဲရ၊ သူနှင့် ဆက်စပ်သူများလည်း ဆင်းရဲရနှင့် ဆရာအတင်မှားလျှင် ဤသံသရာတခွင်၌ ပါစင်အောင် လွဲမှား သွားနိုင်ပေသည်။

တောတွင်းသား အင်္ဂုလိမာလသည် သမင်လိုက်၍ စားသည့်အခါ စားရ၏။ ရံခါ၌ ဆင်ကိုပင် ဖမ်းယူသတ်စားတတ်၏။ ချေငယ် စိုင် ဆတ်တို့က နေ့စဉ် အာဟာရများပင် ဖြစ်သည်။ တောမှာနေ တောကောင်ကိုစား တောစိတ်ပေါက်ပြီး ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းနေသော အင်္ဂုလိမာလကြီးပါပေ။ သွေးစွန်းသော လက်ပိုင်ရှင် (၀ါ) သွေးနံ့လွှမ်းသော လက်ပိုင်ရှင်ကြီးပါပေ။ မြင်မြင်သမျှ သတ်ဖြတ်လွန်းသဖြင့် သနားကရုဏာတရားလည်း ခေါင်းပါးလှ၏။ ယင်းကြောင့် ကရုဏာကင်းသူ အကြင် နာခေါင်းပါးသူကြီးလည်း ဖြစ်နေပေသည်။

သာဝတ္ထိပြည်က ပသေနဒီမင်း၏ နန်းရင်ပြင်တွင်မူ စစ်ပြေး ဒုက္ခသည်တို့ဖြင့် ပြည့်နှက်နေလေပြီ။ ကယ်ပါ ယူပါ တစာစာ အော်ဟစ်ယင်း အရေးဆိုနေလေသည်။

ပုရောဟိတ် အမတ်ကြီးသည် ဒုက္ခသည်တို့၏ ငိုကြွေးသံ၊ တိုင်တန်းသံများကိုကြား၍ စဉ်းစားနေသည်။ ဤအင်္ဂုလိမာလ ဟူသည် အခြားသူ မဖြစ်နိုင်၊ ငါတို့သားပင် ဖြစ်ပေမည်။ ဤသတင်းဆိုးကြီး ကြားခဲ့ရသည်မှာ ကြာလည်း ကြာခဲ့လေပြီ။

ဇနီး မန္တာဏီပုဏ္ဏေးမနှင့် တိုင်ပင်ညှိနှိုင်းကြသည်။ ရှင်ဘုရင် ကိုယ်တိုင် ထွက်ပြီး နှိမ်နင်းမည်ဟု ဆိုသဖြင့် သားအသက်ကား မလွတ်ပြီ။ သို့သော် ကြံဆောင်လိုကြသေးသည်။ မည်မျှပင် ပြည်သူအများက သနားမဖက် ရက်စက်နိုင်ကြသော်လည်း မိဘ တို့ အစဉ်အလာ ဓမ္မတာတရားအရ ဝမ်းနှင့် လွယ်ဖွားခဲ့ရတော့ လည်း ကြင်နာမှုမေတ္တာကဖြစ်ပေါ်လာကြပြန်သည်။ သားဆိုး အဖေ တပေပေဟုပင် ဆိုဆို ဆိုလိုက်ကြပါတော့။ ဆိုးသော သားကို ဆိုး၍ပင် ချစ်ရပြန်သည် မဟုတ်ပါလော။

ဖခင်မှာ သွားခေါ်၍မဖြစ် သူခိုးဖအေ၊ လူဆိုးဖအေဟု သိလျှင် မသက်သာ၊ ဝိုင်း၍ ခုတ်ထစ် သတ်ပစ်ကြပေမည်။ မိခင်မှာ မိန်းမသား၊ သက်သာဖွယ်ရှိသည်။ ယင်းကြောင့် မန္တာဏီ ခမျာ သား အင်္ဂုလိမာလထံ သွားရလေပြီ။

( ၃ )

ဗုဒ္ဓရှင်တော် မြတ်ကြီးသည် သာဝတ္ထိပြည် အနာထပိဏ် သဌေး၏ လှူခါန်းထားချက်အရ ဇေတဝန်ကျောင်းတော်တွင်

၁၄ ဝါမြောက် ဝါဆိုတော်မူသည်။ ထိုစဉ်– မဟာကရုဏာ သမာပတ်ဝင်၍ ရှုစားတော်မူရာ အင်္ဂုလိမာလ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူလေသည်။ အကယ်၍ မကြွလျှင်မူ မိခင်ကိုပင် သတ်မိပေမည်။ အမိကို သတ်မိပါက ''မာတုဃာတကကံကြီး'' ထိုက်၍ အဝီစိ ငရဲကျရှာပေမည်။ ဤသို့သော ကံဆိုးမှ လွတ်မြောက်ရန် မြတ်စွာဘုရား ကြွတော်မူလေသည်။

ဗုဒ္ဓသည် အဖော်မပါ ကိုယ်တော်မြတ် တပါးတည်း ကြွတော်မူလာခဲ့သည်။ နွားကျောင်းသားများကမူ ''လူဆိုးကြီး အင်္ဂုလိမာလ သောင်းကျန်းနေပါ၍ မကြွပါနှင့် ဘုရား'' ဟု လျှောက်ထားကြသည်။ လယ်သမား၊ ယာသမားများကလည်း တောင်းပန်ကြသည်။ ဗုဒ္ဓအား မည်သူ၏လက်နက်နှင့်မျှ မသေနိုင်သည်ကိုမူ မသိကြပေ။ သူတို့၏ ကရုဏာ မေတ္တာတရားများဖြင့် လျှောက်ကြခြင်း ဖြစ်သည်။ ဗုဒ္ဓကား တုဏှိဘာဝေ ဆိတ်ဆိတ်နေယင်း ဆက်လက် ကြွတော်မူသည်။

အင်္ဂုလိမာလမှာ လူသတ်ရသည်ကို ငြီးငွေ့လာပြီး၊ ရှိရှာ စက်ဆုတ်ပါလေပြီ။ သူသည် နှစ်ပေါင်းများစွာ ဆိုးသွမ်းသတ်ဖြတ်လာမိခဲ့ပြီ မဟုတ်ပါလော။

''ယနေ့သာလူတယောက်လောက်ရယင် လက်ညှိုးတထောင်ပြည့်တော့မယ်။ ဘယ်သူ့ကိုပဲ တွေ့တွေ့ ဖမ်းမယ်၊ သတ်မယ်။ ပညာအကျိုး ကြီးအောင် ပူဇော်လိုက်မယ်။ ပြီးယင်တော့– ရေမိုးချိုး၊ ဆံမုတ်ဆိတ်တွေဖြတ်၊ သတ်သတ်ရပ်ရပ် ဖြတ်လိုးပြီး မိဘထံ ပြန်မယ်''

အင်္ဂုလိမာလသည် ယင်းသို့ အမိဋ္ဌာန်ပြီး ၉၉၉ ယောက်တို့၏ လက်ညှိုးများကို စွပ်ယူလျက် တောအုပ်အတွင်းမှ ချောင်းမြောင်းနေသည်။

မကြာပါချေ။ ရဟန်းတပါး ဣန္ဒြေရရ ခြေလှမ်းခပ်မှန်မှန်ဖြင့် ကြွလာနေသည်။ အင်္ဂုလိမာလ အံ့ဩသွားလေသည်။ သူတကြိမ်မှ ရဟန်းတော်များကို မသတ်ဖြတ် ဖူးခဲ့သော်လည်း ယနေ့အဖို့မူ တထောင်ပြည့်ရန်အတွက် သတ်ရပေမည်။ သို့ရာတွင် သူ့စိတ်ထဲ၌ အံ့ဩလွန်း၍ မလိုက်မိသေး။ ရပ်လျက်ကြည့်နေမိရှာသည်။ ရဟန်းတော်ကား သူ့ဆီသို့ပင် လာနေသည်။

"ငါပဲ့ အင်္ဂုလိမာလတဲ့ဟေ့–"

အော်ဟစ်ငြာသံပေး၍ လိုက်လေသည်။ တဟုန်တိုး ပြေးလိုက်မိသည်။ ဒုတ်ခေးလက်နက် ပါသူများပင် အင်္ဂုလိမာလအသံကြားက ကြောက်လန့်ထွက်ပြေးကြရ၏။ မပြေးနိုင်ပါကအသတ်ခံရကြရှာသည်။ ဤရဟန်းကား ခပ်မှန်မှန်ပင် ကြွတော်မူနေသည်။ လိုက်သော်လည်း မမီသေး။ ရံဖန်ရံခါ မိလုလုရှိလျှင်မြောင်းကြီးများ ကန့်လန့်ခံနေတတ်သည်။ ချောက်ကြီးများ၊ တောင်ကုန်းများ၊ သစ်တောကြီးများ တခုပြီးတခု ကန့်လန့်ကာဆီးထားသဖြင့် ထင်သလောက် မလွယ်ကူပေ။

"ဟောဟဲ....ဟောဟဲ"

ချွေးသံရဲရဲဖြင့် အမောဆို့နေရှာသော အင်္ဂုလိမာလ၊ ဆင်ကိုပင် အမိ ဖမ်းခဲ့ဖူးသော အင်္ဂုလိမာလ၊ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်တို့ပင် လက်ရ ဖမ်းဆီးနိုင်ခဲ့ဖူးသော အင်္ဂုလိမာလ၊ အားအစွမ်းတွေ ခန်းခြောက်လို့ နေလေပြီ၊ နဖူးမှ ချွေးသီး ချွေးပေါက်ကြီးများပင် ကျလို့၊ လက်ကတီး ကြားက ချွေးတွေက

လည်း ရေချိုးထားသလို တစက်စက် ကျနေသည်။ အဝတ်အစား
လည်းခြောက်၊ ရေကလည်းငတ်၊ မဟန်နိုင်တော့ပေ။

"အို....ရဟန်း ရယ်လေ"

"ငါရယ်နေတယ်၊ သင်သာ ပြေးလွှား နေခြင်းဖြစ်တယ်"

"ရဟန်း သင်သွားနေပါရဲ့၊ ဘာကြောင့် ရပ်တယ်လို့ပြော
ပါသလဲ"

"အင်္ဂုလိမာလ ငါကား လက်နက် ချပြီးသူဖြစ်တယ်၊
သတ္တဝါတွေကို မသတ်မဖြတ် မညှဉ်းဆဲပေဘူး၊ ငါ့မှာ ဆင်းရဲ
မရှိတော့ပေ၊ သံသရာ မကျင်လည်တော့ပေ၊ ဒါကြောင့် ငါ
ရပ်နေတယ်၊ သင့်မှာကား စောင့်စည်းမှုမရှိ၊ သနားညှာတာမှု
မရှိ၊ တသက်ဘည်း သတ်ဖြတ်နေတယ်၊ ဆင်းရဲရဦးမယ်၊ သံသရာ
ကျင်လည်ပြီး သွားလာရပေဦးမယ်၊ ဒါ့ကြောင့် သင် သွားနေ
တယ်လို့ ငါပြောကြားခြင်း ဖြစ်တယ်"

ထိုတရားတော်များ နာရတော့ အင်္ဂုလိမာလ သတိဝင်လာ
သည်။ ဆင်ခြင်ဉာဏ် ဝင်လာသည်။ သံဝေဂကလည်း ရလာ
သည်။ မှန်သော စကားကို ဆိုတော် မူတတ် ပါပေသော
မြတ်စွာဘုရား၊ အချိန်ကြာမှာပဲ ရောက်တော် မူလာပေတယ်၊
တပည့်တော် မြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်ပါ၏။
မကောင်းမှုများကို ရှောင်ရှားပါတော့မည် ဘုရား"

ထို့နောက် အင်္ဂုလိမာလသည် ထုံးအိုင် ကမ်းပါး ပြတ်သို့သွား
ကာ လက်နက်များ ပစ်ချလိုက်သည်။ လက်ညှိုးဖြင့် ပူဇော်
မှုကိုလည်း အချည်းနှီးမှန်း သိရသဖြင့် တခါတည်း စွန့်ချလိုက်
တော့သည်။ မှားခဲ့သမျှ အပြစ်များကို ဗုဒ္ဓထံ ဝန်ချ တောင်း
ပန်သည်။ ထို့နောက်–

မိခင်နှင့် ကွဲနေသော သားသည် မိခင်ကို မြင်လျှင် လွန်စွာ
ဝမ်းသာ ပျော်ရွှင် သကဲ့သို့ ဘုရားနှင့် တွေ့ရသောအင်္ဂုလိမာလ
ကလည်း ဝမ်းသာ ကြည်နူးနေသည်။ သားငယ်သည် မိခင်အား
အဝတ်အစားပူဆာသကဲ့သို့ အင်္ဂုလိမာလကလည်း ဘုရားထံတွင်
ပြဿနာအဖြစ်ကို တောင်းပန် ပူဆာလေသည်။ ဗုဒ္ဓသည် အင်္ဂုလိ
မာလ၏ ဟေတုကတ္တု အဖြစ် ဘုန်းကံရှိသည်ကို သိတော်မူ၍ "ဟေတု
ကတ္တု" ခေါ်ဆောင်မူလေသည်။

(၄)

တနေ့သ၌ အရှင်အင်္ဂုလိမာလ ဆွမ်းခံဝင်ယင်း အဖြစ်အပျက်
တခု ကြုံခဲ့ရသည်။ ဆွမ်းခံအိမ်မှ ကိုယ်ဝန်ဆောင် မိန်းမလေး
မှာ သားမဖွားနိုင်၍ ဆင်းရဲဝေဒနာ ပြင်းစွာ ခံစားနေရသည်။
ဘငိုငိုတညည်းညည်း အသံကိုကြားသဖြင့်စိတ်မချမ်းမြေ့။သနား
ကရုဏာ ဝင်လာသည်။ ဤအဖြစ်အပျက်ကို ဖခင် ဗုဒ္ဓအား
ပြန်လည် လျှောက်ထားရာတွင် ဗုဒ္ဓက သူ့အား သစ္စာဆိုပြီး
ဆုပေးခိုင်းလိုက်သည်။

"နှမ၊ ငါဟာ လူ့ဘဝ ရောက်ကတည်းက သူများအသက်
မသတ်ဖူးပါ၊ ဤသစ္စာစကားကြောင့် နှမ ကျန်းမာချမ်းသာ
ပါစေ"

"မြတ်စွာဘုရား၊ ဒီအတိုင်းဆိုယင် တပည့်တော် လိမ်ရာကျ
ပါလိမ့်မယ် ဘုရား၊ တပည့်တော်ဟာ လူပေါင်းများစွာ သတ်မိ
ခဲ့ပါတယ် ဘုရား"

''ကဲ....ဒါဖြင့် ဒီလိုဆိုပြီး ချမ်းသာအောင် ပြုလေ''ဟု ပြင်ပေးလိုက်သည်။ အင်္ဂုလိမာလသည် ကိုယ်ဝန်ဆောင် မိန်းမ၏ အိမ်ရှေ့ခန်းမှနေ၍ သစ္စာ ဆိုလိုက်ပါသည်။

''နှမ....ငါဟာ ရဟန်းဘဝ ရောက်တဲ့အချိန်စပြီး သူတပါး အသက် မသတ်ဖူးပါ၊ ဤသစ္စာစကားကြောင့် မိခင်ရောကလေး ပါ ကျန်းမာချမ်းသာပါစေသတည်း'' ထိုအခါ သားငယ်သည် ခမ္မကရိုဏ်းရေစပ်မှ (ရေကရားမှ) ကျလာသော ရေပမာ ရှောရှူစွာ ဖွားမြင်နိုင်ခဲ့ပေသည်။

မိန်းမများသည် သတင်းလွှင့်ရာ၌ လွန်စွာ ပျံ့နှံ့လွယ်ကြသည်။ ခုလည်း အင်္ဂုလိမာလ သစ္စာဆို၍ သားမွေးနိုင်သည်ကို တမြို့လုံး လှည့်လည် ချီးမွမ်းပြောပစ်ကြသည်။ တခုတော့ အရှင် အတွက် ကောင်းသွားသည်ဟု ဆိုရပါမည်။ အယင်က အရှင် ဆွမ်းခံကြွလာလျှင် 'ဘုန်းကြီးလူဆိုး'ဟု မကြားတကြား ပြောကြားပြီး ရှောင်နေခဲ့ကြသည်။ ရှောင်မရလျှင် ကျောပေးနေကြသည်။ ဆွမ်းလောင်းဖို့ကား ဝေးဘိခြင်း၊ ယင်းကြောင့် အရှင်အင်္ဂုလိမာလမှာ ဆွမ်းအတွက် အခက်ပွေ့ခဲ့ရသည်။

ယခုကား အဆင်ပြေလို့ နေပါပြီ။ ထိုမိန်းမများကိုပင် သာဓု ခေါ်ရဦးတော့မည်။

ရဟန်းဖြစ်မှန်းသိချိန်က ကောသလသည် ပစ္စည်းလေးပါး ဖြင့် ဖိတ်ခဲ့ပါ၏။ သို့ရာတွင် မူတင်ဆောင်၍ အပူတပြင်း ကျင့်နေသဖြင့် ပယ်မြစ်ခဲ့သည်။ ဆွမ်းခံယင်း ရသမျှဖြင့်သာ ရောင့်ရဲခဲ့သည်။ ယခု ဆွမ်းကွမ်းပြည့်စုံ၍ တရားအားထုတ် ရှုမှတ်နိုင်ခဲ့ပါပြီ။ လောက၌ ရှိကြကုန်သော ကိလေသာ ကုန်ခန်းပြီး နိဗ္ဗာန်မြင်ကြသည့် ရဟန္တာတို့တွင် စာရင်းဝင်လာခဲ့ပါပြီ။

တနေ့ ဆွမ်းခံကြွစဉ် လူများ အမှတ်မထင် ပစ်ခတ်ကြသည့် တုတ်များ၊ ခဲများသည် အရှင်အင်္ဂုလိမာလ၏ ဦးခေါင်းပေါ် ချည်း ကျရောက်လာကြသည်။ ရှောင်၍ မရခဲ့ပါ။ ထို့ကြောင့် ခေါင်းကွဲခဲ့သည်။ သွေးတို့ကား မရပ်မနားစီးလို့ ကျလာသည်။ သပိတ်လည်း ခဲမှန်၍ ကွဲခဲ့ပြန်ပါပြီ။ သင်္ကန်းကလည်း စုတ်ပြတ်လို့ ကုန်ပါပြီ။ ဤပုံစံနှင့် ဘုရားထံ သွားသည်။ အဖဘုရားရှင်၏ မိန့်ကြားချက်များမှာ သူ့အတွက် ဆိလျော်သည်ဟု ယူဆပြီး ဖြေခဲ့ရပါသည်။

"မကောင်းမှု ချုပ်ငြိမ်းတဲ့ ချစ်သား သည်းခံလိုက်ပါ၊ သင် ကျူးလွန်ခဲ့သမျှ အပြစ်များဟာ နှစ်ပေါင်း ရာထောင်မက ငရဲမှာ ခံရဖို့ရှိတယ်။ ယခုတော့ လက်ငင်းပဲ ခံလိုက်ရပါပြီ"

ရဟန္တာလည်းဖြစ် ဗုဒ္ဓအဆုံးအမလည်း ရသဖြင့် အရှင် အင်္ဂုလိမာလမှာ ဈာန်ချမ်းသာဖြင့် နေနိုင်ခဲ့ပါသည်။ ဆိတ်ငြိမ် အေးချမ်းတဲ့ သစ်ပင်ရင်းမှာ သီတင်းသုံးယင်း ဘဝအတွေ့အကြုံ ကို ဤသို့ ဥဒါန်းကျူးခဲ့ရှာပါသည်။

"အယင်က မေ့လျော့ခဲ့ပြီး သတိရလို့ ဆင်ခြင်မိလာတဲ့အခါ မျိုးဟာ တိမ်ထဲက ထွက်လာတဲ့လမင်းလိုပါပဲ အလင်းရောင်လို တောက်ပနိုင်ပါတယ်။

"မိမိတို့ရဲ့ မကောင်းမှု အကုသိုလ်ကံကို ကုသိုလ်တရားနှင့် ပိတ်ဆို့ ကာကွယ်နိုင်သူဟာလည်း မြူဘိမ်ကင်းတဲ့ လခင်းလို သတ္တလောကကို အရောင်ပေးနိုင်ပါတယ်။

"လူငယ် လူရွယ်ဘဝမှာပဲ သာသနာ့ဘောင် ဝင်ရောက်သင့် ပါတယ်။ ဒါမှလဲ ကျန်းမာစွာနဲ့တရားရှုမှတ်ပွားများနိုင်မှာဖြစ်

တယ်။ ဒီလို ပုဂ္ဂိုလ်များဟာ သတ္တလောကရဲ့ ကောင်းကျိုးများစွာ ဆောင်နိုင်ပါတယ်။

''ငါ့ရန်သူတွေကို တရားစစ် တရားမှန် နာကြားဖို့ ဆန္ဒပြုပါတယ်။ ဘုရားသာသနာမှာ ဝင်ရောက်ပြီးတရားရှုမှတ်နိုင်ပါစေ၊ သူတော်ကောင်း အစစ်အမှန် တို့ ထံမှာ ချဉ်းကပ်နိုင်ပါစေ၊ သည်းခံလေ့ရှိသော မေတ္တာ ကရုဏာ ပြည့်ဝသော ဒီတရားတွေကိုလည်း ချီးကျူးအမွှမ်းတင်လေ့ရှိတဲ့ ပုဂ္ဂိုလ်မြတ်တွေရဲ့ တရားကို နာကြားခွင့် ရကြပါစေ၊ ကျင့်ကြံမှု ပြုနိုင်ကြပါစေ။

''ငါ့ရန်သူတွေဟာ ငါ့ကိုလည်း မညှဉ်းဆဲပါစေနဲ့၊ အခြားသူကိုယ်လည်း မညှဉ်းဆဲပါစေနဲ့၊ မွန်မြတ်တဲ့နိဗ္ဗာန်ကိုလျင်မြန်စွာရောက်ကြပါစေ၊ ဆိုးသွမ်းတဲ့ တဏှာကို ထိန်းသိမ်း ကွပ်ညှပ်နိုင်ပါစေ။

''ရေသွယ်သူများ ရေရနိုင်ပါစေ၊ မြားသမားများလည်း မြားဖြောင့်နိုင်ပါစေ၊ သစ်ခုတ်သမားလည်း သစ်တွေ ရနိုင်ပါစေ၊ ပညာရှိပုဂ္ဂိုလ်များလဲ ကိုယ့်ကိုယ်ကိုယ် ဆုံးမနိုင်ပါစေ။

''ဆုံးမ မတတ်တဲ့ လူအချို့ဟာ တုတ် လှံ လက်နက်များနဲ့ နှိပ်စက် ဆုံးမကြတယ်၊ ရှင်တော်မြတ်ဘုရားကတော့ ထိုလက်နက်မျိုးမပါပဲ ငါ့ကို ဆုံးမခဲ့တယ်။ အယင်က ငါ့အမည်ဟာ မညှဉ်းဆဲဘတ်တဲ့ အဟိံသကဆိုတာ ဖြစ်ခဲ့တယ်၊ ဒါပေမယ့် နာမည်နဲ့ မလိုက်အောင် ငါ ညှဉ်းဆဲမိခဲ့တယ်။ ယနေ့ကာစပြီး ငါဟာ အမည်မှန်ကို ရပါပြီ၊ အယင်က အင်္ဂုလိမာလဆိုတဲ့ အမည်နဲ့ သွေးစွန်းသော လက်ပိုင်ရှင် ဖြစ်ခဲ့တယ်။ အမှန်ငြိမ်းချမ်းအေးမြတဲ့ နိဗ္ဗာန်တရားကို မြင်တဲ့နေ့ကစပြီး ဘဝနှောင်ကြိုး တဏှာဆိုးကို ဖြတ်တောက်ပြီး ဖြစ်ပါတယ်''

## နိဂုံးကဗျာ

### စဉ်ဆက်သာသနာ တို့မြန်မာ

— လူမျိုးကွယ်ပျောက်၊ အပါယ်ရောက်ဖို့၊ အနောက်တိုင်းသား၊ ဘာသာများက၊ ထိပါးထိုး၍၊ လွှမ်းမိုးပြီမို့၊ ကိုယ်စီဆောင်စွမ်း၊ တာဝန်လမ်းကို၊ ထမ်းမှသင့်မည်၊ ထင်မိသည်ကြောင့်၊ တိုင်းပြည်အတွက်၊ ဘာသာဘက်က၊ ရာသက်ပန်မှု၊ ကောင်းအောင်ပြုဖို့၊ ဂရုတစိုက်၊ ရေးသားလိုက်၏။

(ဂန္ဓာရုံဆရာတော်)

— ဦးခိုက်သင့်ရာ၊ ထေရ်မဟာ၏၊ ဩဝါဒ်သုံးမ၊ မြတ်ဓမ္မကို၊ ကြည်ညိုနှစ်သက်၊ ငါရေးဆက်၏၊ မျိုးဖျက်ရန်မျိုး၊ မကောင်းဆိုးတို့၊ ပွားတိုးမနေ၊ ညှိုးလျော့ကြေလျက်၊ စဉ်ဆက်သာသနာ၊ တို့မြန်မာမှု၊ တအူထုံ့ဆင်း၊ ချစ်ကြည်ရင်းဖြင့်၊ ချင်းချင်းထောက်မ၊ ညီညွတ်ကြသည်၊ ကမ္ဘာရှည်သရွေ့တည်စေသော်။

ကဃားပြည်နယ်မှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်တိုင်းရင်းသား အပေါင်းတို့၊ ယခု အင်္ဂုလိမာလရဲ့ အကြောင်းကို သိကြပြီနော်။ အင်္ဂုလိမာလဟာ ဆရာဆိုးရဲ့ လွဲမှားစွာ ညွှန်ကြားမှုကြောင့် လူဆိုးကြီး ဖြစ်ခဲ့ရတယ်၊ ဘုရားနဲ့တွေ့တော့မှ လူကောင်း တယောက် ဖြစ်လာရတယ်၊ ဆရာဆိုးဆရာကောင်းဘယ်လောက် ခြားနားသလဲနော်၊ ခု အဲဒီလို မှတ်သားဝရာ အကောင်းအဆိုး နှစ်ခုကို ငါးရာ့ငါးဆယ် ဇာတ်တော်ထဲမှ ထုတ်ပြီး ပြောပြဦး မယ်၊ နားထောင်ကြနော်၊ ဇာတ်နာမည်ကတော့ သမုဒ္ဒဝါဏိဇ ဇာတ်ဖြစ်ပါတယ်။

တခါတုန်းက ဗာရာဏသီပြည်နဲ့ မနီးမဝေးမှာ လက်သမား ရွာကြီး တရွာရှိတယ်၊ အဲဒီရွာသားတွေဟာ လက်သမားလုပ်ပြီး အသက်မွေးကြတာပေါ့၊ သူတို့ဟာ အိမ်ဆောက်ဖို့ အတွက် စရန်ငွေကို ကြိုတင်ယူထားတယ်၊ ပရိဘောဂလုပ်ဖို့လဲ စရန်ငွေ ကြိုတင်ယူထားတာပဲကွယ့်၊ ဒါပေမယ့် အိမ်လဲဆောက်မပေးနိုင်၊ ပရိဘောဂလဲ လုပ်မပေးနိုင်ကြပါဘူး၊ ကြွေး ရှင် တွေ က လဲ ခဏခဏလာတောင်းကြတယ်၊ အိမ်ယင်လဲဆောက်ပေးလှည့်ပါ၊ ငွေယင်လဲ ပြန်ပေးကြပါပေါ့။

ဒါနဲ့ တနေ့ကျတော့ လက်သမားတွေဟာ လှေကြီးတွေ လုပ်ပြီး သားမယားတွေကိုပါခေါ်ပြီး ထွက်ပြေးသွားကြတယ်၊ ကြွေးရှိတဲ့လူဟာ ကြွေးရှင်ကို ကြောက်ရစမြဲပဲကွယ့်၊ ဒါနဲ့ ထွက်ပြေးပြီး လှော်လာခဲ့ကြတာ သမုဒ္ဒရာထဲက ကျွန်းလေး တကျွန်းပေါ်ကို ရောက်သွားကြတယ်၊ အဲဒီ ကျွန်းပေါ်မှာ

မိခင်နှင့် ကွဲနေသော သားသည် မိခင်ကို မြင်လျှင် လွန်စွာ ဝမ်းသာ ပျော်ရွှင် သကဲ့သို့ ဘုရားနှင့် တွေ့ရသောအင်္ဂုလိမာလ ကလည်း ဝမ်းသာ ကြည်နူးနေသည်။ သားငယ်သည် မိခင်အား အဝတ်အစားပူဆာသကဲ့သို့ အင်္ဂုလိမာလကလည်း ဘုရားထံတွင် ရဟန်းအဖြစ်ကို တောင်းပန် ပူဆာလေသည်။ ဗုဒ္ဓသည် အင်္ဂုလိမာလ၏ ဧဟိဘိက္ခု အဖြစ် ဘုန်းကံရှိသည်ကို သိတော်မူ၍ "ဧဟိဘိက္ခု" ခေါ်ဆောင်မူလေသည်။

(၄)

တနေ့သ၌ အရှင်အင်္ဂုလိမာလ ဆွမ်းခံဝင်ယင်း အဖြစ်အပျက်တခု ကြုံခဲ့ရသည်။ ဆွမ်းခံအိမ်မှ ကိုယ်ဝန်ဆောင် မိန်းမလေးမှာ သားမဖွားနိုင်၍ ဆင်းရဲဝေဒနာ ပြင်းစွာ ခံစားနေရသည်။ ငိုငိုတညည်းညည်း အသံကိုကြားသဖြင့်စိတ်မချမ်းမြေ့။သနားကရုဏာ ဝင်လာသည်။ ဤအဖြစ်အပျက်ကို ဖခင် ဗုဒ္ဓအား ပြန်လည် လျှောက်ထားရာတွင် ဗုဒ္ဓက သူ့အား သစ္စာဆိုပြီး ဆုပေးခိုင်းလိုက်သည်။

"နှမ၊ ငါဟာ လူ့ဘဝ ရောက်ကတည်းက သူများအသက်မသတ်ဖူးပါ၊ ဤသစ္စာစကားကြောင့် နှမ ကျန်းမာချမ်းသာပါစေ"

"မြတ်စွာဘုရား၊ ဒီအတိုင်းဆိုယင် တပည့်တော် လိမ်ရာကျပါလိမ့်မယ် ဘုရား၊ တပည့်တော်ဟာ လူပေါင်းများစွာ သတ်မိခဲ့ပါတယ် ဘုရား"

'ဟာရေ- ကျွန်တော် ဘီလူးမဟုတ်ပါဘူး လူပါဗျ၊ မသတ်ကြပါနဲ့၊ အသက်ချမ်းသာပေးကြပါ'လို့ အော်ပြောရှာတယ်။

'လူဆိုယင် ဘာဖြစ်လို့ အဝတ်အစားမဝတ်သလဲ'

'ကျွန်တော်က သင်္ဘောပျက်ပြီး ဒီမှာသောင်တင်နေတာပါ၊ နှစ်ပေါင်းလဲ ကြာလှပါပြီ၊ ဒါကြောင့် အဝတ်အစားမရှိတော့ပါဘူး၊ လူပါ၊ လူအစစ်ပါ'လို့ ရှင်းပြတော့မှ အနားကပ်ပြီး စကားမြေည် ပြောကြရတာပေါ့။

'ခင်ဗျားတို့ ကျွန်းပေါ်ရောက်လာတာ သိပ်ကံကောင်းပါတယ်၊ ဒီကျွန်းမှာ အစားအသောက် ပြည့်စုံပါတယ်၊ ပျော်ရွှင်စွာနေကြပါ၊ ဒီကျွန်းဟာ ဘီလူးတွေပိုင်တဲ့ ကျွန်းဖြစ်တယ်၊ သူတို့ဟာ မစင်ကို သိပ်ရွံကြတယ်၊ ဒါကြောင့် ကျင်ကြီး ကျင်ငယ်ကို သဲနဲ့ဖုံးထားရတယ်၊ ခင်ဗျားတို့လဲ အဲဒီလိုဖုံးထားပါ၊ ဒါအရေးကြီးတယ်နော်'

'ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်'

လက်သမားတွေဟာ လာခါစကလဲ သားမယားတွေပါလာ၊ ကျွန်းပေါ်ရောက်လာတော့လဲထပ်ပြီးမွေးဖွားဆိုတော့တထောင်လောက် များလာပါတယ်၊ အဲဒါကို လက်သမားအကြီးအကဲ နှစ်ယောက်က အုပ်ချုပ်တယ်၊ တယောက်ကတော့ အရသာကို သိပ်မက်မောတွယ်တာပဲတဲ့၊ တယောက်ကတော့ မမက်မောဘူး၊ ကျွန်းပေါ်မှာ စားသောက်စရာတွေပေါတော့ လူတွေဟာ ဝဝ ဖြိုးဖြိုးနဲ့ အလှတိုးနေပါတယ်။

ဒါနဲ့ တနေ့ကျတော့ ''တို့ကြံရည်နဲ့ အရက်ချက်ရအောင်ကွာ''လို့ အဖော်ပြုပြီး အရက်ချက်ကြတယ်လေ၊ အရက်

သောက်ကြ မူးကြ ပျော်ကြပါးကြပေါ့ကွယ်။ အဲဒီလို မူးယစ်ပျော်ပါးမှုတွေကြောင့် သူတို့ဟာ မငင်တွေကို သဲနဲ့ဖုံးဖို့ မေ့ကုန်ကြတယ်၊ ကျွန်းလေးပေါ်မှာဆိုတော့လဲ နံနံစော်စော်နဲ့ မသန့်မရှင်းဖြစ်ကုန်တာပေါ့ကွယ်၊ ဒါနဲ့ နတ်တွေက 'ငါတို့ ကစားတဲ့နေရာတော့ ညစ်ပတ်ကုန်ပါပြီ၊ သမုဒ္ဒရာရေကို တက်လာအောင်လုပ်ပြီး ဆေးချပစ်မှပဲသို့ ဆုံးဖြတ်ကြတယ်၊ ဒီနေ့ကတော့ လကွယ်နေ့ဖြစ်တယ်၊ အစည်းဝေးလဲ ပျက်သွားပြီ၊ ရှေ့ ၁၅ ရက်လပြည့်နေ့ကျမှ ဒီရေတွေတက်အောင်လုပ်ပြီး သတ်ပစ်မယ်လို့' နေ့စွဲရက်စွဲနဲ့ မှတ်ပြီး ကြံထားကြသတဲ့။ အဲဒီနတ်တွေထဲမှာ တရားစောင့်တဲ့ နတ်ဘပါးက စဉ်းစားတယ်၊ ဒီလူတွေ ငါ့မျက်စိအောက်မှာတော့ မသေစေချင်ဘူး၊ ငါသတိပေးမယ် ဆိုပြီး ကျွန်းရဲ့မြောက်ဘက်ကောင်းကင်နေကပြီးပြောတယ်ကွဲ့။

'အို လက်သမား အပေါင်းတို့၊ သင်တို့ကို နတ်တွေက အမျက်ဒေါသထွက်နေပြီ၊ စိတ်ဆိုးနေကြပါပြီ၊ ဒီကျွန်းမှာ ဆက်မနေကြပါတော့နဲ့၊ နောက် ၁၅ ရက်ဆိုယင် သမုဒ္ဒရာရေဘက်အောင်လုပ်ပြီး သင်တို့ကို သတ်ပစ်ပါလိမ့်မယ်၊ ခုကတည်းက ထွက်ပြေးကြပါ'

တော်တော်ကြာတော့ အဓမ္မနတ်သား နတ်ဆိုးတဦးရောက်လာပြီး ကျွန်းရဲ့ တောင်ဘက် ကောင်းကင်က ရပ်ပြီးပြောပြန်တယ်၊ သူ့ဆန္ဒကတော့ ဒီလူတွေ ပိုးစိုးပက်စက် သေတာကိုပဲ မြင်ချင်တယ်၊ ဒါကြောင့် သူက....

'အယင်နတ်သားဟာ သင်တို့ကို ဒီကျွန်းမှာ မနေအောင်လို့ ပြောတာပါ၊ ဒီမှာပဲ အေးအေးဆေးဆေး နေကြပါ၊ ဘယ်မှ

သွားမနေကြပါနဲ့၊ ပျော်ပျော်ပါးပါးသာ နေကြပါလို့ ပြောပါတယ်။

လက်သမားခေါင်းဆောင် ၂ ဦးထဲမှာလဲ တောင်အရပ်က ရပ်ပြီး ပြောတဲ့နတ်ဆိုးရဲ့ စကားအတိုင်း အေးအေးဆေးဆေး နေဖို့ ပြောကြတဲ့ ခေါင်းဆောင်က တယောက်၊ မြောက်အရပ်က ရပ်ပြီးပြောတဲ့ နတ်ကောင်းရဲ့ စကားအတိုင်း လှေပြင်ကြ တက်ပြင်ကြ၊ ရွက်တွေပြင်ကြ၊ ကျွန်းက ထွက်မယ်ဆိုပြီးပြော တဲ့ ခေါင်းဆောင်က တယောက် အချင်းချင်း အုပ်စုကွဲနေတယ်၊ ၂ အုပ်စုပေါ့၊ ကျွန်းက ထွက်မယ့် အုပ်စုကတော့ ‘ငါတို့ကို ပြောတဲ့ နတ်ရဲ့စကားမှန်ယင် ငါတို့ အသက်ချမ်းသာမယ်၊ ဒါကြောင့် သတိနဲ့နေကြ၊ အသင့်ပြင်ဆင်ထားကြ၊ တကယ် လို့ တောင်အရပ်က နတ်ပြောသလို နေခွင့်ရယင်လဲ လှေပြင် တက်ပြင်ရတာ မပင်မပန်းလှပါဘူး’လို့ ယူဆတယ်။ ကျွန်းမှာ ပဲ ဆက်နေမယ့် အုပ်စုကတော့ လှေပြင် တက်ပြင်လုပ်ရတာ ပင်ပန်းတယ်။ အလကားပဲ၊ အပိုတွေပဲ၊ အေးအေးဆေးဆေးပဲ နေထိုင်ကြဆိုပြီး တောင်အရပ်က ပြောတဲ့ နတ်ဆိုးရဲ့ စကားကို ပဲ အမှန်လို့ ယူဆထားကြတယ်။

လပြည့်နေ့ရောက်တော့ လမင်းကြီးဟာ တဖြည်းဖြည်းနဲ့ မြင့်တက်လာပါတယ်၊ သတိနဲ့ စောင့်ကြည့်နေတဲ့ အဖွဲ့ကတော့ ရေတက်တာကို မြင်ရယင်ပဲ အန္တရာယ်လာပြီဆိုတာ သိလို့ အသင့်ပြင်ထားတဲ့ လှေတွေကို လှော်ခတ်ပြီး ထွက်ပြေးလွတ် မြောက်သွားကြပါတယ်၊ ကျန်တဲ့ အဖွဲ့ကတော့ ခဏနေယင်

ရေကျသွားမှာပါ၊ ကြောက်မနေကြပါနဲ့လို့ ပြောဆိုပြီး အေးအေးပဲ နေကြတယ်၊ ဒါပေမယ့် ရေကမကျဘူး ပိုတက်လာတယ်၊ ခါးအထိ တက်လာတယ်၊ လူတရပ် တက်လာတယ်၊ လက်ခုပ်တဖောင်လောက် တက်လာ၊ နောက်တော့ ထန်းတဖျားအထိ ထန်းခုနစ်ဆင့် အထိ ဆင့်ဆင့်ပြီး တက်လာလိုက်တာ အမမှန်တ်ဆိုးရဲ့ စကားကို နှစ်သက်ပြီး ကျွန်းမှာနေချင်တဲ့ လူငါးရာဟာ သေကုန်ကြပါတယ်ကွယ်....

ဒါကြောင့် လူကောင်းရဲ့စကား ဆရာကောင်းရဲ့စကားကို နာနိုင်ကြပါစေ၊ လူဆိုးရဲ့စကား ဆရာဆိုးရဲ့စကားကို ရှောင်ကြဉ်နိုင်ကြပါစေကွယ်။

## (၄) အင်္ဂုလိမာလကို အောင်မြင်ခြင်း

အဟိံသကဆိုတာ အမျိုးကောင်းကွယ့်၊အဆိုးနှင့်ပေါင်း မိုက်မိပေ။
ဆရာ့ပရိယာယ် မသိငြားတော့၊ အပါယ်သွားဖို့ လူသတ်နေ။
ဘုရားကိုပင် သတ်မဟဲ့လို့၊ မရပ်မနား ဓားဆွဲပေ။
လိုက်လေ ဝေးလေ မောရှာ သေးတော့၊ အဟိံသက မေးရပေ။
ဗုဒ္ဓအဖြေ သဘောကျလို့၊ မနောဟဒယ ရွှင်ပျနေ။
(ချမ်းသာပေ—ချမ်းသာပေ)



ကိုယ်ဝန်အတူဖြင့် မြတ်စွာဘုရားအားစွပ်စွဲသူ

စိဉ္စမာန မိန်းမယုတ် မြေမျိုခံရပုံ

# စိဉ္စမာဏမိန်းမယုတ်ကို အောင်မြင်ခြင်း

( ၁ )

ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကြွေးလျက် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော် မူနေသည်။

လူသုံးပါးတို့၏ မကိုင်ရှထိး သယမ္ဘူ ကိုယ်တော်မြတ်ကြီးဖြစ်တော်မူသော ထိုရှင်တော်မြတ်ဘုရား၏ ဟောဖော်ညွှန်ကြားတရားဒေသနာတော်များမှာ လူ့ပြည် နတ်ရွာ ဗြဟ္မာဘုံမကျန်အောင် ပျံ့နှံ့ထွန်းကားနေပေပြီ။

တပည့်သံဃာတော်များကလည်း ပရိယတ္တိတာဝန်နှင့် ပဋိပတ္တိတာဝန်နှစ်ရပ်မှ နှစ်သက်ရာကို ထမ်းဆောင်ကြသဖြင့်သုံးရပ်သော သာသနာတော်မြတ်ကြီး စည်ပင်ထွန်းကားနေပေပြီ။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသော လာဘ်လာဘ ပူဇော်သက္ကာရတို့မှာ နေ့ညမစဲတသဲသဲနှင့် ဝင်လာမစဲ ရှိလေပြီ။

သာသနာ့သတင်ကို သက်ဝင်ယုံကြည်ကုန်သော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ဗုဒ္ဓ၏ ဂုဏ်တော်များကို ပြောဆိုလျက်လည်းကောင်း၊ ဓမ္မ၏ ကျေးဇူးတော်များကို ဟောကြားပြောဆိုလျက် လည်းကောင်း၊ သံဃာတော် အရှင်မြတ်တို့ ဂုဏ်ကို ထုတ်ဖော်ချီးကျူးလျက်လည်းကောင်း မည်သည့်အခြေအနေမျိုး၊ မည်သည့် သာသနာမျိုးတွင်မှ မရှိနိုင်သော ကြည်ညိုခြင်းမျိုးဖြင့် ကြည်ညိုကြလေသည်။

သာဝတ္ထိပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ ကိုယ်တိုင်ကလည်း ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလုပ်ကျွေးခြင်း၊ အနာထပိဏ် သဌေးကလည်း ငွေပေါင်း ကုဋေကုဋာ အကုန်အကျ ခံ၍ ဇေတဝန်ကျောင်းတော် ဆောက်လုပ် လှူဒါန်းခြင်း၊ ဝိသာခါ သဌေးကတော်ကလည်း ပုဗ္ဗာရုံ ကျောင်းတော်ကြီး ဆောက်ပြီး လှူဒါန်းခြင်းစသော များပြားလှသော လာဘ်ပူဇော်သက္ကာရကြီးများ ဖြစ်ခဲ့လေပြီ။ မြတ်စွာဘုရား၏ ပထမ ဗောဓိခေါ်သော ဝါနှစ်ဆယ်အတွင်းဝယ် လှူဒါန်းပူဇော်မှုများမှာအလွန်တရာ များပြားလှပေသည်။

ထိုမြို့တွင် မှီတင်းနေထိုင်ကြကုန်သော တိတ္ထိဂိုဏ်းသားတို့မှာ လာဘ်လာဘ ဆုတ်ယုတ်လျက် ဆင်းရဲရှာလေပြီ။ နေရောင်အောက်ကျရောက်လာသော ပိုးစုန်းကြူးငယ်လေးပမာ အလင်းရောင် မထွန်းနိုင်ရှာတော့။ ထိုအခါ တိတ္ထိဂိုဏ်းဆရာကြီးတို့သည် လမ်းဆုံ လမ်းမ လမ်းလေးခွသို့ လှည့်လည်သွားလာပြီး

''ရဟန်းဂေါတမသာ ဘုရားမဟုတ်ပါဘူး၊ ငါတို့လည်း ဘုရားပါပဲ၊ သူတို့ လှူမှသာ ကောင်းကျိုးရတာ မဟုတ်ပါ

ဘူး။ ငါတို့ လူယင်လည်းရပါတယ်၊ငါတို့ကိုလည်းလှူကြပါဦး” ဟု မရှက်မကြောက် ပြောဆိုကြလေသည်။

တိတ္ထိတို့သည် လူထုကို စည်းရုံးကြပါသေး၏။ ဆွဲဆောင်ကြပါသေး၏။ သို့ရာတွင် ကြည်ညိုလောက်သော ဂုဏ်စွမ်းရည်၊ ပူဇော်ထိုက်သော ဂုဏ်စွမ်းရည်များ မရှိကြသဖြင့် ပြည်သူလူထုက ထွက်မလာကြ။လှူဒါန်းမှုဖြစ်မလာကြပေ။ယင်းကြောင့် တိတ္ထိတို့သည် လျှို့ဝှက် အစည်းအဝေးကြီးတခုကျင်းပကြလေသည်။

“အချင်းတို့ ရဟန်းဂေါတမနှင့် ပြည်သူ ပြည်သားတွေကတော့ တသားတည်းကို ကျနေတာပဲ၊ ဆရာ ဒါယကာလည်း သိပ်ညီညွတ်နေတယ်၊ အဲဒီဆရာ ဒါယကာ ညီညွတ်ရေးကို ဘယ်နည်းနဲ့ ပျက်စီးအောင် ဖျက်ဆီးနိုင်မလဲ၊ နည်းလမ်း ရှာကြပါဦး”

တိတ္ထိတို့သည် သူတို့ သာသနာရေး ကျဆုံးမှုနှင့် ပတ်သက်၍ သူတို့ ကိုယ်ကို သူတို့ မဝေဖန် မပြုပြင်ကြ။ဘုရားကိုသာ ဝေဖန်လိုကြ၏။ပုတ်ခတ်လိုကြ၏။သူတို့အား ပြည်သူကမကြည်ညိုသည်ကိုလည်း သူတို့၏ ချွတ်ယွင်းချက်ဟု မယူဆကြ၊ဘုရား ကောင်းစားနေလို့ ဘုရား တရား သံဃာတွေ တွင်ကျယ်နေလို့ဟု အပြစ်မြင်ကြသည်။

တိတ္ထိတို့ ကြိတ်ပုန်းလုပ်ပြီး အထူးအစည်းအဝေးပွဲ ကျင်းပနေစဉ်မှာပင် သူတို့၏ တပည့် ပရိဗိုဇ်မ တဦးဖြစ်သော “စိဉ္စမာဏဝိကာ” မလေး ရောက်လာသည်။ သူမကား အလှကြောင့် ထင်ရှားသူ ဖြစ်သည်။

သူမ၏ အလှတို့မှာ ဆန်းကြယ်သည်။ မြင်လျှင် မြင်ချင်းစွဲမက်လောက်အောင် "လှပသူ"ဖြစ်သည်။ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူဟု ဖွဲ့ရလောက်အောင် ချောမောသည်။ လူတွင်မက နတ်တမျှပင် လှပသူဟု ဆိုရပါမည်။ ဤအလှဘွဲ့များကို အရှင်အဋ္ဌကထာ ဆရာသည်ပင် ဖွင့်ဆိုတော်မူခဲ့ပေသေးသည်။ ထိုပြင် ကျန်ရှိသေး၏။ ထိုအရာမှာ စိဉ္စမာဏဝိကာ ကိုယ်ခန္ဓာမှ ဝင်းဝင်းဇက်ဇက် ဖြိုးဖြိုးပြက်သော ရောင်ခြည်များ ထွက်နေခြင်းပင် ဖြစ်သည်။ အရပ် လေးမျက်နှာ၌ မိန်းမလှများ ရှိမည်ဖြစ်သော်လည်း စိဉ္စမာဏဝိကာလိုတော့ဖြင့် လှနိုင်မည် မဟုတ်ပေ။ မိန်းမလှ အများပင် မွေးရာပါ ပါရမီတရပ်ဖြစ်သော မာယာ ပရိယာယ် ကြွယ်ဝမှု ရှိကြသော်လည်း စိဉ္စမာဏဝိကာ လောက်တော့ဖြင့် ကြွယ်ဝကြမည် မဟုတ်ချေ။ သို့ရာတွင် အချို့ မိန်းမများ စိဉ္စမာဏဝိကာကို အတုခိုးကြသည်တော့ ရံဖန်ရံခါ ရှိတတ်ကြလေသည်။ သို့သော်မရိုးလား၊ မမီပေ။ အကြောင်းမူ သူမသည် မန်ကျည်းပင်မှ မွေးဖွားလာသော "သန္ဓေသူ" ဖြစ်သောကြောင့်ပေတည်း။

"ခရ မန္တီ" အမည်ရှိ တိတ္ထိက စိဉ္စမာဏဝိကာမ၏ မာယာ လက်နက်များဖြင့် မြတ်စွာ ဘုရား၏ ဂုဏ်တော်တွေကို ဖျက်ဆီးအပုပ်ချရန် အဆိုပြုလာသည်။ သူသည် ဘယ်သို့ ဘယ်ပုံ ပြုရမည် ဟူသော လမ်းစဉ်ကိုတော့ အထူးလျှို့ဝှက်ချက်အဖြစ်ထားလိုက်သည်။ ထိုစဉ် စိဉ္စမာဏဝိကာမ ရောက်လာသည်။

သူမကရောက်လျှင်ရောက်ချင်း ပြားပြားဝပ်ရှိသေစွာရှိခိုးဦးချသည်။ သူ့ဆရာသမားများ၏ ကြံစည်မှုကိုမသိရှာသေး။ ဆရာ

သမားများသည် စိဉ္စမာဏဝိကာမအားစကားမပြောတုံ့ဘဲ ဘောဖြင့် ခပ်မဆိတ်ငြိမ် နေလိုက်ကြသည်။ မူရာ မာယာ "ပို" လိုက်ကြသည်။ စိဉ္စမာဏဝိကာမမှာ သူ့အား အပြစ်တစုံတခုရှိ၍ စကားမပြောပဲနေကြသည် ဟု အထင်ရောက်သွားသည်။ ယင်းကြောင့် ဆရာသမားများအား ပျာပျာသလဲ လျှောက်ထားလိုက်သည်။

"တပည့်တော်မမှာ ဘာအပြစ်များ ရှိပါသလဲ၊ တပည့်တော်မ ဖြင့် ဘာအပြစ်မှ ကျူးလွန်မိတယ် မသင်မိပါလား"

"ဒီမှာ နှမရဲ့၊ ရဟန်းဂေါတမဟာ တို့တတွေရဲ့ လာဘ်လာဘ ပူဇော်မှုတွေကို လုယက် ဖျက်ဆီးပြီး အရပ် ရှစ်မျက်နှာ လှည့်လည်နေတယ်၊ ဒါလေးများ နှမ မမြင်မိဘူးလာ"

"အို....အရှင်ဆရာတို့ ဒါနှင့်ပတ်သက်လို့ တပည့်တော်မဟာ မသိမိရိုးအမှန်ပါ၊ ဒီကိစ္စမှာ ဘာများ ဘယ်လိုဆောင်ရွက်ပေးနိုင်မှာပါလဲဘုရား"

"ဒီမှာ နှမ၊ တကယ်လို့များ တို့တတွေရဲ့ ကြီးပွားချမ်းသာရေးကို မြင်ချင်တယ်ဆိုယင် မင်းအလှ မင်းမာယာတွေနဲ့ ရဟန်းဂေါတမရဲ့ ဂုဏ်သိက္ခာတွေ ဖျက်ဆီးပေးပါလား"

"ဆရာအရှင်တို့ ကောင်းပါပြီ၊ ဒီလို မာယာပရိယာယ်နဲ့ ဖျားယောင်းသွေးဆောင် လှည့်ပတ်ပြီး ဖျက်ဆီးရမှာ ဆိုယင်တော့ စွမ်းရည်ရှိသမျှ ဆောင်ရွက်ပါမယ်၊ တပည့်တော်မရဲ့ တာဝန်ပဲလို့ မှတ်တော်မူကြပါ၊ မအောင်မြင်မှာလဲ မပူကြပါနဲ့ မစိုးရိမ်ကြပါနဲ့ ဆရာတို့"

စိဉ္စမာဏဝိကာမသည် မိန်းမမာယာ၌ လွန်စွာကျွမ်းကျင်လှသည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်။ စင်စစ်အားဖြင့်မူ

အခြား အပရေ ဆရာများလည်း အခြားမိန်းမတို့၏ မာယာ အတတ်၌ ကျွမ်းကျင်လှည့်ဖြားနိုင်မှုများကို ဖွင့်ပြကြသည်သာ ဖြစ်ပေသည်။

## ( ၂ )

ချစ်သားရဟန်းတို့ မှတ်ကြလော။ လောက၌ ယောကျ်ား စိတ်ကို စွဲလမ်းစေတဲ့ အာရုံဆိုသည်မှာ မိန်းမတို့ရဲ့ ရူပါရုံ ဖြစ် တယ်၊ နားကို စွဲလမ်းစေတာဟာလဲ မိန်းမရဲ့ အသံပဲ။ ရယ်သံ၊ ဆိုသံ၊ ငိုသံ၊ နွဲ့သံ၊ နဲ့သံ၊ မူသံ၊ သဒ္ဒါရုံဖြစ်တယ်၊ နှာခေါင်း ကို စွဲလမ်းစေတာဟာလဲ အနံ့ပဲ။ ကိုယ်နံ့၊ နံ့သာနံ့ဖြစ်တယ်။ ရသာရုံဟာလဲ စွဲလမ်းစေတယ်။ မိန်းမပြုပြင်ပေးတဲ့ ရသာရုံ၊ စားဖွယ် သောက်ဖွယ် အစုံစုံဖြစ်တယ်။ အသိအတွေ့မျိုးစုံဟာလဲ အစွဲလမ်းဆုံးပဲ။ အဲဒီအရာများထက် ယောကျ်ားစိတ်ကို စွဲလမ်း မက်မောစေတာ လောကမှာ မရှိတော့ဘူး။ (မိန်းမကလဲ ယောကျ်ားရဲ့ အာရုံကို ထိုနည်းတူ စွဲလမ်းစေတာပါပဲ) ဤ သဘာဝတရားတော်ကို အင်္ဂုတ္တရနိကာယ်မှာ ဟောထားပါ သည်။

ဤသို့သော သဘာဝတရား ရှိနေသဖြင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် ကျင့်ကြံအားထုတ်ကြသော တပည့်ရဟန်းတို့ အား မျက်စိကို မကစားမှုပဲ၊မလော်လီမလုပ်ပေါ်စေပဲ၊စက္ခုန္ဒြေ နှင့် နေကြ”ဟု မိန့်တော်မူသည်။ အကယ် မျက်စိမလုံခြုံပါက “မိန်းမတို့သည် ‘ဒုန္နိဝတ္ထ-ဒုပါရုက’ ဝတ်စား ပြသခြင်းဖြင့် စိတ်ကို ဖောက်ပြားအောင် ပြုစားတတ်ကြသည်။ နားကိုလည်း


အလိုမလိုက်မူပဲ သဒ္ဒါရုံကို မခံမင် မစွဲလမ်းပဲ သောတိန္ဒြေနှင့် နေကြဟု မိန့်တော်မူသည်။ အကယ်၍ နားအာရုံ မလုံခြုံပါက မိန်းမတို့သည် ပြုံးရယ်သံဖြင့်ဖြစ်စေ၊ ငိုရှိုက်သံ ဖြင့် ဖြစ် စေ၊ သီချင်းကို စောင်းမြောင်း သီဆို၍ဖြစ်စေ စိတ်ကို ဖောက်ပြား အောင် လှည့်စားတတ်ကြသည်'' ယင်းကြောင့် ရဟန်းတော် များအား 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' ''ချစ်သားတို့- သတိနဲ့နေကြ၊ သတိနဲ့ရှုမှတ်ကြ''ဟု ဆုံးမဩဝါဒ ပေးတော် မူသည်။ယင်းဩဝါဒတော်ကို ဦးထိပ်မှာ သံနှက်သလို စွဲမြဲသော ရဟန်းရှင်လူတို့မှာ ချမ်းသာရာရကြကုန်သည်။ သတိလက်လွှတ် သော ပုဂ္ဂိုလ်တို့မှာ ပျက်စီးကြလေသည်။

ထို့ကြောင့် မြတ်စွာဘုရားက ''သတ်မည်ဆိုပြီး ဓားဆွဲ လာတဲ့လူနဲ့ စကားပြောချင်ပြော၊ လူသားစား ဘီလူးကြီးနဲ့လဲ စကားပြောချင်ပြော၊ အဆိပ်ပြင်းတဲ့မြွေကိုလဲ ကိုင်ချင်ကိုင်ဦး၊ သို့ပေမယ့် မိန်းမနှင့်တော့ တယောက်ချင်း အတွေ့မခံကြလေနဲ့၊ မာယာပရိယာယ် နှစ်သွယ်ယှက်ထားလို့ ကြောက်ဖွယ်ရာ ဖြစ် တယ်''ဟု မိန့်တော်မူဖူးလေသည်။

## အလောင်းတော်၏ ကိုယ်တွေ့ဇာတ်လမ်း

ဘုရားအလောင်းတော် ဘဝတုန်းက မဟာပဒုမအမည်ရှိတဲ့ မင်းသားဖြစ်ခဲ့ရဖူးတယ်။ အိမ်ရှေ့မင်းသား ရာထူးနဲ့ပါပဲ။ ဖခင် ဘုရင်က ပြည်တွင်း သူပုန်နှိမ်နင်းဖို့ ထွက်ခွာသွားတော့ မဟာ ပဒုမ မင်းသားက နောက်တန်းမှူး အဖြစ်နဲ့ နန်းတော်မှာ ကျန်ရစ်ခဲ့တယ်။

လူနတ်ဗြဟ္မာ သတ္တဝါဝေနေယျတို့၏
လောကီလောကုတ္တရာ နှစ်ဖြာသော စီးပွားချမ်းသာ အလို့ငှာ
ဗုဒ္ဓရှင်တော်မြတ်ကြီးသည် မဟာကရုဏာတော်ဖြင့်
တရားဓမ္မများကို ညွှန်ကြားဟောပြတော်မူနေပုံ



မိဖုရားခေါင်ကြီးဟာ မဟာပဒုမ မင်းသားရဲ့ မိထွေးပေါ့ ကွယ်။ မိထွေးဆိုးက သူနဲ့အတူပျော်ပါးဖို့ ဖျားယောင်း ဆွဲဆောင်တယ်။ မဟာပဒုမမင်းသားမှာတော့ အောင်ပွဲပြန် ဘုရင်နဲ့ စစ်သည်တော်တွေကို ကြိုဆိုဖို့ မဏ္ဍပ် ကန္နားထိုးပြီး ကြိုဆိုရေး ပြင်ဆင်နေရတယ်။ မိဖုရားကတော့ သူနဲ့ ပျော်ပါးဖို့ပဲ ဖျားယောင်းသွေးဆောင်နေတယ်။

မဟာပဒုမမင်းသားက နည်းနည်းမှ လက်မခံဘူး၊ သဘော မတူဘူး၊ အမျိုးကောင်းသားဆိုတာ သူတပါး သားမယားကို ရှောင်ကြဉ်ရတယ်၊ ကိုယ့်ကျေးဇူးရှင်ကိုလည်း ရှောင်ကြဉ်ရ တယ်၊ ဘုရားအလောင်းဟာ သီလစောင့်ပြီး ရှောင်ကြဉ်ခဲ့တယ်။

ဘုရင်လာတော့ မိဖုရားက သူ့ကိုယ်ကိုယ် ကုတ်ဆွဲပြီး နေမကောင်းချင်ယောင် ဆောင်နေတယ်၊ အဝတ်အစားတွေကို လည်း ဟိုဟိုဒီဒီ ပြန့်ကျဲနေအောင် လုပ်ထားတယ်။ ဘုရင်က မေးတော့ မောင့်သားတော် မဟာပဒုမ မင်းသားက မသူတော် အကျင့်လုပ်ပါတယ်လို့ လှည့်စားပြီး တိုင်လိုက်တယ်။

ရှင်ဘုရင်ကလည်း မိန်းမနှင့် ပတ်သက်တော့ သားသော ဘာသော နားမလည်ဘူး၊ မစူးစမ်း မဆင်ချင်တော့ဘူး၊ ကမူး ရှူးတိုး ဒေါသဂတိလိုက်ပြီး မယားစကား ယုံမှားကာ သူခိုး ပစ်ချတဲ့ တောင်စောင်းက ပစ်ချ အသတ်ခိုင်းလိုက်ပါတယ်။

မဟာပဒုမ မင်းသားဟာ သူကလည်း မကျူးလွန်ပါပဲနဲ့ မိထွေး မိဖုရားက လိမ်လည်လှည့်ဖြား အကောက်ကြံတဲ့အတွက် တောင်ပေါ်က ပစ်ချခံလိုက်ရရှာပါတယ်။

သေကံမရောက် သက်မပျောက်ဆိုတာလိုပေါ့ကွယ်၊ တောင် စောင့်နတ်က ပွေ့ပိုက်ပြီး နဂါးမင်းဆီ ပို့လိုက်လို့ နဂါးက

စည်းစိမ်တဝက်ပေးထားတယ်၊ တနှစ်လုံးလုံး နဂါးပြည်မှာပဲ နေရတယ်လေ၊ နောက်တော့မှ ရဟန်း ပြုချင်ပါတယ်ဆိုပြီး လူ့ပြည်ကိုပြန်လာ ရဟန်းဝင်ပြီး ဟိမဝန္တာတောင်မှာ နေပါတယ်၊ တရားအားထုတ်တဲ့အခါမှာ လောကီစျာန်အဘိညာဉ်တွေ ရပြီး အေးချမ်းစွာ နေရပါတယ်။

တနေ့တော့ကွယ် အဲဒီနားက မုဆိုးတယောက်က မဟာပဒုမကို တွေ့သွားတယ်၊ သူကလည်း ဘုရင့်သားမှန်း မှတ်မိတော့ ဘုရင့်ထံသွားပြီး သံတော်ဦးတင်တယ်၊ အကြောင်းကြားလိုက်တယ်၊ ဘုရင်က လိုက်လာတယ်၊ မင်းလုပ်ပြီး အုပ်ချုပ်ဖို့ ပင့်ခေါ်ပါတယ်၊ ထီးနန်းကို လွှဲအပ်တယ်ပေါ့။

ဘုရားလောင်းက မင်းမလုပ်ချင်ပါ၊ အလိုမရှိပါဆိုပြီး ရာထူး စည်းစိမ်တွေကို ငြင်းပယ်လိုက်ပါတယ်၊ ရှင်ဘုရင်ကိုတော့ မင်းကျင့်တရား ၁၀ ပါးနဲ့အညီ အုပ်ချုပ်ဖို့ တရားဟောတယ်၊ အဂတိတရား ၄ ပါး ရှောင်ရှားဖို့ ဟောပါတယ်။

ဘုရင်ဟာ သူ့သားနဲ့ ခွဲရတာလဲ ကြာလှပြီ၊ တိုင်းပြည်ပြန် ခေါ်တာလဲမရတော့အကြောင်းရှာတယ်၊စဉ်းစားတယ်၊ ခေါင်း အေးအေးထားပြီး တွေးကြည့်လိုက်တော့ ရန်သူက အနီးကပ် ဆုံးမှာ ရှိနေတာ တွေ့သွားတယ်၊ မိဖုရားပေါ့ကွယ်။

"ယုတ်မာတာက မိဖုရား၊ ပြီးတော့ ပဒုမသည့်ချ"

"ဖြားယောင်းတာက မိဖုရား၊ ပြီးတော့ ပဒုမလှည့်ချ"

"မာယာများတာက မိဖုရား၊ ပြီးတော့ ပဒုမလှည့်ချ"

ရှင်ဘုရင်ဟာ မိဖုရားကိုလည်း ခိုးသူတွေကို အပြစ်ပေးတဲ့ တောင်စောင်းကနေ ပစ်ချခိုင်းလိုက်တယ်၊ တလိမ့်ခေါက်ကွေး ကျပြီး သေဆုံးသွားရရှာပါတယ်။ သူယုတ်မာဆိုတာဟာ ယုတ်

မာမူ မပေါ်ခင်တော့ သာယာနေရတာပဲပေါ့၊ ယုတ်မာမှုလဲ ပေါ်ရော အခုလိုပဲ ပျက်စီးရရှာတာပါပဲကွယ်။

ဒါကြောင့် မကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ရမယ်၊ ကောင်းတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဆက်ဆံပေါင်းသင်းရမယ်တဲ့။ ''မိဘဆရာ၊ ဖြစ်စေကာလည်း၊ သူဟာ ဗာလပဏ္ဍိတဟု၊ ကျုန ခွဲလစ်၊ တွေ့တိုင်း စစ်၊ စနစ်တကျစေကွဲ့''မင်္ဂလာတရားတော်မှာလည်း စနစ်တကျ ပေါင်းသင်းပြီး မင်္ဂလာ ပြည့်ဝဖို့ ဟောကြားထားပါတယ်။

ဤဇာတ်တော်တွင်....

၁။ မိဖုရား (မိထွေး)သည် စိဉ္စမာဏ၊
၂။ မင်းကြီးသည် ယောက်ဖတော် ဒေဝဒတ်၊
၃။ နဂါးမင်းသည် အရှင်အာနန္ဒာ၊
၄။ တောင်စောင့်နတ်သည် အရှင်သာရိပုတ္တရာ၊
၅။ ပဒုမ မင်းသားသည် မြတ်စွာဘုရားအလောင်းတို့ ဖြစ်ပါတယ်။

( ၃ )

စိဉ္စမာဏ မိန်းမယုတ်သည် ရဲရဲတောက် ဝတ်စုံကို လှပဆန်းကြယ်စွာ ဝတ်ဆင်ပြီး ပန်းနံ့သာများ ပွေ့ပိုက်ကိုင်ဆောင်လျက် ဘုရားဖူး တရားနာဟန်ဆောင်ကာ ဇေတဝန်ကျောင်းသို့ သွားလေသည်။

'ဒီအချိန်မတော်ကြီးမှာ ညည်းဘယ်သွားတာလဲ'

ပတ်ဝန်းကျင်က မေးကြသည်။ ယင်းအမေးကို သည်သို့ ဖြေလိုက်သည်-

'ကျွန်မ သွားတာကို ရှင်တို့ပြောလို့ ဘာအကျိုးထူးမှာလဲ'

စိဥ္စမာဏဝိကာမသည် ဇေတဝန်နှင့် နီးသော တိတ္ထိကျောင်း တကျောင်းသို့ ဝင်ရောက် အိပ်စက်သည်။ ပြီးလျှင် စောစော စီးစီးထ ကပိုကရိုပြင်ဆင် မြို့ထဲပြန်၊ မေးသမျှလူတွေကို ဘုဆတ်ဆတ်လေးပြော။

'ကျွန်မ အိပ်ရာကို သိဖို့ ရှင်တို့အရေးလား'

သို့ရာတွင် တလကျော်တော့ 'ဇေတဝန် ကျောင်းကြီးရှင် ရှင်ဂေါတမနဲ့ တအိပ်ရာတည်း အိပ်လာတာ'ဟု ရဲရဲပြောသည်။ ပုထုဇဉ်တို့ သဘာဝ ဉာဏ်နည်းသူတို့ တွေဝေကြသည်။ "သူ ပြောတာ ဟုတ်လေမလား၊ မဟုတ်ဘူးလား"ဟု ယုံမှားသံသယ ဝင်ကြသည်။ ၃ လ ၄ လ ကျော်တော့ စိဥ္စမာဏ ဗိုက်က ဖောင်းဖောင်းလေး ဖြစ်လာသည်။ ဟိုလူ့မေးလဲ ရဟန်း ဂေါတမနဲ့ရတယ်၊ ဒီလူ မေးလဲ ရဟန်းဂေါတမနဲ့ ရတယ်နဲ့ မမောတမ်း ပြောလေပြီ။ အမှန်တော့ ဟိုဟာ ဒီဟာများ ရစ်ပတ်ပြီး ဗိုက်အတု လုပ်ထားခြင်းသာဖြစ်သည်။ ၈ လ၊ ၉ လ ကျော်တော့ သစ်သားတုံးကို ကိုယ်ဝန်ယောင် ပြုလုပ်ပြီး ဗိုက်မှာ ကြိုးနဲ့ ကပ်ချီထားပြန်သည်။ တကယ့် ကိုယ်ဝန်ဆောင် မိန်းမတွေ ဖြစ်ပေါ်ခံစားရသလို ခြေလက်တွေ ဖူးဖူးရောင်အမ်း နေအောင်လည်း လုပ်ထားသည်။ နွားမေးရိုးဖြင့် ရိုက်ပုတ်ထားသည်။ ခြေလက်တွေ ရောင်ကိုင်းလို့။

မြတ်စွာဘုရားသည် ညချမ်းအခါ တရားဟောနေကျအချိန်မှာပင် ပရိသတ်ဗိုလ်ပုံအလယ်မှာ တရားဟောတော်မူနေသည်။

ထိုစဉ် စိဋ္ဌမာဏာဝိကာမ ရောက်လာသည်။ မြတ်စွာဘုရား ရွှေတော်တည့်တည့်မှာ သွားရပ်ပြီး လက်ညှိုး ငေါက်ငေါက် ထိုးကာ စွပ်စွဲပြစ်မှားသည်။

"အရှင်ရဟန်းကြီး တရားပွဲကောရပ်ထားပါဦး၊ သင့်အသံက သာယာချိုမြပါပေတယ်၊ ငါ့မှာတော့ သင်နဲ့ရတဲ့ ကိုယ်ဝန်လွယ် ထားရတာ ပင်ပန်းလှပါပြီ၊ သားဖွားကိစ္စလေး ဘာလေး ဆောင်ရွက်ပို့ သိစမ်းပါဦး၊ ထောပတ်တို့ ဆီတို့ နနွင်းတို့ဆိုတာ စုဆောင်းထားရတာမျိုးပဲ၊ ကိုယ်တိုင်မလုပ်နိုင်ယင်လဲ အလုပ် အကျွေး တယောက်ယောက်ကို ညွှန်ကြားပါတော့၊ ကောသလ မင်းဖြစ်ဖြစ်၊ အနာထပိဏ်သဌေးဖြစ်ဖြစ်၊ ဝိသာခါကျောင်း အမဖြစ်ဖြစ်။

"ဒီစိဋ္ဌမာဏာရဲ့သားဖွားမှုကိစ္စကို ကြည့်လုပ်လိုက်ကြ၊ဒါလေး တောင် ပြောဖော်မရဘူး၊ ပျော်ပါးဖို့တော့ သိတတ်ရှန်ကော၊ မီးနေဖို့ သားဖွားဖို့ကျတော့ နေနိုင်ရန်ကော။

စိဋ္ဌမာဏာဝိကာမသည် မစင်တုံးဖြင့် လမင်းကို ပစ်ဖောက်ဖို့ ကြိုးစားသူပမာ မြတ်စွာဘုရားအား မဟုတ်မမှန် စွပ်စွဲဆဲရေး နေသည်။ ထိုအခါ မြတ်စွာဘုရားက တရားဟောမှုကို ခေတ္တ ဖြတ်ထားပြီး ခြင်္သေ့မင်း၏ဟောက်သံကဲ့သို့ ရဲရင့်ပြတ်သားစွာ ဤသို့ မိန့်ကြားတော်မူသည်။

ဘဂိနိ တယာ ကထိတဿ တထဘာဝံ ဝါ ဝိတထ ဘာဝံ ဝါ အဟမေဝစ တွဉ္စဇာနာမ။ (စိဋ္ဌမာဏာသည် ပြဿနာဟာ သင်နှင့်ငါပဲ သိကြတယ်။)

အာမ မဟာသမဏ၊ တယာစ မယာစ ဉာတာဘာဝေ
နေတံ ဇာတံ။ (အော်မှန်လိုက်လေဘယ် ရဟန်းကြီး၊
သည်ပြဿနာဟာ ရှင်နဲ့ ကျုပ်မနဲ့ပဲ သိတာပါ)

စိဉ္စမာဏ ထိုသို့ စွပ်စွဲပြောဆိုနေစဉ် လေကြမ်းတိုက်ခတ်လာသည်။ သူမ၏ ကိုယ်ဝတ်များ လွင့်စဉ်ကုန်သည်။ လေနှင့်အတူပါလာသော ကြွက်များက ကိုယ်ဝန်သစ်သားတုကို ချည်ထားသော ကြိုးများကို ကိုက်ဖြတ်ကြသည်။ ထိုပျဉ်ပြားကျလာလျှင် ခြေနှစ်ဘက်လုံး ခြေတံလေးတွေ ပြတ်ကျကုန်သည်။ တရားပွဲပရိသတ်မှာ ထိုအခါမှ သက်သက်မဲ့ လူလယ်ကော အရှက်လာခဲ့မှန်း သိကြသည်။

'မိ ကာဠ ကဏ္ဏိ သမ္မာသမ္ဗုဒ္ဓံ အက္ကောသိ'

'ဟဲ့— အယုတ်မ၊ ဟဲ့ ကျက်သရေတုံးမ၊ နင်မို့လို့ မြတ်စွာဘုရားကို ဆဲရက်ပလေတယ်၊ ထွီ၊ ထွီ'

စိဉ္စမာဏဝိကာမ၏ ဦးခေါင်းကို တံတွေးနှင့် ဝိုင်းထွေးကြသည်။ တုတ်များ၊ တောင်ဝှေးများဖြင့် ထိုးဆွပုတ်တော်ပြီး ဆွဲချသွားကြသည်။ ဇေတဝန်ကျောင်းပြင်ရောက်လို့ ဘုရားမမြင်လောက်ရာ အရောက်တွင်မူ မဟာပထဝီမြေကြီး၏ ဝါးမျိုခြင်းကို ခံလိုက်ရရှာလေသည်။ အဝီစိငရဲ မီးတောက်ဝါးမျိုခံရသည်မှာလည်း ဆွေမျိုးများ စုဆောင်းထောက်ပံ့သော ကမ္ဗလာနီဝတ်ရုံကို ခြုံထားဘိသို့ ရှိလေသည်။

၁။ ဟယ်–မိန်းမ၊ မိန်းမ၊ နင်မတရား၊ အမှားပြုချေ၊ ယုတ်မာလေပြီ။

၂။ ဟယ်-အယုတ်မ၊ အယုတ်မ၊ နင်ကား အပုပ်ချလို့၊ ဗုဒ္ဓကိုစွပ်စွဲခဲ့လေပြီ။

၃။ ဟယ်-အရှက်မဲ့မ၊ အရှက်မဲ့မ၊ နင်ကား မငဲ့မကွက်
ရက်စက်ခဲ့လေပြီ။

၄။ ဟယ်- ထွီ ထွီ၊ နင့်ဆိုက်နင့်ကံ ငရဲခံ၊ နင်သာစံတော့
အယုတ်မရေ။

မွန်ပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား အပေါင်းတို့၊ ယခု မြတ်စွာဘုရားရဲ့ ဂုဏ်သိက္ခာကို ချေဖျက်ဖို့ ကြိုးစားတဲ့ စိဉ္စမာဏမိန်းမယုတ် အကြောင်းကို သိကြပြီနော်၊ စိဉ္စမာဏဟာ သူ့အလှ သူ့ရုပ်ရည်နဲ့ ကောင်းကောင်းနေပြီး ကောင်းကောင်းလုပ်ယင် လူကောင်းတယောက်ဖြစ်နိုင်ပါတယ်။ သို့ပေမယ့် လောဘ ဒေါသ မာနတရားတွေ ရှိနေတဲ့ တိတ္ထိတွေရဲ့ ဩဝါဒတွေကို ခံယူမိလေတော့ မဟုတ်မမှန်ပဲနဲ့ ဘုရားကို စွပ်စွဲ မိရှာပါတယ်၊ အဲဒီစွပ်စွဲမှု အပြစ်ဟာ အင်မတန် ကြီးလေးလှ တယ်။ ဘုရားအရိယာ ရဟန္တာ သူတော်ကောင်းတွေကို ပြစ်မှား စွပ်စွဲတဲ့ ပုဂ္ဂိုလ်များဟာ စိဉ္စမာဏလိုပဲ ဆင်းရဲတတ်ပါတယ်။ ဒါကြောင့် ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တကြတဲ့အတိုင်း လျင်မြန်စွာ ရောက်နိုင်ကြပါစေ။

## (၅) စိဉ္စမာဏ မိန်းမယုတ်ကို အောင်တော်မူခြင်း

မိန်းမယုတ်ဟာ ကိုယ်ဝန်အတုနဲ့၊ သဗ္ဗညုဘုရာ စွပ်စွဲလာ။
စွပ်စွဲမှုဟာ မနိုင်မြဲလို့၊ ယိုင်လဲရှာပေါ်လူလယ်မှာ။
ဗုဒ္ဓစိတ်အေး မြတ်ဘုရာ က၊ ဖြူစင်တရားနဲ့ နိုင်ခဲ့တာ။
မိန်းမယုတ်မှာ မြေမျိုထိလို့၊ အဝီစိငရဲကျရရှာ။
စွပ်စွဲယုတ်မာ အမျက်သမား၊ အရှက်မျာ လို့ ပျက်စီးရှာ။
(ကြောက်စရာ၊ ကြောက်စရာ။)


တင်ထွန်းထွန်း

# အတ္တဝါဒသမား သစ္စကပရဗိုဇ်အား
# မြတ်စွာဘုရား ခြေချတ် တရားဟောတော်မူပုံ

# သစ္စကပရဗိုဇ်ကို အောင်မြင်ခြင်း

## ( ၁ )

အချိန်မှာ မြတ်စွာဘုရားသခင် ဝေသာလီပြည် မဟာဝုန်တောကြီးရှိ အထွတ်ထုပိကာများဖြင့် ဆန်းကြယ်လှသော ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်သည်။ များစွာသော ရဟန်းတော်တို့သည် မြတ်စွာဘုရားထံ မှီခိုချဉ်းကပ်ပြီး တရားအားထုတ်ရှုမှတ်သူမှတ်ကြ၊ စာပေပရိယတ် ဆောင်သူဆောင်ကြဖြင့် သုံးရပ်သော သာသနာတော်မြတ်ကြီးလည်း ထွန်းကားနေပေသည်။

ဝေသာလီပြည်ကား အဆန်းတကြယ်လည်း ပေါများလှ၏။ နေချင့်စဖွယ်လည်း ရှိလှပါ၏။ လိစ္ဆဝီမင်းပရိသတ်များ လာပြီဆိုလျှင် သူတို့၏ ဝတ်စားဆင်ယင်မှုများမှာ မြင်မြင်သူ ငေးရသည်သာ ဖြစ်သည်။ တက်ကြွမှု ဖျတ်လတ်မှု၊ မင်းပျို မင်းလွင်ပီသရဲရင့်မှုတို့ကလည်း နိုင်ငံတော်အတွက် ဂုဏ်ယူစရာပင် ဖြစ်ပြန်သည်။

လိစ္ဆဝီမင်းတို့သည် သူတို့ အံစဉ်အဆက် ကိုးကွယ်ခဲ့သော အတ္တဝါဒ ဖြန့်ချီဟောပြောသူ ဆရာသစ္စကအား ယုံကြည်ကြသည်။ သစ္စက၏တပည့် ပရိသတ်များဆိုက ပြည့်စုံလောက်ပေပြီ။

သစ္စကသည် ဝါဒရေးရာနှင့် စပ်လျဉ်းလျှင် ဗိုလ်မထားအောင်နိုင်သူဟု သူ့ကိုယ်သူ ယူဆထားသည်။ သူ ကြုံးဝါးလေ့ရှိသော စကားများက ကြက်သီးမွေးညှင်း ထလောက်ပေသည်။

"ငါ့ရဲ့ ခိုင်မြဲတဲ့ စကားလမ်းစဉ်နဲ့သာ တင်ပြပြောဆိုရလျှင် မတုန်လှုပ်ပဲ တင်းခံသူ မရှိနိုင်ဘူး၊ ဇောချွေးတွေ တဒီးဒီးကျပြီး ရှုံးရမှာပဲ၊ ဂိုဏ်းဆရာဖြစ်ဖြစ်၊ ရဟန်းဆရာပဲဖြစ်ဖြစ်၊ ဘုရားလို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်ပါ ရှုံးရမှာပဲ၊ စိတ်မရှိတဲ့ကျောက်ဆစ်ရုပ်ကတောင် ငါ့စကားနဲ့ ထိတွေ့လာယင် မခံနိုင်ပါဘူး၊ သက်ရှိသတ္တဝါကတော့ ပြောစရာမလိုပါဘူး၊ ကျိန်းသေ ရှုံးရမှာပါပဲ"

သစ္စက သည်သို့ရဲရင့်စွာ ကြွေးကြော်နိုင်သည်မှာ အချည်းနှီးတော့ မဟုတ်ပေ။ ဝါဒရေးရာ၌ တော်တော့်ကို ကျွမ်းကျင်ထား၍ ဖြစ်သည်။ သူလိုတန်းတူ သိမထားဘူးဆိုယင် ဂျင်လှည့်သလို လှည့်ပတ်ပြီး ကစားစရာဖြစ်အောင် ပြုနိုင်စွမ်းသည်။ လိစ္ဆဝီမင်းသားငယ်များဆို သစ္စကမှသစ္စက၊ သို့ကလို အသည်းစွဲဖြစ်သည်။ သူ့ဝါဒကလည်း အတ္တဝါဒကိုး။

ပဉ္စဝဂ္ဂီငါးဦးတို့တွင် အပါအဝင်ဖြစ်သော အရှင်အဿဇိ အရှင်မြတ်သည် ဆွမ်းခံကြွလို့ လာပါပြီ။ ထိုအရှင်ကား– သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်စသော ဂုဏ်တော် ကိုးပါးတို့ဖြင့်

ပြည့်စုံပေသော အရိယာဂိုဏ်းဝင် ရဟန္တာအရှင်မြတ်ကြီးတပါး ဖြစ်သည်။

ဤအချိန်တွင် သစ္စကသည် အညောင်းပြေ လမ်းလျှောက်ယင်း တောင်မြောက်လေးပါးကို ဥဒဟိုသွားနေသည်။ ယင်းသို့သွားယင်း ထိုအရှင်မြတ်ကို မြင်တွေ့သွားသည်။

( ၂ )

'ဘောအဿဇိ၊ အို–အရှင်အဿဇိ'ဟု ခေါ်ကာ သူ မေးလျှောက်လိုရာများကို မေးလိုက်ပါသည်။ ''ရဟန်းဂေါတမဟာ တပည့်တွေကို သယ်လိုဆုံးမဩဝါဒ ပေးပါသလဲ''

အမေးရှိလျှင် အဖြေရှိရမြဲ၊ ဤကား ကမ္ဘာ့နိယာမ၊ ဓမ္မနိယာမလည်း ဟုတ်ပါသည်။ ယင်းကြောင့် ထိုအမေးအား လျှော်စွာ ဤသို့ဖြေယင်း ပြောဆိုလိုက်သည်။

''အဂ္ဂိဝေဿန-အဂ္ဂိဝေဿနရေ။ ဘဂဝါ၊ ငါတို့မြတ်စွာ ဇောသတ္တာသည်။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ရုပ်တရားသည် မမြဲ။ ဝေဒနာတရားသည် မမြဲ။ သညာတရားလည်းမမြဲ။ သင်္ခါရတရားတို့လည်းမမြဲကြ။ ဝိညာဏ်တရားလည်းမမြဲ။ ရဟန်းတို့ ရုပ်တရားဟူသည် အတ္တမဟုတ်။ ဝေဒနာတရားလည်း အတ္တမဟုတ်။ သညာတရားလည်း အတ္တမဟုတ်။သင်္ခါရတရားတို့လည်း အတ္တမဟုတ်။ ဝိညာဏ်တရားလည်း အတ္တမဟုတ်။ ခပ်သိမ်းသော တရားမှန်သမျှ အမြဲမရှိ။ အနိစ္စတရားပဲ။ အစိုးမရအနတ္တတရားပဲ'လို့ ဆုံးမတယ်- ဩဝါဒပေးတယ်''

"ဘော-အိုအချင်းအဿဇိ၊ မကြားကောင်းသောစကားကိုမှ ကြားရတတ်ပလေတယ်၊ အယင်ကလည်း ဒီစကားမျိုး ကြားခဲ့ဖူးပါရဲ့၊ တနေ့နေ့တော့ အရှင်ဂေါတမနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်နိုင်ကောင်းပါရဲ့၊ စကား တခွန်းတလေလောက်တော့ ပြောနိုင်ကောင်းမယ် ထင်ပါရဲ့၊ မှားယွင်းချွတ်ချော်နေတဲ့ အယူဝါဒဆိုးကိုလည်း သန့်ရှင်းသုတ်သင်နိုင်လောက်ပါရဲ့"ဟု မာန်တက်သောစကားမျိုးဖြင့် ပေါ်ပစ်ခါခါ ပြောလေသည်။

သစ္စကသည် နှုတ်တရွရွ ဖြစ်နေသည်။ ပြောချင်လှုက်တသွက်သွက်ဖြစ်နေသည်။ ပွဲတောင်းနေလေသည်။ ယင်းကြောင့် သူ့တပည့် မင်းပရိသတ်ရှိရာသို့ သွားလိုက်သည်။ လိစ္ဆဝီမင်းတို့မှာ ပြည်ထဲရေး ပြဿနာများ ဖြေရှင်း ဆွေးနွေးတိုင်ပင်နေကြသည်။

"အို-လိစ္ဆဝီမင်းအပေါင်းတို့၊ လိစ္ဆဝီမင်း အပေါင်းတို့၊ လာကြ၊ ဒီကိုလာကြ။ ယနေ့ ရဟန်းဂေါတမနဲ့ စကားပြောဆိုဆွေးနွေးဖြစ်လိမ့်မယ်။ နာမည်ကျော် ရဟန်းတော်တွေထဲမှာ တပါး ပါဝင်တဲ့ အရှင်အဿဇိ ဝန်ခံသလိုသာ ဝန်ခံမယ်ဆိုယင်တော့ အမွေးရှည်တဲ့ သိုးကို တခါတည်း အမွေးဆွဲပြီး မွှေ့ယမ်းပစ်သလိုလုပ်ပစ်မယ်၊ သေတင်းကုပ်ကဖျာကို ရွှေ့စ်ပြီး လှုပ်ခါဆောင့်ပစ်သလို လုပ်ပစ်မယ်၊ သေရည်စစ်တဲ့အိတ်ကို တဖျပ်ဖျပ်ရိုက်ခါသလို ကပြောင်းကပြန်ဖြစ်အောင် လုပ်ပစ်မယ်"

ဤကြုံးဝါးသံကြားတော့ အချို့လိစ္ဆဝီမင်းတို့က အားရှိသည်။ တက်ကြွကြသည်။ တို့ဆရာက နိုင်မှာပဲကွဟု ယုံကြည်ယူဆလိုက်ကြသည်။ အချို့ လိစ္ဆဝီတို့ကမူ သစ္စကတော့ ရှုံးမှာပဲဟု ယူဆကြသည်။ အချင်းချင်း ဆူဆူညံညံနှင့် တယောက်

တမျိုး ပြောနေစဉ်မှာပင် သစ္စကက မဟာဝုန်တောသို့ ဦးဆောင်ခေါ်သွားသည်။ အရေအတွက်မှာ ငါးရာရှိသည်။ ပရိသတ် ထုထည်ကောင်းလှသည်။ တောသို့ရောက်လျှင် လွင်တီးခေါင်တွင် စကြံ့ ရှုမှတ် ကြွနေကြသော ရဟန်းတော်များကို မြင်တွေ့ကြရသည်။

"အရှင်ဘုရားတို့ ယခုအချိန်ဆိုယင် မြတ်စွာဘုရား ဘယ်နားမှာ သီတင်းသုံးနေပါသလဲ၊ တပည့်တော်တို့ ဘုရားဖူးချင်လို့ပါဘုရား"

သစ္စကနှင့် လိစ္ဆဝီမင်းအပေါင်းတို့သည် ရဟန်းတော်များ ညွှန်ပြသည့် ဗုဒ္ဓသီတင်းသုံးရာ သစ်ပင်ကြီး တပင်အောက်သို့ သွားကြသည်။ ဗုဒ္ဓအား တွေ့ရလျှင် အချို့ လိစ္ဆဝီမင်းတို့က ကိုယ့်နာမည်ကို ဖော်ပြ၍ လျှောက်ထားကြသည်။ အမျိုးအနွယ်တို့ကိုလည်း လျှောက်ကြသည်။ ဝမ်းမြောက်ဝမ်းသာ လျှောက်ကြသည်။ အချို့ကမူ ငြိမ်ချက်သား ရှိလှသည်။ ရဟန်း ပရိသတ် လိစ္ဆဝီပရိသတ်နှင့် ဆိုတော့ တထောင်ကျော် ရှိလေသည်။

"အရှင်ဂေါတမ ပြဿနာတခုတော့ မေးခွင့်ပြုမယ်ဆိုယင် မေးချင်ပါတယ်"

"အဂ္ဂိဝေဿန သင်မေးလိုတာကိုမေးနိုင်တယ်၊ မေးလော့"


"အရှင်ဂေါတမ၏ တပည့်များကို ဘယ်လို ဆုံးမပါသလဲ"

"သင့်ကို ငါ့သားတော် အဿဇိက ပြောပြီးပြီ မဟုတ်ပါလော"

"ကောင်းပါပြီ၊ ဒီလိုဖြစ်ယင် ဥပမာတခုနဲ့ တင်ပြပြီး ပြောချင်ပါတယ်"

"သင် ထင်မြင်တဲ့ ဥပမာကို ပြောလော့"

# ဗုဒ္ဓဘာသာဝင်အပေါင်းတို့အား ဗုဒ္ဓ၏တရားဓမ္မများကို
# ရဟန်းတော်တပါးက ညွှန်ကြားဟောပြတော်မူပုံ



“မျိုးစေ့မှန်သမျှဟာ မြေကိုပဲ အမှီပြုပြီး ကြီးပွား ကြရတယ်၊ အလုပ်သမား လယ်သမား ကာယလုပ်သားများဆို ယင်လဲ မြေပေါ်မှာပဲ အမှီသဟဲပြုပြီး ဆောင်ရွက်ကြရတယ်၊ ဒီနည်းတူပဲ ရုပ်ဘာရားကိုယ်ကောင် အတ္တာလို့ ခေါ်တဲ့ ယောကျ်ား မိန်းမဟာလဲ ရုပ်ကို အမှီသဟဲပြုပြီးမှပဲ ကောင်းမှု မကောင်းမှု ဖြစ်ရပါတယ်၊ ခံစားမှု မှတ်သားမှု ပြုပြင်စီရင်မှု အထူးသိမှု ဝိညာဉ်ဘရားများဟာလဲ သတ္တဝါပုဂ္ဂိုလ်ကိုပဲ အမှီသဟဲပြုပြီး တော့ ကောင်းမှု မကောင်းမှု ဖြစ်ရပါတယ်”

“အဂ္ဂိဝေဿန ဒါဖြင့်ယင် ရုပ်သည် ငါ့ရဲ့အတ္တ၊ ခံစားခြင်း သည် ငါ့ရဲ့အတ္တ၊ မှတ်သားခြင်းသည် ငါ့ရဲ့အတ္တ၊ ပြုပြင်စီရင်မှု သည် ငါ့ရဲ့အတ္တ၊ အထူးသိမှု ဝိညာဉ်သည် ငါ့ရဲ့အတ္တလို့ သင် ယူဆ လက်ခံထားတယ်ပေါ့”

“မှန်ပါ၊ အရှင်ဂေါတမ အကျွန်ုပ်လဲ အဲသလိုပဲ ယူဆ တယ်၊ ဟောဒီ မြောက်မြားလှစွာသော ပရိသတ်ကြီးကလဲ အဲသလိုပဲ ယူဆကြပါတယ်”

သစ္စကက ကျွမ်းကျင်သည်ဟု သမုတ်ကြသော စကားပြော နည်းဗျူဟာအရ ပရိသတ်ကိုပါ ဆွဲထည့် အားပြုလိုက်သည်။ သို့မှ သူ့ဝါဒ ခိုင်လုံမည် မဟုတ်ပါလော၊ သို့ရာတွင် ဗုဒ္ဓက–

“အဂ္ဂိဝေဿန ပရိသတ်ကို ဆွဲမထည့်ပါနှင့် ကိုယ့်ဝါဒကိုပဲ ဖြေရှင်းစမ်းပါဦး”

“ငါ့ရုပ်သည် ငါ့ရဲ့အတ္တ၊ ငါ့ဝေဒနာသညာ သင်္ခါရ ဝိညာဏ် တို့ဟာလဲ ငါ့ရဲ့ အတ္တပါ”

‘ကောင်းပြီ အဂ္ဂိဝေဿန သင်ဒီလို ဝန်ခံယင် ငါမေးမယ်၊ သင်နှစ်သက်သလို ဖြေ။ ပသေနဒီ ကောသလမင်း၊ အဇာ

တသတ်မင်းတို့ဟာ ရာဇဝတ်မှု ကျူးလွန်သူကို နှင်သင့်က နှင်မယ်၊ သတ်သင့်က သတ်မယ်၊ ဒီဥပဒေ အမိန့် ထုတ်နိုင်သလား''

''အရှင် ဂေါတမ ထုတ်နိုင်ပါတယ်၊ ဒီအစည်းအဝေးမှာ ပါကြတဲ့ မင်းများတောင် ဥပဒေပြုမှု အာဏာရှိကြပါတယ်၊ ပသေနဒီနှင့် ဝေဒိဟိမိဖုရား၏ သား အဇာတသတ်တို့ဟာ ပြောဖို့ပင် မလိုပါ''

''အဂ္ဂိဝေဿန ငါမေးမှာကို ဘယ်လိုများ ထင်သလဲ၊ သင်ကရုပ်ဟာ ငါ့ရဲ့အတ္တလို့ ယူဆတယ်၊ အဲဒီအတိုင်း ဆိုယင် ဤရုပ်သည် မအိုပါစေနဲ့၊ နုနုပျိုပျိုလေး ဖြစ်ပါစေလို့ အမိန့်ပေးပြီး ဥဒေ ထုတ်နိုင်သလား''

သစ္စက မဖြေနိုင်၊ ငိုင်နေသည်။ ဘုရားက နှစ်ကြိမ်မြောက်မေးသည့်တိုင် မဖြေနိုင်ပဲ ငြိမ်ပြီး ခေါင်းငုံ့နေပြန်သည်။

''အဂ္ဂိဝေဿန ယခုအချိန်ဟာ နှုတ်ဆိတ်ရမယ့် အချိန်မဟုတ်ပေဘူး၊ ဖြေပါ၊ သုံးကြိမ်သုံးခါ မေးလျက်နှင့် မဖြေလျှင် သင့်ဦးခေါင်း ရှစ်စိပ်ကွဲသွားမယ်'

သစ္စကသည် ဘုရားအမှူးရှိသော သံဃာ့ပရိသတ်အားလည်းကောင်း၊ မင်းပရိသတ်အားလည်းကောင်း၊ ဆိတ်ဆိတ်နေခြင်းဖြင့် ညှင်းဆဲနေသည်။ ယင်းကြောင့် သိကြားမင်းသည် သံဝရဇိန်လက်နက်ကို ကိုင်လာပြီး ခြိမ်းခြောက်လိုက်သည်။ မြတ်စွာဘုရားအား တရားဟောရန် သဟမ္ပတိ ဗြဟ္မာမင်း တောင်းပန်စဉ်ကပင် သိကြားမင်းသည် ''အရှင်ဘုရာ တို့က စွမ်းစက်ဖြင့် ဟောပြော ဆုံးမတော်မူပါ၊ မလိုက်နာသူများကို တပည့်တော်တို့က အာဏာစက်ဖြင့် လိုက်နာအောင် ဆောင်ရွက်ပါမည်''ဟု လျှောက်ထားဖူးသည်။ ယင်းလျှောက်ထား

ချက်အရ သစ္စကအား ဖြေဆိုရန် ခြိမ်းခြောက်ခြင်းဖြစ်သည်။ ထိုခြိမ်းခြောက်မှုမှာ ဘုရားနှင့် သစ္စက ၂ ဦးသာ သိကြသည်။ သစ္စကမှာ ကြောက်လန့်၍ နေစရာပင် မရှိပြီ။ ဘုရားနား တိုးကပ်ပြီး ဘုရားအားကိုးကွယ်ပါတယ်ဟုဆိုကာဖြေရရှာသည်။

'ဘဝံ ဂေါတမော–အရှင်ဂေါတမသည်၊ မံ–အကျွန်ုပ်ကို၊ ပုစ္ဆတုမေးတော်မူပါ၊ ဗျာကရိဿာမိ–ဖြေကြားပါတော့မည်'

ဗုဒ္ဓသည် သစ္စကအား သူ၏ အယူဝါဒဆိုးကြီး ပြေပျောက်ပြီး မာန်စွယ်ကျသည်အထိ မေးမြန်း ဟောတော်မူသည်။ အတ္တဝါဒ၏ မှားယွင်းမှုကို ထင်ရှားစွာ လက်ခံလာအောင် ဟောပြတော်မူသည်။ ရှင်းလင်းပြတော်မူသည်။

'ရူပံနိစ္စံဝါ' အနိစ္စံဝါဟု မေးမြန်းသည်ကို–

'အနိစ္စံ ဘော ဂေါတမ' ဟု ရုပ်တရား၏ မမြဲမှုကို မမြဲဟု အမှန်ဖြေသည်။ ထိုမမြဲသော တရားကိုလည်း–

'ယံ ပနာနိစ္စံ၊ ဒုက္ခံဝါတံ သုခံဝါတိ'

''ဒုက္ခံ ဘော ဂေါတမ မမြဲသော တရားဟာ ဆင်းရဲပါတယ်'

'ဧတံမမ၊ ဧသောဟမသ္မိ၊ ဤရုပ်သည် ငါ၏ဥစ္စာ၊ ဤရုပ်သည် ငါဖြစ်သည်၊ ဤရုပ်သည် ငါ၏ အတ္တပဲ'လို့မရှုမှတ်နိုင်ပါ၊ မယူဆနိုင်ပါဘုရား'

'အဂ္ဂိဝေဿန သင်ဒုက္ခဆင်းရဲကို ငြိးငွေ့ရှိရှာ စက်ဆုပ်လျက် ရှုမှတ်သည် မဟုတ်လော'

'အရှင်ဂေါတမ၊ အဘယ်မှာ မရှုပဲ နေပါ့မလဲ'

'အဂ္ဂိဝေဿန– အနှစ်ရှာတဲ့ ယောကျာ်းတယောက်ဟာ တောထဲကို အနှစ်သွားရှာတယ်၊ ငှက်ပျောတပင်တွေ့တော့

အခုံခွာကိုခွာတယ်၊ အဖတ်တွေခွာတယ်၊ ကုန်သာကုန်သွားတယ် အနှစ်ရယ်လို့ ဘာမှမတွေ့ရဘူး’

‘သင့်အယူဝါဒဟာလဲ ဒီအတိုင်းပဲ ဘာမှ အနှစ်သာရ မရှိဘူး။ အဂ္ဂိဝေဿန၊ ဝေသာလီပြည်မှာ သင်ပြောခဲ့တဲ့စကားတွေ ပြန်အာရုံပြုကြည့်စမ်း၊ ကျောက်ဆစ်ရုပ်၊ သစ်သားတုံးကိုတောင် လှုပ်ရှားသွားအောင် ပြောနိုင်တယ်ဆို၊ တဘက်လူဟာ ဘုရားလို့ ဝန်ခံတဲ့ပုဂ္ဂိုလ်ဖြစ်ယင်တောင် ချွေးဒီးဒီးကျအောင် ပြောနိုင်တယ်ဆို၊ ခု ဘယ်သူ့နဖူးက ချွေးကျနေသလဲ၊ သင့်မှာဆို ချွေးတွေ ရွှဲနစ်နေတာပဲ၊ ကိုယ်ရုံကိုဖောက်ပြီး မြေကြီးပေါ်တောင် စိုရွှဲနေပါပြီ၊ ငါဘုရားမှာ ချွေးတစက်မှ မထွက်ပါဘူး’

မြတ်စွာဘုရားသည် ထိုသို့ မိန့်တော်မူပြီး ကိုယ်တော်မြတ်၏ ရူပကာယတော်ကို ပရိသတ်မြင်သာအောင် သင်္ကန်းကို ဖယ်ရှားပြီး ပြတော်မူသည်။ ရွှေရောင်တဝင်းဝင်းနှင့် ဝါဝင်းသော ရွှေကိုယ်တော်ကို ပရိသတ်အားလုံး ဖူးမြင်ကြရသည်။ သစ္စကမှာ ရှက်သဖြင့် ခေါင်းငုံ့ထားရသည်။ ပခုံးနှစ်ဘက်ကလည်း ကားကားရားရား မရှိတော့၊ ကျုံ့ကျုံ့ရုံ့ရုံ့ ခွေနေလေပြီ၊ ထိုစဉ် ဒုမ္မုခ အမည်ရှိ လိစ္ဆဝီမင်းသား တဦးက မြတ်စွာဘုရားထံ စကားပြောခွင့် လျှောက်ထားနေသည်။

‘ဒုမ္မုခ ငါဘုရား ခွင့်ပြုတယ်၊ လျှောက်ထားလော့’

‘ယခုအခါဆိုယင် သစ္စကဟာ ပုစွန်ခြေကျိုး ဖြစ်သွားပါပြီ၊ ဘာမှ လှုပ်ရှားလို့ မရတော့ပါဘူး၊ သစ္စကဟာ ဒိဋ္ဌိတည်းဟူသော မာန်ထောင်လွှားခြင်း မှန်သမျှကို ရိုက်ချိုးခံလိုက်ရပါပြီ၊ နောင်ဆိုယင် ဘယ်တော့မှ ဝါဒပြိုင်လိုစိတ်ရှိမှာ မဟုတ်တော့ပါဘူးဘုရား’

'သည်မှာဒုမ္မုခ၊ တော်တော့၊ ငါဟာ အရှင်ဂေါတမနှင့် သာ ပြောဆိုတိုင်ပင်တာ ဖြစ်တယ်၊ အရှင်ဂေါတမ အခြားသူ တွေဟာ ယောင်ယမ်းပြီး ထပြောကြတာပါ၊ အရှင်ဂေါတမရဲ့ တပည့်များဟာ မည်မျှအထိ ဆုံးမမှုကို လိုက်နာကျင့်ကြံကြပါ သလဲ၊ ယုံမှားတွေးတောမှုကင်းပြီး ရဲရင့်ပြတ်သားစွာ သာသနာ မှာ ယုံကြည်ကြပါသလဲ''

'ငါ့တပည့်တွေဟာ ရုပ်နာမ်တရားတွေကို ငါ၊ ငါ့ဥစ္စာမဟုတ် လို့ အမှန်အတိုင်း ရှုမှတ်နေကြတယ်၊ ကိလေသာချုပ်ငြိမ်းတဲ့ အခါမှာဆိုယင်—

ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊

ဒန္တော သောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊

သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊

တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊

ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ (ပါဠိတော်)

မြတ်စွာဘုရားသခင်သည် သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တိုင် သိတော်မူပါပေသည်။ သတ္တဝါဝေနေယျတို့အား သိအောင် ဟောပြတော်မူပါပေသည်။

မြတ်စွာဘုရားသည် ယဉ်ကျေးတော်မူပါပေသည်။ သတ္တဝါ ဝေနေယျတို့ကိုလည်း ယဉ်ကျေးအောင် ဟောပြတော်မူပါပေ သည်။

မြတ်စွာဘုရားသည် ကိလေသာခပ်သိမ်း ချုပ်ငြိမ်းတော်မူပါ ပေသည်။ သတ္တဝါဝေနေယျတို့ကိုလည်း ကိလေသာချုပ်ငြိမ်း အောင် ဟောပြတော်မူပါပေသည်။

မြတ်စွာဘုရားသည် ဩဃတည်းဟူသောမြစ်ကို ကူးမြောက်တော်မူပါပေသည်။ သတ္တဝါဝေနေယျတို့ကိုလည်း ကူးမြောက်နိုင်ရန် ဟောတော်မူပါပေသည်။

မြတ်စွာဘုရားသည် ကိလေသာ မီးတောက်မီးလျှံများကို အကြွင်းမဲ့ ချုပ်ငြိမ်းတော်မူပါပြီ။ သတ္တဝါဝေနေယျတို့ကိုလည်း ချုပ်ငြိမ်းအောင် ဟောပြတော်မူပါသည်' – ဤသို့ အရိုအသေပြုတယ်၊ လေးစားမြတ်နိုးတယ်၊ ပူဇော်ကော်ရော်ကြတယ်။

## ( ၃ )

## သံဝေဂဖြင့် သျှောက်ထားခြင်း

အရှင်ဂေါတမဘုရား၊ တပည့်တော်တို့ဟာ မြတ်စွာဘုရားကို ဝါဒနှင့် စွပ်စွဲပြောဆိုကောင်းတယ်လို့ ယူဆခဲ့မိပါတယ်၊ တပည့်တော်တို့ဝါဒကလဲ သူတပါးက သာနေယင် အဲဒီဂုဏ်မျိုးကို ဖျက်ဆီးလေ့ရှိပါတယ်။ နှုတ်မာန်တွေ တကြွားကြွားလဲ ဖြစ်နေလေ့ရှိပါတယ်။ တကယ်တော့ မုန်ယိုပြီး ကြမ်းတမ်းနေတဲ့ ဆင်ဆိုးကြီးကို တိုက်ခိုက်တဲ့ ယောကျ်ားသာ ချမ်းသာခွင့်ရနိုင်ပါတယ်၊ အရှင်ဂေါတမကို ထိပါးပုတ်ခတ်သူကတော့ ဘယ်နည်းမဆို ဆင်းရဲရမှာပါပဲ။ မီးပုံကြီးထဲကျတဲ့ ယောကျ်ားသာ ချမ်းသာခွင့် ရနိုင်ပါမည်။ အရှင်ဂေါတမကို ထိခိုက်သူဟာ ဆင်းရဲမှာပဲ။ မုချကို ဆင်းရဲမှာပါပဲ။ အဆိပ်ပြင်းထန်တဲ့ မြွေကိုက်ခံရ

သူသာ ချမ်းသာနိုင်ပေမယ့် အရှင်ဂေါတမကို ထိခိုက်ပုတ်ခတ်သူကတော့ ဆင်းရဲဒုက္ခ ကြုံရမှာ အမှန်ပါပဲဘုရား။

## ဆွမ်းစားပင့်ခြင်း

"အဓိဝါသေတု မေ ဘဝံ ဂေါတမော သွာတနာယ ဘတ္တံ သဒ္ဓိံ ဘိက္ခု သံဃေန"

"အရှင်ဘုရား မနက်ဖြန် နံနက် ဆွမ်းအတွက် သံဃာတော်များနှင့် အတူပါ ပင့်ဖိတ်ပါတယ်၊ ကြွတော်မူပါ ဘုရား"

သစ္စကသည် ဗုဒ္ဓ၏ အနုတ္တဝါဒကို လက်ခံခဲ့ပြီး ဖြစ်ပါသည်။ နှစ်သက် သဘောပေါက်ခဲ့ပါပြီ။ အယူဝါဒ အတ္တဒိဋ္ဌိ တရားဆိုးဖြင့် မြတ်စွာ ဘုရားအား ပြောဆိုခြင်း၊ နှိပ်စက်ခြင်း မရသည်ကို သိရှိခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်များကို သိမြင် ယုံကြည်ခဲ့ပြီ။ယင်းကြောင့် ဆွမ်းစားပင့် ခဲ့သည်။ ဤဆွမ်းသည် ဗုဒ္ဓ ရှင်တော်မြတ်၏ "အောင်ဆွမ်း" လည်း ဖြစ်ပေသည်။ သစ္စကအဖို့မှု အမှန်မြင်သိရသည့်အတွက် "သစ္စာ"ဆွမ်းပင် ဖြစ်ပေမည်။

"အို....လိစ္ဆဝီမင်း အပေါင်းတို့ ဘုရား အမှူးရှိသော သံဃာတော်များကို ဆွမ်းစား ပင့်ခဲ့ပြီးပါပြီ။ ဘုရားနှင့် အပ်စပ်မည့် ဆွမ်းခဲဖွယ် လှုဖွယ် ဝတ္ထုပစ္စည်းကို ယူခဲ့ကြပေတော့"

လိစ္ဆဝီမင်းတို့မှာ ဗုဒ္ဓကိုလည်း ကြည်ညိုပြီးဖြစ်ကြ၊ ဆရာသစ္စကကိုလည်း မှီခိုယင်း ရှိကြသဖြင့် ဆွမ်းအုပ် ငါးရာ ပို့ကြသည်။ သစ္စက စိတ်တိုင်းကျ စီမံပြင်ဆင်ထားသည်။ သူ့အရာမ်က

လည်း ကျယ်ဝန်းလှပေသည်။ သံဃာတော် ကိုးရာ တစ်ထောင်တော့ ချောင်ချောင်လည်လည် ပြုစုလှူဒါန်းနိုင်သည်။

## အနီးကပ် ပင့်လျှောက်ခြင်း

ကာလော ဘော ဂေါတမ နိဋ္ဌိတံ ဘတ္တံ။

"အရှင်မြတ်ဘုရား ဆွမ်းဘုဉ်းပေးရန် အချိန် ရောက်လာပါပြီ၊ ဆွမ်းဘောဇဉ်များ အဆင်သင့် ပြုပြင် ပြင်ဆင်ပြီးပါပြီ၊ ကြွတော်မူပါဘုရား"

သစ္စကသည် သူကိုယ်တိုင်ပင် ဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဘောဇဉ်ခဲဖွယ် လိုက်လံ ဖြည့်စွက်လှူဒါန်းခြင်းဖြင့် ပြုစု လုပ်ကျွေးရှာသည်။ ဤပြယုဂ်သည် သစ္စက၏ အယူဝါဒဆိုးကို ဗုဒ္ဓ အယူဝါဒ မှန်ကနိုင်လိုက်ခြင်း သဘောလည်းဆောင်သည်။ သစ္စက အနေနှင့်လည်း ဗုဒ္ဓ၏အနတ္တဝါဒအမှန်တရားကြောင့် သူ၏အတ္တဝါဒ အမှားတရားကို စွန့်လွှတ် အောင်နိုင်ခြင်းလည်း ဖြစ်သည်။ မြတ်စွာ ဘုရား ဆွမ်းပြည့်စုံတော့ သစ္စက က နိမ့်နိမ့် ခင်းထားသော နေရာလွတ်တခုတွင် ထိုင်ပြီး လျှောက်ထားသည်။

"မြတ်စွာဘုရား၊ ဤကောင်းမှု ကံသည်ကုသိုလ်ရှင်ဒါယကာ အပေါင်းတို့အား ချမ်းသာ စီးပွားဖြစ်ပါစေဘုရား"

"သစ္စက ငရဲဗိုဇ်၊ သင်လို ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးတဲ့ ပုဂ္ဂိုလ်ကို လှူမှုဟာ အဲဒီ အလှူရှင်ပဲ သင့်သလောက်ရလိမ့်မယ်၊ ငါဘုရားတို့လို ရာဂ ဒေါသ မောဟ ကင်းပြီး ပုဂ္ဂိုလ်ကို လှူဒါန်းမှုဟာ သင့်အတွက် အကျိုး ဖြစ်လိမ့်မယ်"

မြတ်စွာ ဘုရားသည် သစ္စက ပရိဗိုဇ်အား တရား များစွာ ဟောတော်မူခဲ့ပေသည်။ မူလ ပဏ္ဏာသ ပါဠိတော်မှာပင် စူဠသစ္စကသုတ်နှင့် မဟာသစ္စက သုတ်ဟူ၍ နှစ်သုတ် ရှိသည်။ ယင်းသို့ များစွာ ဟောတော် မူခဲ့သော်လည်း သစ္စကမှာ သရဏဂုံပင် မတည်ခဲ့ပေ။ သူ၏ အစ်မတော်များ ဖြစ်ကြသော အရှင်သာရိပုတ္တရာနှင့်ဝါဒပြိုင်သူ ပရိဗိုဇ်မ လေးယောက်ကသာ ဘိက္ခုနီ ရဟန်းမများ ဖြစ်ကြပြီး တရားထူး တရားမြတ် ရသွားခဲ့သည်။ သို့ဖြစ်လျှင် မြတ်စွာဘုရားသည် အဘယ်ကြောင့် တရားများစွာ ဟောတော် မူပါသနည်း၊ ထိုအရာမှာ မြှုပ်ကွက် သဖွယ် ဖြစ်နေပေသည်။ စင်စစ် ယင်းတို့ကား မဟုတ်ပေ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နှစ်ပေါင်း ၂၀၀ အလွန်တွင် သီဟိုဠ်သာသနာဝင်းဝင်းဖြာလိမ့်မည်။ ထိုအခါ ဤသစ္စက ပရိဗိုဇ်သည် "ကာဠဗုဒ္ဓ ရက္ခိတ" ဘွဲ့ အမည်တော်ဖြင့် ရဟန္တာ ဖြစ်တော်မူသည်။ ကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် အနာဂတ်၌ ဤသို့သော အကျိုးထူးရမည်ကို မြင်တော်မူ၍ မဟာကရုဏာ တော်ဖြင့် တရားများစွာ ဟောတော်မူခြင်းဖြစ်သတည်း။

ဘုရား ဖူးရသူကား အကျိုးများပါတိ တော့တကား။

× × ×

တိုင်းခုနှစ်တိုင်းမှာ မှီတင်း နေထိုင်ကြတဲ့ ဗုဒ္ဓ ဘာသာဝင် မြန်မာ အပေါင်းတို့ ယခု သစ္စကရဲ့ အကြောင်းကို သိကြပြီးဖြစ်ပါတယ်။ သစ္စကဟာ ဘုရားဖူးရတဲ့ အကျိုး၊ သံဃာတော်များအား ဆွမ်းလှူရတဲ့ အကျိုးခံစားရပါတယ်။ နောင်အနာဂတ်

မှာလည်း "ကာဠုဒါယီ" ဘွဲ့အမည်နဲ့ ရဟန္တာ ဖြစ်မှာပါ၊ အကျိုးရှိပါတယ်။

ဒါ့ကြောင့် ဘုရားဖူးတရားနာသွားကြတဲ့အခါ ဘုရားဆီကို အာရုံရောက်ပါစေ၊ တရားဆီမှာ စိတ်ရောက်ကြပါစေ၊ အဲဒီလို ရောက်မှလည်း ငွေကုန်ရကျိုးသွားလာရကျိုးရှိပါတယ်။ ပျော်ပွဲစားထွက်တဲ့ သဘောမျိုး မဖြစ်မိကြဖို့ လုံးပ လိုအပ်ပါတယ်။ မိမိဘာသာ တရားကို အကြွင်းမဲ့ ယုံယုံကြည်ကြည်နဲ့ ဝတ်ပြုကိုးကွယ် လှူဒါန်း နိုင်ကြပါစေသတည်း။

## (၆) သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း

သစ္စကဆိုဟာ ဝါဒမှူးကွယ့်။ အလွန်ထူးလို့ ကျော်ကြားပေ။
ဝါဒထောင်ကျော်ဗိုက်မှာ ပြည့်လို့၊ စေ့စေ့ပတ်ထား သံပြားနွေ။
အမှားကိုပင် အမှန်ပဲလို့၊ ကေန်ယူခွဲ ဉာဏ်ကြီးနေ။
ယူဆမှုတွေ အလွန်းမှားတော့၊ အပါယ်သွားဖို့ သေချာပေ။
ဗုဒ္ဓစိန္တေမြတ်ဘုရားက၊ သနားလှလို့ ဟောမိန့်ခြွေ၊
(ယဉ်ကျေးပေ၊ ယဉ်ကျေးပေ)

# ပွဲကြည့်ယင်း တရားရှာသူများ

## ( ၁ )

"ရာဇဂြိုဟ်ပြည်ဌာနကာကတဲ့လူမော်၊ဒါနတဲ့တူပျော် အလှူတော် သူပေး" ဤကဗျာကို ရရှိသူများသည် ရာဇဂြိုဟ်မြို့ကြီး တင့်တယ်သာယာပုံကို ကောင်းစွာတွေးမြင်မိကြပါမည်။ ထိုမြို့၌နေသော ဆင်းရဲသား ကာကသည်ပင် တနေ့သ၌ အလှူကြီးပေးပြီး ဒါနနှင့် ပျော်ရွှင်နိုင်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရဘိသို့ ခံစားရပေမည်။

ရာဇဂြိုဟ်ကား ဘူမိနက်သန်မှန်သော နေရာ ဖြစ်သည်။ ရှေးမင်း အဆက်ဆက်ကတည်းက ဘုရင်ဗိမ္ဗိသာရမင်းလက်ထက်အထိ မင်းနေပြည်တော် ဖြစ်ခဲ့သည်။ မန္ဓာတုမင်း၊ ဂေါဝိန္ဒမင်းတို့ပင် ဤရာဇဂြိုဟ်မှာ စိုးစံသွားခဲ့ကြသည်။

မြို့ဝန်းကျင်တွင် စိုက်ပျိုးခင်းများ၊လယ်ယာချောင်းမြောင်းများ ရှိသည်။ ရွာကြီးရွာငယ်များနှင့် တောတောင်များလည်း ရှိသည်။ အထင်ရှားဆုံးမှာ တောင်ငါးလုံးပင် ဖြစ်သည်။

ဂိဇ္ဈကုတ်တောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဝေဘာရနှင့် ဣသိဂိလိတောင်တို့ ဖြစ်သည်။ ဤတောင်တန်းကြီးတွေ ဝန်းရံ လှည့်ပတ်နေသဖြင့်လည်း ရာဇဂြိုဟ်၏ ထင်ရှားမှုမှာ တပန်းသာ နေပေသည်။

ကိုးကွယ်ဆည်းကပ်မှု အပိုင်းတွင် ဗုဒ္ဓသာသနာနှင့် အတူ အခြားကိုးကွယ်မှုများလည်း ရှိကြသည်။ အချို့ကမူ ဗုဒ္ဓမပွင့်မီက ဘာသာအယူဝါဒကိုပင် လက်စွဲပြု ကိုးကွယ်ကြသည်။ 'အချို့ ဆရာကြီးများ ရေငုပ်ခြင်း၊ တုံးခုံခြင်း၊ မီးလှုံခြင်းဖြင့် ကိလေသာ ကုန်သည်'ဟု ယူဆ ပြောဟောကြသည်။ ကျင့်ကြံကြသည်။ အချို့ဆရာကြီးများကမူ ဘုရားအမည်ခံ၍ ဝါဒတခုကို လက်ကိုင်ပြုပြီး လှည့်လည်နေကြသည်။ ရာဇဂြိုဟ်သည် ဘာသာရေး ရောင်စုံရှိသောမြို့ဖြစ်သည်။ မှုက်မှောက်ခေတ် လူယဉ်ကျေးမှုတို့ သုံးနှုန်းမှုဖြင့် ခေါ်ဝေါ်ရလျှင်မူ "ဘာသာရေး လွတ်လပ်မှု" ရှိသော မြို့ကြီးဖြစ်သည်။

ယင်းသို့ အမျိုးစုံရှိသော်လည်း အုပ်ချုပ်သူ ဗိမ္ဗိသာရမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်သည်။ ဝေဠုဝန် ဥယျာဉ် တော်ကိုပင် ကျောင်းအဖြစ် စီစဉ်ပြီး လှူဒါန်းခဲ့သေးသည်။ ဗုဒ္ဓ၏တရားကို နှစ်သက်စွာ ကျင့်ကြံကြသဖြင့် သောတာပန် တရားထူးကိုပင် သိမြင်ပြီးပေပြီ။ ဘုရင်ကိုယ်တိုင် ဤမျှနက်နက် ရှိုင်းရှိုင်း သက်ဝင်ယုံကြည်နေသော်လည်း အချို့ ရွာကြီးသား များကမူ ကိုယ့်ယုံကြည်မှုနှင့် ကိုယ်သာ စနေ်းသွားနေဆဲ ဖြစ် သည်။

အထက်တွင် ဖော်ပြခဲ့သော တောင်များနှင့် နီးစပ်သည့် ရွာကြီးများစွာရှိသည်။ ဥပမာ—ကောလိတရွာဖြစ်သည်။ ၎င်း

ရွာသည်အရှင်မောဂ္ဂလာန် မွေးရပ်ဌာနီ ဖြစ်သည်။ ထိုရွာနှင့် မနီးမဝေးတွင် သူအချစ်ဆုံး သူငယ်ချင်း တဦးရှိသည်။ သူ့အမည်က ဥပတိဿဖြစ်သည်။ သူကား တိဿရွာသား၊ သူ့မိဘ ရှုပ်သာရီတို့က အခြေအရံ ငါးရာပေးထားသဖြင့် လုလင်ဘဝ ပြည့်စုံလှသည်။ သွားလေရာရာတွင် စည်စည်ကားကား အုပ်အုပ် သိုင်းသိုင်း ရှိလှသည်။ ထို့အတူ မောဂ္ဂလမှာလည်း သုဇာတ ပုဏ္ဏားနှင့် မောဂ္ဂလိမိဘတို့က ပေးသဖြင့် အခြေအရံ ငါးရာ ရှိသည်။ ဆွေကြီးမျိုးကြီး အထည်ကြီး။အဆင့်အတန်းကလည်း တူကြသဖြင့် သူငယ်ချင်း နှစ်ဦးမှာ နို့နှင့်ရေ ရောထားသကဲ့သို့ တသားတည်း ရှိကြသည်။ သွားအတူလာအတူ ပွဲကြည့်လည်း အတူသာ ကြည့်ကြသည်။ အချိုကာလသားများကဲ့သို့ ကချေ သည်မများနှင့် ရှုပ်ရှုပ်ထွေးထွေး မနေကြ။ ပြည့်တန်ဆာ အသုံခယ်များကိုလည်း မငှားရမ်းကြပေ။

သူငယ်ချင်းနှစ်ဦးမှာ လောကအပျော်ထက် ဓမ္မအပျော်မျိုး ကို လိုလားကြသည်။ ထို့ကြောင့် နိမ္မိနဒ္ဒဂီတမျိုး ရွတ်ဆိုသော ကချေသည်များအား ဆုပေးလေ့ ရှိကြသည်။

ယခုနှစ်တွင် ယခင်နှစ်များက ထက်တောင် ထိပ်ပွဲတော် စည်းကားမည်ဟု သတင်းရထားသဖြင့် နာမည်ကျော် ကချေ သည်များလည်း ပါဝင် အသုံးတော်ခံကြမည်ဟု သိရသည်။ ယင်းကြောင့်လည်း ပွဲကြည့်ပရိသတ်များ ဖွေးဖွေးလှုပ်အောင် ပြည့်ကျပ်နေခဲ့သည်။ လှည်းယာဉ်နှင့်တမျိုး လှေနှင့်တဖုံ ယာဉ် ရထားမျိုးစုံတို့ဖြင့် အလျှိုလျှိုလာရောက်ကြသည်။ သူတို့နှစ်ဦး သည်ပင် တကယ့်မျက်နှာကြီး အလွှာဖြစ်၍ နေရာကောင်း

ရခဲ့သည်။ သို့မဟုတ်ယင် ယခုနှစ် တောင်ထိပ်နက္ခတ်ပွဲ၌ နေရာကောင်း ရရန်မလွယ်ကူပေ။

ပဏာမဗွေဆော်ဦး ကချေသည် ထွက်သည်မှစကာ ပရိသတ်မှာ အုတ်အုတ်ကျက်ကျက် စီဝေညံအောင် အားပေးကြသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့်လည်းကောင်း၊ ပန်းပွင့်များ၊ ပန်းကုံးများ အမျိုးမျိုး ပစ်ပေါက် ကြဲဖြန့်၍ လည်းကောင်း ပျော်ရွှင် အားပေးကြသည်။ ဤသို့ဖြင့် ပွဲကြည့်ကြ သည်မှာ ညဥ့်လယ်သို့တိုင်ရောက်ခဲ့သည်။ ဥပတိဿနှင့် ကောလိတ သူငယ်ချင်း နှစ်ဦးမှာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပမာ တည်ကြည်လှသည်။ မရယ်မိ မပြုံးမိကြပေ။

"အဆွေဥပတိဿ၊ ငြိမ်ချက်သား ကောင်းလှချည်လား"

"အင်း-ဟုတ်ပ၊ အနို့ အဆွေကောလိတကကော ယခင်နှင့်မတူပါလား"

"ဟုတ်ပေသားပဲ၊ အဆွေက ဘာတွေများတွေးနေမိလို့လဲ"

"ပွဲကြည့်ယင်းနဲ့ ငြိမ်သက်အေးငြိမ်းတဲ့ တရားဆိုတာ ရှိမှာပဲလို့ တွေးနေမိတယ်၊ ဒီပွဲမှာ ကကြသူတွေရော၊ ကြည့်ကြသူတွေရောဟာ တနေ့ အိုကြ သေကြရမှာ၊ ဒါတွေ တွေးနေတော့ ပွဲကို အာရုံမရောက်မိဘူး အဆွေ"

"ဒါအမှန်ပဲ သူငယ်ချင်း၊ တနေ့ကတောင် ခပ်ရွယ်ရွယ် မိန်းမပျိုတယောက် ရုတ်တရက် လေဖြတ်ပြီး သေသွားရှာတယ်၊ သေခြင်းတရားဟာ သိပ်မြန်ဆန်တာပဲ၊ မသေခင်လဲ ဆင်းရဲချိုးစုံ ခံစားရတာပဲ အဆွေရဲ့၊ တို့ ငြိမ်းချမ်းမှုတရား အရှာသွားကြယင် ကောင်းမယ်ထင်တယ်"

"ကျွန်ုပ်လဲ အဆွေကို ဒါပြောမလို့ စဉ်းစားနေတာ၊ ခုတော့ အတွေးချင်း တူလိုက်သေ သူငယ်ချင်း"

ဥပတိဿနှင့် ကောလိတတို့သည် သိဥ္စည်းဆရာကြီးထံမှာ ပရိဗိုဇ်ဝတ် ဖြစ်သွားကြသည်။ ပရိဗိုဇ်တရားစုကို သင်ကြား ဆောင်ရွက်ကြရသည်မှာ သူတို့လို ဉာဏ်ကြီးသူများအဖို့ မခက် ပါ၊ နှစ်ရက် သုံးရက်အတွင်းမှာပင်ပြီးဆုံးသွားခဲ့သည်။ သို့ပင်မူ သူတို့ လိုလားသော ငြိမ်းချမ်းမှုကား မပြည့်စုံသေးပေ။ သူတို့သည် ဆရာကြီးထံမှာ ကြာရှည်စွာနေပြီး လက်ထောက်အနေ ဝါဒတွေ ပြန်လည် ဟောပြောနေရမည်ကို မလိုလားပေ။ တကယ်စစ်မှန်သော ငြိမ်းချမ်းမှုကိုသာ လိုလားကြသည်။ သို့နှင့် တနေ့တွင် ဆရာကြီးအား ခွင့်ပန်ကြသည်။

"ဆရာတို့ ဝါဒ ကုန်စင်ပါပြီလား"

"အေး တပည့်တို့ ဒါပဲ"

"ငြိမ်းချမ်းမှုတရားကို ရှာဖွေလိုပါသေးတယ် ဆရာကြီး၊ ခွင့်ပြုစေချင်ပါတယ်။ ဇမ္ဗူဒိပ်ကျွန်းဟာလဲကျယ်ဝန်းပါတယ်"

"ရှာနိုင်ပါတယ် တပည့်တို့ ကျေနပ်စွာ ခွင့်ပြုပါတယ်"

"အဆွေတို့ တရားထူး တရားမြတ် ရှာဖွေရာမှာ နှစ်ယောက် အတူသွားလို့တော့မဖြစ်ဘူး၊ လမ်းခွဲကြမှပဲ၊ ဒါမှလဲ တယောက် မတွေ့ တယောက်တွေ့မှာပေါ့"

"မှန်ပါတယ် အဆွေ၊ ပြီးတော့ ကတိတခု ပြုထားကြရ အောင်၊ အဆွေက တရားထူး သိယင်လဲ ကျွန်ုပ်ကို လာပြော ပါဦး၊ ကျွန်ုပ်က သိယင်လဲ အဆွေထံ လာပြောပါမယ်"

"ကောင်းပါပြီ အဆွေ"

သုံးလောကထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရားသည် ဘုရင် ဗိမ္ဗိသာရ ဆောက်လုပ်လှူဒါန်းထားသော ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံးတော်မူခဲ့ဖြစ်သည်။ ဤကျောင်း တော်မှာ ဝါးပင်တွေ စီစဉ်စိုက်ပျိုးထားသဖြင့် အစိမ်းရောင် တံတိုင်းများ ကာရံထားသလိုပင် သာယာလှသည်။ ဤကျောင်း ဘေးမှာ မူလက ရှဉ့်နက်ကလေးများအား အစာကျွေးထား သော ဘေးမဲ့ဉယျာဉ်တော် ဖြစ်ခဲ့သည်။ သူ့သမိုင်းဖြစ်စဉ် လေးက စိတ်ဝင်စားဖွယ် ကောင်းသည်။

## ဝေဠုဝန် သမိုင်းအစ

"တခါက ဘုရင်တပါး ပျော်ပွဲစားထွက်ယင်း အိပ်ပျော် သွားတယ်၊ ဉယျာဉ်က သာယာတော့ မောင်းမ မိဿံ အခြွေ အရံတွေလဲ ကြည့်ရှုယင်း လှည့်လည် သွားလိုက်ကြတာ ဘုရင့် အနားမှာ တဦးမှ မရှိတော့ဘူး၊ ဘုရင့်အနီး သစ်ခေါင်းထဲက မြွေဟောက်တကောင်ဟာ တခေါခေါ အိပ်မောကျနေတဲ့ ဘုရင့်ပါးစပ်ထဲက အရက်နံ့ကိုရသတဲ့၊ မြွေဆိုတာ အနံ့ခံကိုရိယာ အလွန်ကောင်းတယ်ကွဲ့၊ သစ်ခေါင်းထဲကထွက်ပြီး ဘုရင့်ဆီ လာနေတာ ဟိုသစ်ပင် တပင်ပေါ်က ရုက္ခစိုးနတ်တပါးက မြင်လိုက်ပါတယ်၊ ဒီဘုရင်တော့ မြွေကိုက်ပြီး သေတော့မှာပဲလို့ သနားပြီး ရှဉ့်နက်ကလေးယောင် ဆောင်လိုက်တယ်။ ဘုရင့် နားဝမှာ ကပ်ပြီး တအားအော်မြည်လိုက်တယ်ဆိုယင်ပဲ လန့်နိုး တော့တာပေါ့၊ ရှဉ့်နက်ကအော် ငက်တော်ခေါ်တဲ့ ဘုရင်က ထအလာဆိုတော့ မြွေထွက်ပြေးကရော၊ ဒါကို ဘုရင်က သိလိုက်

တယ်၊ အဲဒါနဲ့ ရှဥ့်နက်ကြောင့် အသက်ချမ်းသာရတယ်ဆိုပြီး ရှဥ့်နက်လေးတွေကို ဘေးမဲ့ပေးခဲ့တယ်၊ ခုအထိ ဆိုပါတော့ ကွယ်''

''ဒါကြောင့် မြတ်စွာဘုရား သီတင်းသုံးတဲ့ ဝေဠုဝန်ကျောင်းဆောင်ဟာ ကလန္ဒကနိဝါပဲ၊ ရှဥ့်နက်များကို ဘေးမဲ့ပေးတဲ့ ဥယျာဉ်ကျောင်းတော်ဖြစ်တယ်။ ကျောင်းတို့ ရိပ်သာတို့ ရောက်ယင် ငှက်ကလေးတွေကို မပင်ရဘူး၊ ငါးကလေးတွေကို မဖမ်းရဘူး ဘေးမဲ့ပေးရတယ်။ သတ္တဝါတွေကို သနားညှာတာပြီး မေတ္တာကရုဏာထားယင် စိတ်ချမ်းသာတယ်၊ စိတ်ချမ်းသာတော့ ရုပ်လဲ ချမ်းသာတယ်၊ အသက်ရှည်နိုင်တယ်ပေါ့ကွယ်၊ ဒါကြောင့် ဇီဝိတဒါန ငါးလွှတ်ပွဲတွေ ကျင်းပကြတာပေါ့။ ဗေဒင်ဆရာတွေဆိုယင် ငါးသက်စေ့လွှတ်ပြီး ယတြာချေဖို့ ကုသိုလ်ပြုဖို့တောင် ဟောပြောကြသေးတာပဲ၊ ဒါဟာ ဇီဝိတဒါန ယတြာချေတယ် ခေါ်တယ်ပေါ့ကွယ်''

× × ×

သာယာလှပသော စိမ်းရောင်စို ညိုမှိုင်းနေသော ဝေဠုဝန်ကျောင်းတော်မှ အရှင်အဿဇိ ဆွမ်းခံ ကြွတော်မူလာသည်။ ဤအရှင်မြတ်ဘုရားသည် မြတ်စွာဘုရားသခင် တရားဦး ဟောစဉ်က ပဉ္စဝဂ္ဂီငါးဦးတွင် တပါးအပါအဝင် ဖြစ်ခဲ့သည်။ တရားထူး တရားမြတ်များ ရရှိထားပြီးဖြစ်၍ ဣန္ဒြေသိက္ခာ ငြိမ်သက်စည်ကြည်လှသည်။ စက္ခုဣန္ဒြေ မျက်စိကို လုံခြုံအောင် စောင့်စည်း

ပြီး ဆွမ်းခံကြွနေပုံကို ဥပတိဿ ပရိဗိုဇ် မြင်တွေ့သွားသည်။ ထိုပရိဗိုဇ်သည် ဤအရှင်ကောင်းထံ တရားမေးလျှောက်ရန် ဆန္ဒဖြစ်ပေါ်လာသည်။ သို့ရာတွင် ဆွမ်းခံစဉ်ခေး၍ မသင့်တော်သဖြင့် မျက်ခြည်မပြတ်အောင် နောက်က တကောက်ကောက်လိုက်နေသည်။

ဆွမ်းခံပြန်ချိန်တွင်မူ သင့်လျော်သောသစ်ပင်ရိပ်တွင် ပါလာသော အခင်းလေးများ ခင်းကျင်းပြီး ဝတ်ပြုသည်။ လိုအပ်သောတရားကိုလည်း လျှောက်ထားသည်။ အရှင်အဿဇိကမူ—

''ငါ့ရှင် တို့များဟာ ရဟန်းပြုခါစပဲ ရှိသေးတယ်၊ တရားများများစားစား မဟောတတ်ပါ''ဟု ဝန်ခံသည်။

''အရှင်ကောင်းဘုရား၊ အရှင်ရဲ့ ဣန္ဒြေအဆင်းတွေ မြင်ပြီးစကပဲ တရားထူး ဘုရားမြတ် ရှိမယ်လို့ ယူဆခဲ့ပါတယ်၊ အရှင်ဘုရားဟောသာဟောပါ၊ နည်းတာများတာ အကြောင်းမဟုတ်ပါ၊ အနှစ်သာရပါယင် လုံလောက်ပါတယ် အရှင်ဘုရား။

> ယေဓမ္မာ ဟေတုပ္ပဘာဝါ၊ တေသံ ဟေတုံ တထာဂတော ။ တေသဉ္စ ယောနိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

''ဖြစ်တတ်တဲ့ သဘောမှန်ယင် ချုပ်ရစမြဲပဲ။ တို့ရဲ့ဆရာမြတ်ဟာ ဒီအတိုင်း ဟောကြားပါတယ်'' အရှင်အဿဇိ၏တရားသည် အမှန်ပင် တိုသည်။ သို့ရာတွင် ဉာဏ်ကြီးရှင် ဥပတိဿအတွက် လုံလောက်ပေသည်။ ထိုမျှနာရရုံနှင့်ပင် သောတာပန်ဘုရားအထိ ရရှိစေခဲ့ပေသည်။ ယင်းကြောင့် ဥပတိဿသည် ကျေးဇူးရှင် အရှင်အဿဇိအား ဦးနှိမ်ချကန်တော့လျက် တရားရှင်ဖြစ်တဲ့

ရဟန်းမင်း ဘယ်မှာပါလဲဟု မေးမြန်းပြီး ဗုဒ္ဓအား အဝေးမှပင် ကြည်ညိုဖူးမြော်လိုက်သည်။

"တပည့်တော်မှာ ကတိခံထားတဲ့ ငယ်သူငယ်ချင်း ရှိပါသေးတယ်၊ သွားခေါ်ပါဦးမယ်၊ ဝေဠုဝန်ကျောင်းကို တပည့်တော်များ လာခဲ့ပါမယ်ဘုရား"

ကောလိတသည် ဥပတိဿ ပြန်လည်ဟောပြသော တရားကို နာကြားပြီးလျှင်ပင် သောတာပန် တရားထူးကို ရခဲ့လေပြီ။ ထိုအခါ သူငယ်ချင်း နှစ်ယောက်လုံး သူတို့ ဆရာသိဉ္စည်းထံ သွားပြီး အကျိုးအကြောင်း ပြောကြားကြသည်။

"ဆရာကြီး၊ လောကမှာ ပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရား ပွင့်တော်မူနေပါပြီ၊ လာပါ၊ သွားကြပါစို့"

"တပည့်တို့၊ သင်တို့သာ သွားကြပါ၊ ငါကတော့ မလိုက်လိုပါ၊ ဘယ့်နှယ် ဆရာကြီးတဆူ လုပ်နေပြီးမှ တပည့်ခံရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ငါ့အတွက် မစိုးရိမ်ကြပါနဲ့၊ ပရိသတ် အခြေအရံ နည်းသွားမှာလဲ မဟုတ်ပါဘူး၊ သင်တို့တပည့်ကောင်းတွေက တော်တဲ့ပုဂ္ဂိုလ်ထံ ထွက်ခွာသွားတော့လဲ ခပ်ညံ့ညံ့ တပည့်တွေကတော့ ကျန်ခဲ့ဦးမှာပါ၊ ဒီကိုလာကြဦးမှာပါ။ ကဲကဲ သွားကြပေတော့"

အခါ ဥပတိဿနှင့် ကောလိတတို့သည် ပရိဗိုဇ်တပည့် ၂၅၀ နှင့်အတူ မြတ်စွာဘုရားထံ သွားကြသည်။ ဝေဠုဝန်ကျောင်းတော်သို့ ရောက်သွားချိန်မှာ သံဃာ့ပရိသတ်အလယ်တွင်မြတ်စွာဘုရား တရားဟောတော်မူဆဲ ဖြစ်သည်။ ယင်းကြောင့်မြတ်စွာဘုရားက အဝေးမှလာနေဆဲ ဥပတိဿတို့အား ကြည့်ရှုတော်မူပြီး သည်သို့မိန့်တော်မူသည်။

"ချစ်သားရဟန်းတို့၊ ဥပတိဿနှင့် ကောလိတ သူငယ်ချင်း နှစ်ဦးတို့ လာနေကြပြီ၊ သူတို့သည် ငါဘုရား၏ တပည့်ကြီး အစုံပင် ဖြစ်ပေလိမ့်မည်"

ဥပတိဿတို့သည် ရိုသေစွာ ရှိခိုးကန်တော့ကြပြီး ရဟန်း အဖြစ်ကို တောင်းပန်ကြသည်။ 'ဟေ့ဘိက္ခု' ရဟန်းဖြစ်ထိုက် သော ပုဂ္ဂိုလ်များချည်းဖြစ်၍ အလွယ်တကူပင် ရဟန်းဖြစ်ကြ သည်။ ထိုအခါ ဝါ ၆၀ ရ မထေရ်ကြီးများအသွင်အပြင်ဖြင့် ရှစ်ဖြာပရိက္ခရာ ကိုယ်စီလွယ်လျက် မြတ်စွာဘုရားထံတွင် ဆက် လက် တရားနာကြသည်။ နောက်ပါတပည့်တို့မှာ မကြာခင်မှာ ပင် ကိလေသာ ချုပ်ငြိမ်းပြီး ရဟန္တာအရှင်မြတ်များ အဖြစ်သို့ ရောက်ကြသည်။

ဥပတိဿမှာ သူ့မိခင် ရူပသာရီ အမည်ကို စွဲပြီး သာရိ ပုတ္တရာဟူသော အမည်သစ် ဖြစ်လာသည်။ ကောလိတမှာလည်း မိခင်မောဂ္ဂလာနီကို အစွဲပြုပြီး မောဂ္ဂလာန်ဟူသောအမည်သစ် ဖြစ် လာသည်။ သူတို့နှစ်ဦးမှာမူ တော်တော်နှင့် တရားမတတ်ကြ သေးပေ။ မဟာသာဝကဉာဏ် ကြီးရင့်ကြသဖြင့် တရားတော်၌ သာဝကဉာဏ်ကျက်စားနေကြသည်။ဆင်းရဲသူဆင်းရဲသားတို့မှာ ခရီးယာယီသွားလိုပါက ရုတ်တရက် ထသွားထလာ ပြုနိုင်ကြ သည်။ ရှင်ဘုရင်တို့မှာမူ အခမ်းအနား အပြင်အဆင် အခြွေ အရံ အသိုင်းအဝန်းတွေ များနေ၍ ခရီးပြင်ဆင်မှု ကြန့်ကြာ တတ်လေသည်။ ဤအရှင်မြတ်ကြီး နှစ်ပါးတို့ တရားကြန့်ကြာ ခြင်းမှာလည်း အဆင်အပြင် အလေ့အလာများ၍ ဖြစ်ကြောင်း ဖွင့်ဆိုပါသည်။ သို့ရာတွင် အရှင်မောဂ္ဂလာန် အရှင်မြတ်သည်

ပထမရက်သတ္တပတ်အတွင်းမှာပင် ပစလာယမာနသုတ်တော်ကို နာယူပြီး ရဟန္တာ ဖြစ်ခဲ့သည်။ အရှင်သာရိပုတ္တရာမှာမူ ဒုတိယ ရက်သတ္တပတ် (၁၅) တပို့တွဲလပြည့်နေ့မှာ ဒီဃနခသုတ်တော်ကို နာယူ၍ ရဟန္တာ ဖြစ်ခဲ့လေသည်။

အဂ္ဂသာဝကကြီး နှစ်ပါး ရဟန်းကိစ္စပြီးဆုံးသောနေ့မှာပင် မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာအား ပညာ တေဒဂ်ဘွဲ့နှင့် လက်ယာရံရာထူး ချီးမြှင့် တော်မူသည်။ အရှင်မောဂ္ဂလာန်ကိုမူ တန်ခိုး တေဒဂ်ဘွဲ့နှင့် လက်ဝဲရံရာထူး ချီးမြှင့်တော်မူသည်။

## ဘုရားကိုလည်း ကဲ့ရဲ့တယ်

ဤအရှင် နှစ်ပါး၏တေဒဂ်ဘွဲ့နှင့်လက်ဝဲလက်ယာအဆင့်ဆင့် ချီးမြှင့်မှုကို အကြောင်းပြုပြီး အချို့ရဟန်းတို့က မကျေနပ်ကြပေ။ မြတ်စွာ ဘုရား မျက်နှာ လိုက်ပြီး ဆွမ်း ပေး တယ်။ (မျက်နှာကြီးရာ ဟင်းဖတ်ပါတယ်) ဟု ကဲ့ရဲ့ကြသည်။ သို့ရာတွင် ဘုရားရှင်တို့ မည်သည် ထိုသို့သဘော မရှိပေ။ သာဝက တပည့်တို့၏ဆုတောင်းရှိသည့်အတိုင်းသာချီးမြှင့်ပေးတော်မူခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ် နှစ်ပါး၏ ဆုတောင်း ဝတ္ထုကို ဟောပြ သောအခါတွင် ကဲ့ရဲ့မှု ပြတ်စဲသွားကြသည်။

ဘုရားသားတော်ကြီး အရှင်မောဂ္ဂလာန်မှာ ဘုရားမှလွဲလျှင် တန်ခိုး အကြီးဆုံးဖြစ်၍ အခါ အားလျော်စွာ ဗုဒ္ဓ တိုက်တွန်း အဖြင့် တန်ခိုးပြခဲ့ရသည်လည်းရှိသည်။ နန္ဒောပနန္ဒ နဂါးမင်း အား တန်ခိုးဖြင့် နှိမ်နင်းပုံမှာ လွန်စွာ အံ့ဩဘနမ်း ရှိပေ သည်။


တင်ထွန်းထွန်း ၁၃၄၅

နန္ဒောပနန္ဒ နဂါးမင်းအား နှိမ်နင်းခြေချတ်တော်မူပုံ

# နန္ဒောပနန္ဒနဂါးမင်းအား အောင်မြင်ခြင်း

## (၁)

နဂါးဟူသည် တန်းခိုးပင်ရှိသော်လည်းစင်စစ်အားဖြင့်တော့ တိရစ္ဆာန် မြွေဇာတ်ထဲမှာ ပါဝင်သည်။ တခါကနဂါးတကောင် ရဟန်းဝတ်ချင်ရှာ၍ လူယောင်ဖန်ဆင်းပြီး ရဟန်းပြုနေသည်။ ရ ဟန်း ဟူ သည် ရ ဟန်း တ ရားကို အား ထုတ် ရ သည်။ ရဟန်းတရား မပေါက်မြောက်သေးသော အချို့ရဟန်း ငယ်များမှာ ရံဖန် ရံခါ အိပ်ငိုက်မျဉ်းမှု ရှိတတ်သည်။ အိပ်ခြင်း၊ အစာစားခြင်း၊ သေခြင်းဤ သုံးမျိုးမှာ မူလ ကမ္ဘာနာဟု ခေါ်ဝေါ်သည်။ ထိုရောဂါ သုံးမျိုးမှာ လူတိုင်း မကင်းကြပါပေ။ သို့ရာတွင် လူက ရဟန်းပြု၍ အိပ်ငိုက်မိလျှင် ပြဿနာ မတက်သော်လည်း နဂါးဘဝမှ လူယောင်ဆောင် ရဟန်းဝတ်မိသူ အိပ်ငိုက်မိလျှင်တော့ ဇာတိ ပေါ်တော့သည်။ ဇာတိပေါ်တော့ မိချေပြီ။

ထိုနဂါးသည် ငိုက်ယင်းငိုက်ယင်းနှင့် အိပ်ပျော်သွားရာ ရဟန်း အသွင် ပျောက်ကွယ်သွားသည်။ ကျောင်းငယ်တခုလုံး

အတွင်း၌ နဂါး ကိုယ်ခန္ဓာကြီးဖြင့် ပြည့်ကျပ်သွားသည်။ အတူနေ ရဟန်းတော်က ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသည်။ ဧရာမ မြွေခန္ဓာကြီး။ ကြည့်ယင်းက ကြက်သေသေနေမိသည်။ ''မြွေကြီးပါ ဘုရား၊ မြွေကြီးပါ ဘုရား။ အလန့်တကြားအော်လိုက်တော့ ရဟန်းအားလုံး နိုးလာကြသည်။ ထိုအသံကြောင့် နဂါးမှာလည်း ပျာပျာသလဲလူးလဲထပြီး ရဟန်းယောင် ဆောင်ကာ ခပ်တည်တည်ထိုင်နေလိုက်သည်။

ကျောင်းထဲဝင်ပြီးရှာကြသည်။ မတွေ့။ ''သင်ပဲမဟုတ်လား ခုန နဂါးဟာ''''လာလိုက်ခဲ့''၊ဘုရားထံ ခေါ်သွားကြသည်။ ဘုရားက နဂါးများသည် (၁) မေထုန် မှီဝဲသည့် အခါ၊ (၂) အရေ လဲသည့်အခါ၊ (၃) အိပ်ပျော်သည့်အခါ ဤသုံးမျိုးဖြစ်ပေါ်ပါက ဇာတိဖျက်၍ မရကြောင်း မိန့်တော်မူလိုက်သည်။ ထိုနေ့ ထိုအဖြစ် အပျက်ကြောင့် နဂါးများ ရဟန်းမပြုရဟု ပညတ် ပေါ်လာရသည်။ နဂါးက နဂါးဘဝနှင့်ပင် ရသမျှ ဥပုသ်သီလ စောင့်ပြီးနေလေ။

နဂါး ဟူသည် ထိုသို့ သူတော်ကောင်းစိတ် မကင်းသူရှိသလို မာန်မာန ပြင်းထန်ပြီး ဘုရားကိုပင် တန်ခိုးပြိုင်ဆိုင်သူလည်းရှိခဲ့ဖူးသည်။ သူက နန္ဒောပနန္ဒ နဂါးမင်းကြီးတည်း။ ဤနဂါးမင်းကြီးသည် တနေ့သ၌ နတ်စည်းစိမ်များ ခံစားရန် ပြင်ဆင်ခင်းကျင်းနေသည်။ ဘုရားအမှူးရှိသော သံဃာတော်များ ကြွလာတော့ သူ အလွန် စိတ်ဆိုးသည်။ ဒေါသ အမျက်ခြောင်းခြောင်းထွက်သည်။ တာဝတိံသာ ခရီးကြွမြန်းလျှင် မြင်းမိုရ်တောင်ကို မြင်ရမြဲတည်း။ ယခု မည်းမည်းမှောင်မှောင်နေသည်။

မမြင်ကြရ၊ ထိုအကြောင်းကို ဈာန်အဘိညာဉ်၌ အထူးလေ့လာထားသော အရှင်ရဋ္ဌပါလက မြတ်ဘုရားအား လျှောက်လိုက်သည်။

'ချစ်သားတို့၊ နဂါးသည် သင်တို့အပေါ် စိတ်ဆိုးအမျက်ထွက်နေသည်။ သူတန်ခိုးနဲ့ ဖုံးအုပ်ထားသဖြင့် မြင်းမိုရ်တောင်ကွယ်နေခြင်းဖြစ်သည်'

'တပည့်တော်အား ဒီနဂါးကို ဆုံးမခွင့်ပေးတော်မူပါဘုရား'

အရှင်ရဋ္ဌပါလ ခွင့်တောင်းသည်ကို ပယ်တော်မူသည်။ ထို့နောက် အရှင်ဘဒ္ဒိယကလည်း နှိမ်နင်းရန် ခွင့်တောင်းသည်။ ပယ်တော်မူသည်။ ဘုရားသားတော် အရှင်ရာဟုလာကလည်း နှိမ်နင်းခွင့် လျှောက်ထားသည်။ သို့ရာတွင် ပယ်တော်မူပါသည်။ အရှင်မောဂ္ဂလာန် ခွင့်တောင်းမှသာ ပေးတော်မူပါသည်။

'ချစ်သား မောဂ္ဂလာန် နဂါးအား လိမ္မာယဉ်ကျေးအောင် ဆုံးမပါလော'

အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒနဂါးမင်းထက်ကြီးသော နဂါးကိုဖန်ဆင်းပြီး ရစ်ပတ်ဖိညှပ်ပစ်လိုက်သည်။ ထိုဒဏ်ကြောင့် နဂါးမှာ ပြတ်သည့်လုနီးပါး ဆင်းရဲသွားရရှာသည်။ အခိုးအလျှံများလွှတ်၍ ရန်ပြုသည်။ သို့ရာတွင် ရှင်မောဂ္ဂလာန်၏ တန်ခိုးကြောင့် သူ့အခိုးများမှာ မသိသာလှ၊ နဂါး၏ မီးလျှံတို့မှာလည်း ရှင်မောဂ္ဂလာန်အား လုံးဝမထိပါးနိုင်ခဲ့၊ ပြိုင်သမျှရှုံးရချေသည်။ ထိုအခါ-

'ငါ့ကို ဖိညှပ်နေတာ ဘယ်ကနဂါးပါလဲ'

'ငါ မောဂ္ဂလာန် နဂါးဖြစ်တယ်'

'သို့ဖြစ်လျှင် မိမိရဟန်းအသွင်ဖြင့် ပြပါဦးဘုရား'

ထိုအခါ ရှင်မောဂ္ဂလာန်က နူးညံ့သော ရဟန်းအသွင် ဖန်ဆင်းပြီး နဂါး၏နှာခေါင်း နှစ်ပေါက်ထဲ ဝင်ချည်ထွက်ချည် လုပ်နေလိုက်သည်။ ထို့နောက် နားနှစ်ဘက်ထဲ။ နဂါးကမူ ပါးစပ်ထဲ ဝင်လာလျှင် ဝါးစားပစ်မည်ဟု ကြံရွယ်ထားသည်။ သို့ရာတွင် ထိုပါးစပ်ထဲဝင်ကာ ကြေးပြင် ကြွနေလိုက်သေးသည်၊ အသက်အန္တရာယ်ကား နီးလှပါ၏။ သို့ရာတွင် တန်ခိုးအရာ ကျွမ်းကျင်လှ၍ နဂါးရန်မပြုနိုင်ပေ။ မြတ်စွာ ဘုရား က မူ 'မောဂ္ဂလာန် သတိထားလော'ဟု သတိပေး ညွှန်ကြားတော်မူသည်။

'ဣဒ္ဓိပါဒ်လေးပါးကို ကျွမ်းကျင်နိုင်နင်းစွာ ပွားမျှားထားသဖြင့် ဤနဂါးမျိုး ရာထောင်မကပင် ဆုံးမနိုင်ပါသည်ဘုရား။ စိုးရိမ်တော်မူပါနဲ့။

နဂါးကား ဆင်းရဲလှပေပြီ၊ သို့သော် မာန်မကျသေး။

'အရှင်မောဂ္ဂလာန် ခဏထွက်ပါဦး၊ ဝမ်း ဗိုက် ထဲ မှာ ခုလောက်ကြာကြာကြီး စကြံကြွနေတာ မသက်သာလှပါဘုရား' ဟု တောင်းပန်ရရှာသည်။ အပြင်ရောက်တော့ နှာခေါင်းလေဖြင့် တဝူးဝူးမှုတ်လွှတ်လိုက်သည်။ စတုတ္ထဈာန်ကို ဝင်စားပြီး ခံလိုက်သဖြင့် နဂါး၏ အခိုးအလျှံများမှာ အချည်းနှီးဖြစ်သွားရဘည်။ ထို့နောက် ရှက်လည်းရှက် ကြောက်လည်း ကြောက်သဖြင့် ထွက်ပြေးလေသည်။ ရှင်မောဂ္ဂလာန်က ဂဠုန်ယောင်ဆောင်ပြီး တရကြမ်း လိုက်ဖမ်းသည်။ ထိုအခါ နဂါးက လုလင်အသွင်ဖန်ဆင်းပြီး ဝန်ချတောင်းပန်ကန်တော့သည်။

'အရှင်ဘုရားများကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ ဆုံးမတော်မူပါ။ အပြစ်ကိုလည်း ခံတော်မူကြပါဘုရား'

အရှင်မောဂ္ဂလာန်သည် နဂါးအား ဒီအတိုင်းမထားသေး၊ ဘုရားထံ ခေါ်လာသည်။ ဘုရားအား ဝန်ချကန်တော့ခိုင်းသည်။

'အို နဂါးမင်း ချမ်းသာသုခနှင့် ပြည့်စုံပါစေသတည်း'

ယနေ့ဆွမ်းအတွက် ဗိမ္ဗိသာရ၏ နန်းတော်တွင် ဘုဉ်းပေးကြရသည်။ အချိန်လင့်နေမှုကို မေးလျှောက်သဖြင့် ဗိမ္ဗိသာရအား ပြောကြားရပြန်သည်။ ထိုအခါ ရက်သတ္တပတ်လုံး ဆွမ်းလုပ်ကျွေးဖို့ လျှောက်ထားလေသည်။

တခါက ပုဗ္ဗာရုံကျောင်းနေ ရဟန်းငယ် ကိုရင်ငယ်များ တိရစ္ဆာန်စကားကို ပြောဆိုနေကြ၏။ အရှင်မောဂ္ဂလာန်ကား မြတ်စွာဘုရားအလိုတော်ကို သိ၍ တန်ခိုးဖြင့် ကျောင်းကို ပုံ့တက်စေလိုက်သည်။ ကျောင်းကို တုံးလုံးလှုပ်စေသောအခါ ကြောက်လန့်ထွက်ပြေးပြီး ဘုရားထံ ပြေးကြ၏။ ဘုရားက တရားဟောတော်မူသည်။ တခါကလည်း သိကြားမင်း၏ ဝေဇယန္တာ ဗိမာန်ပြာသာဒ်ကို ခြေမဖြင့် တို့ပြီးချောက်ချားစေခဲ့ဖူးသည်။ ထိုအခါမှ သိကြားမင်းလည်း ထိတ်လန့်ပြီး တရားတော်ကို မှတ်မိသွားသည်။ ဤသည်တို့မှာ အရှင်မောဂ္ဂလာန်၏ တန်ခိုးများ ဖြစ်ပေသည်။

## (၇) နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း

နဂါးဆိုတာ အမောက်ကြီးနဲ့၊ တန်ခိုးကြီးဟဲ့ မြွေကြီးဟေ။
ရှင်မောဂ္ဂလာန် သူနှိမ်နင်းတော့၊ မာန်တွေကျဆင်းဝပ်စင်းပေ။
ဗုဒ္ဓဝိဇ္ဇောနည်းညွှန်ပြတဲ့ အမွှန်မမှုကောင်းလှပေ။
ဗုဒ္ဓဘာသာမြတ်တရားက၊ အံ့ဖွယ်မှတ်သားများလှပေ။

(သာရဟေ၊ သာရဟေ)

ရခိုင်ပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား အပေါင်းတို့၊ ယခု နန္ဒောပနန္ဒ နဂါးမင်းရဲ့အကြောင်းကို သိကြရပြီနော်၊ ဒီနဂါးဟာ ဘုရားနဲ့တွေ့ရပြီး လိမ္မာသွားတယ်၊ မာန်မာနတွေကျသွားခဲ့တယ်၊ အရတော်တယ်လို့ ခေါ်ရပါတယ်၊ မာန်မာနဟာ သိပ်ဆိုးပါတယ်၊ မာနကိလေသာဆိုပြီး ကိလေသာ (၁၀)ပါးထဲမှာလဲ ပြောထားပါတယ်၊ အဲဒီမာနဟာ ကျဆုံးကြောင်းဖြစ်လို့ ရှောင်ကြဉ်နိုင်ကြပါစေ၊ မာနကို ရှောင်ကြဉ်ပြီး အောင်မြင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

## မူးယစ်ဆေးဝါး-အပျက်သမား

ယခု အခြား နဂါးတကောင်အကြောင်းကို ပြောပြပါဦးမယ်၊ အဲဒီ နဂါးဟာ စေတိယတိုင်း ဘဒ္ဒဝတိကျေးရွာနားက ရေသော့ကျောင်းမှာ နေပါတယ်၊ နဂါးရဲ့ ရန်ကြောင့် ရသေ့ဟာ ထွက်ပြေးသွားရပါတယ်၊ ခု အဲဒီအရပ်ဘက်ကို ဘုရားအမှူးရှိတဲ့ ရဟန်းတော်တွေ ကြွလာကြပြီလေ။ နွားကျောင်းသား၊ ဆိတ်ကျောင်းသားတွေက လျှောက်ကြတယ်။

''အရှင်ဘုရား၊ သရက်ပင် ကုတ္တိုဘက် မကြွပါနဲ့ဘုရား။ နဂါးတကောင်ဟာ ရန်မူပြီး သောင်းကျန်းနေပါတယ်''

ဘုရားအမှူးရှိတဲ့ သံဃာတော်တွေဟာ ဆက်လက်ပြီး ကြွကြပါတယ်၊ ဘဒ္ဒဝတိရွာရောက်တော့ ခေတ္တနားကြတယ်၊ ဘုရားနဲ့ တကွ ရဟန်းတွေကတော့ ဆက်ကြွကြတယ်၊ အဲဒီထဲက အရှင်သာဂတဆိုတဲ့ ရဟန်းတော်တပါးကတော့ ချန်နေပါတယ်၊ သူက နဂါးကို နှိမ်နင်းမယ့် ပုဂ္ဂိုလ်ထူးပါပဲ။ အရှင်သာဂတဟာ သတ္တိရှိရှိနဲ့ နဂါးရှိတဲ့ နေရာကို သွားပါတယ်။ နဂါးဟာ အရှင်သာဂတကိုလည်း မြင်ရော နဂါးမှန်းသိအောင် အမောက်ထောင်ပြတယ် ဆိုတာလိုပါပဲ၊ သူ့တန်ခိုးအလျှံတွေနဲ့ မှုတ်ထုတ်တယ်၊ ခြိမ်းခြောက်တယ်၊ အရှင်သာဂတလည်း ဘုရားရဲ့သားတော်ပဲ တန်ခိုးနဲ့ ပြန်ပြီး ခုခံတယ်၊ တွန်းလှန်တယ်၊ ပြန်ပြီး တိုက်ပွဲဆင်တယ်၊ ညှဉ်းဆဲတယ်၊ အခိုးအလုံတွေနဲ့မှုတ်တာပေါ့။ ညှဉ်းဆဲဖန်များတော့ နဂါးဟာ ကြောက်ပြီး ထွက်ပြေး ရရှာတာပေါ့။

အဲဒီသတင်းကိုကြားတဲ့ ကောသမ္ဗီပြည်က ဒကာတွေ ဒကာမတွေဟာ အရှင်သာဂတလည်း ကြွလာရော နဂါးနိုင် ဦးပဥ္စင်းဆိုပြီး ဝိုင်းပြီး ဖူးကြတယ်၊ လှူကြတယ်၊ တချို့ ဒကာ ဒကာမတွေကဆို ကြည်ညိုလွန်းလို့ လျှောက်ထားကြတယ်။

“အရှင်ဘုရားတို့ ရဟန်းတော်တွေမှာ ဘာများ ရခဲပါသလဲ ရခဲတာကို လှူပါရစေ”တဲ့။

ဒါနဲ့ ဆဗ္ဗဂ္ဂီရဟန်း ခြောက်ပါးက “အရက်”လို့ ပြောလိုက်ကြတယ်၊ ဒကာ ဒကာမတွေကလည်း အိမ်ပြန် အရက်ချက်ကြ၊ ဝယ်ကြနဲ့ အရှင်သာဂတလည်း ဆွမ်းခံဝင်လာရော အရက်ပဲ လောင်းလှူကြသတဲ့။ ဟိုအိမ်က နည်းနည်းသောက်၊ ဒီအိမ်က နည်းနည်းသောက်နဲ့ များလာတော့ မူးတာပေါ့၊ ဆွမ်းခံပြန်တံခါးအထွက်ကြတော့ ဒယီးဒယိုင်မူးမိုင်ပြီး လဲကျတော့တာပဲ။ မြတ်စွာဘုရားနဲ့ သံဃာတော်တွေက ဆွမ်းခံပြန်မှာတွေ့လို့ ပွေ့ယူခဲ့ရတယ်၊ ကျောင်းရောက်တော့ ဘုရားရှေ့မှာ ချထားတယ်၊ အရက်မူးနေတဲ့ အရှင်သာဂတဟာ ဘုရားရယ်လို့ မသိဘူး။ မူးနေတာကိုး၊ ဒါနဲ့ ဘုရားဘက် ခြေပေးပြီးနေတယ်၊ အရက်ဟာ တန်ခိုးရှိတဲ့ ရဟန်းကိုတောင် ဖျက်ဆီးတယ်၊ တန်ခိုးမရှိတဲ့ သာမန်လူတွေဆိုယင်တော့ မပြောနဲ့တော့ မွဲမှာပဲ ဟုတ်ကဲ့လား။

ဒါကြောင့် ဘုရားက ဒီရဟန်းဟာ အယင်က နဂါးကို နိုင်ခဲ့ပေမယ့် ယခုဆိုယင် ရေမြွေတောင် မနိုင်တော့ဘူး။ အရက်ဟာ ဆိုးတယ်၊ “ရဟန်းတော်တွေ အရက်မသောက်ရ သောက်ယင် အာပတ်သင့်စေ”လို့ မိန့်တော်မူပါတယ်၊ လူတွေလည်း သူရာ

မေရယ သိက္ခာပုဒ်ကိုစောင့်ရပါတယ်၊ အရက်မသောက်ရပါဘူး။ မူးယစ်စေတတ်တဲ့ ထန်းရည်၊ ပေရည်၊ အရက်၊ ဘိန်းဖြူ ဘိန်းမည်းတွေဟာ သေအောင်ဆိုးပါတယ်။ အစိုးရကလည်း မူးယစ်ဆေးဝါး သုံးစွဲယင်ဖြစ်စေ၊ ရောင်းဝယ်ယင်ဖြစ်စေ ဖမ်းတယ်။ ဒါ့ကြောင့် အင်မတန် ဆိုးရွားတဲ့ မူးယစ်ဆေးဝါးတွေ မသုံးစွဲဖို့ တိုက်တွန်းမှာကြားပါတယ်။



တင်ထွန်းထွန်း
၁၃၃၁

ဗကဗြဟ္မာမင်းအား တရားပြ၍ အောင်မြင်တော်မူပုံ

# ဗကပြဖတ္တာအား အောင်မြင်ခြင်း

## (၁)

တပည့်တို့ရေ ဘုရားအလောင်းတော်ဟာ ကပိလဝတ်နဲ့ ဒေဝဒဟပြည်ကြား လုမ္ဗိနီဥယျာဉ်တော်မှာမွေးဖွားခဲ့တယ်နော်၊ ခမည်းတော်က သုဒ္ဓေါဒနမင်းကြီး မယ်တော်က မာယာဒေဝီ မိဖုရားပေါ့၊ အဲဒါ အလောင်းတော် သိဒ္ဓတ္ထမင်းသားရဲ့ မိဘ နှစ်ပါးကွယ့် မှတ်ထားကြ။

သက်တော် ၂၉ နှစ်အရွယ်မှာ တောထွက်ပြီး ဆံပင်ပယ် တော့ စိမ်းမြမြ ကြည်လင်ပြီး တသွင်သွင် စီးဆင်းနေတဲ့ အနော်မာမြစ်ကမ်းဘေးမှာပေါ့၊ ဗုဒ္ဓဘာသာဝင်ဆိုယင် ဗုဒ္ဓရဲ့ဖြစ်စဉ် လေးတွေ သိထားရမယ်ကွယ့်၊ အလောင်းတော်ဟာ နေက္ခမ-ပါရမီတော်တွေကို ဘဝများစွာက ဖြည့်ကျင့်ခဲ့တဲ့အလျောက် ယခု သိဒ္ဓတ္ထမင်းသားဘဝမှာလည်း တော ထွက် ခဲ့ ပြီ လေ။ တောမှာနေတယ်၊ တောမှာတရားရှာတယ်၊ မြို့ရွာဆိုယင် ဆွမ်းခံ ရုံပဲ ဝင်ပါတယ်။

ဥရုဝေဠတောမှာ တရားအားထုတ်စဉ်ကဆိုယင် ၆ နှစ်ကြာတယ်လေ၊ မူးဝေ လဲကျသွားတဲ့အထိ အားထုတ်တာပဲ၊ သာမန်ပုဂ္ဂိုလ်တွေ ဘယ်အားထုတ်နိုင်ပါ့မလဲ။ ဆွမ်းအာဟာရမစားပဲတောင် အားထုတ် ကြိုးစားခဲ့သေးတယ်လေ။ မဇ္ဈိမပဋိပဒါခေါ်တဲ့ (လက်ဝဲ လက်ယာ မတိမ်းစေပဲ) အလယ်အလတ်မှန်ကန်တဲ့ ကျင့်စဉ်နဲ့ အားထုတ်တော့မှ ဘုရားဖြစ်လာခဲ့တယ်။

အဲဒီ မြတ်စွာဘုရားဟာ အခုဆိုယင် ဥက္ကဋ္ဌမြို့ သုဘောဂတောအုပ်ထဲက အင်ကြင်းပင်ကြီး တငင်အောက်မှာ သီတင်းသုံးတော်မူနေပါတယ်။ အင်ကြင်းပင်ဆိုတာ ပွင့်ပြီဆိုမှဖြင့် ပင်လုံးကျွတ်ပွင့်တာ ရိုးတံနီနီရဲရဲလေးတွေနဲ့ အပွင့်သေးသေးလေးတွေဟာ ရွှေနားဆွဲလေးတွေလိုပဲ ဝင်း လက် နေ တယ် ကွယ့်။ ဒါကြောင့် ရိုးတံနီ ရွှေအင်ကြင်းလေးတွေပွင့်နေတဲ့ အင်ကြင်းပင်အောက်မှာ သီတင်းသုံးတော်မူတဲ့ ဘုရားမြတ် ဘဂဝါကိုမှန်းမျှော်ပြီး ဖူးကြည့်လိုက်ပါကွယ်၊ နှလုံး စိတ်ဝမ်း ချမ်းမြေ့ စရာပါပဲနော်။

လေပြည် လေညင်းလေးတွေကလည်း တိုက်ခတ်လာ၊ စမ်းရေတံခွန်လေးတွေကလည်း စီးကျလာဆိုတော့ ကျေးငှက်သာရကလေးတွေဟာ ဘာသာဘာဝ မြူးပျော် ညံနေတာပေါ့။ သူတို့လည်း ဘုရားရှင်ကို ဖူးမြော် ပူဇော်ကြဟန် တူပါတယ်။ ငလလည်း ဆင်တို့ နာဠာဂီရိဆင်တို့တောင် ဖူးကြတယ်မဟုတ်လား။ ဒီလို ဆိတ်ငြိမ်အေးချမ်းတဲ့ တောဆိုတာ လူသားတွေအတွက် အပန်းဖြေဖို့ ကောင်းသလို ရဟန်းသံဃာတော်တို့အတွက်တော့ ကမ္မဋ္ဌာန်းတရားတွေ ရှုမှတ်ပွားများဖို့ ကောင်းတာပေါ့ကွယ်။

"ရဟန်းတို့ ဗကဗြဟ္မာဟာ ဒီလိုကြံစည်ယူဆနေတယ်" ဤကိုယ်ကာယဟာမြဲတယ်၊ ခိုင်ခံ့တယ်၊ တည်တံ့တယ်၊ ပြည့်စုံတယ်၊ ရွေ့ရှားပျက်စီးမှုမရှိ၊ မအို၊ မနာ၊ မသေ၊ ပဋိသန္ဓေ နေရမှုလည်း မရှိပြဟ္မာထက် မြင့်မြတ်တာလဲ မရှိဘူး"လို့ ယုတ်မာဆိုးရွားတဲ့ သဿတ အယူဖြစ်ပေါ်နေတယ်။

'ငါဘုရားဟာ ဗကဗြဟ္မာရဲ့ စိတ်ကြံစည်မှုတွေကို ငါ့ရဲ့ ဉာဏ်တော်အစွမ်းနဲ့ သိမြင်ရတယ်၊ ငါဟာ ရုတ်တရက် ရှောင်တခင်ပဲ ပြဟ္မာပြည်ကို ကြွလိုက်တယ်၊ ဗကဗြဟ္မာဟာ ငါဘုရားကို မြင်လျှင်မြင်ချင်းပဲ ခရီးဦးကြိုပြုပြီး ပင့်ဖိတ်တယ်။

'အရှင်ဘုရားကြွပါ၊ ကောင်းသောကြွလာခြင်းဖြစ်ပါတယ်၊ ပြဟ္မာပြည်ကို ယခုမှ ကြွလာတော်မူပါသလားဘုရား"

တပည့်တို့ ၁၁ ဘုံဆိုတာ ကြားဖူးကြပါလိမ့်မယ်၊ အနိမ့်ဆုံးက အပါယ်၄ ဘုံရယ်၊ အလယ်အလတ်ဖြစ်တဲ့ လူ့ဘုံရယ်၊ အထက်နတ် ၆ဘုံရယ်၊ ပြဟ္မာဘုံ ၂၀ ရယ်ပေါ့။ အဲဒီ ၃၁ ဘုံထဲက ပြဟ္မာဘုံတခုမှာ ဘုရားစာရေးဟောပါလိမ့်မယ်၊ ပရိသတ်ကတော့ ပြဟ္မာပရိသတ်တွေချည်း ဖြစ်ပါတယ်။ ပြဟ္မာပြည်ဆိုတာ တာဝတိံသာကနတ်တွေလို ကာမဂုဏ်ခံစားမှု မရှိဘူးတဲ့၊ ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်လဲမရှိဘူး၊ ဒါ့ကြောင့် နတ်သမီးရှိပေမယ့် ပြဟ္မာသမီးရယ်၊ ပြဟ္မာမရယ်လို့ မရှိတာပါပဲ။

ပြဟ္မာပြည်ရောက်ချင်ယင် မေတ္တာစျာန်ကို ပွားများအားထုတ်ရတယ်။ ပြဟ္မာများဟာ "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ" ဤတရားလေးပါးကို ပွားများနေကြတယ်။ အဲဒီတရားနဲ့နေယင် ပြဟ္မာဝိဟာရ ပြဟ္မာတို့ရဲ့ နေခြင်းလို့ခေါ်တယ်။

သက်တမ်းကတော့ ရှည်လိုက်တာ မပြောနဲ့တော့၊ နှစ်ပေါင်း သန်းချီပြီး ရှည်ကြပါတယ်။ ဒါပေမယ့် သက်တမ်းကုန်ဆုံးယင် တော့ တဆင့်ပြီးတဆင့် လျော့ကျပြီး လူ့ပြည်လဲရောက်လာနိုင် အပါယ်လဲကျနိုင်တယ်ကွယ့်၊ ဗြဟ္မာဆိုတာလဲ ကိလေသာအညစ် အကြေးတွေ မကုန်သေးဘူးကွယ့်၊ မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုး မရဘူး၊ အဲဒီတရားတော်တွေအတိုင်း ဆင်းရဲရသေးတာပဲ၊ ဒါပေမယ့် သက်တမ်းကရှည်တော့ ဆင်းရဲမထင်ဘူး၊ မြဲတယ်၊ ခိုင်တယ်၊ အစိုးရတယ်လို့ပဲ ယူဆစွဲလမ်းနေကြတယ်၊ ဒါတွင်မက ပါဘူး၊ သတ္တလောကတခုလုံးကို တောင်ဗြဟ္မာက ငါဖန်ဆင်း တာလို့ ယူဆထားတယ်၊ ဩကာသလောကကိုလဲ ငါဖန်ဆင်း တာလို့ ဗြဟ္မာက ယူဆထားတယ်၊ အဲသလို ယူဆမှုဟာ မှား တယ်၊ ဒါကြောင့် ဘုရားဟာ ဗကဗြဟ္မာကို တရားဟောဖို့ လူ့ ပြည်ကနေ ဗြဟ္မာပြည်ကို တန်ခိုးတော်နဲ့ ကြွတော်မူလာခြင်း ဖြစ်ပါတယ်။

(၂)

''အို ဗြဟ္မာ၊ သင်သည် မမြဲတဲ့ သဘောကို မြဲတယ်လို့ ပြော နိုင်ပလေတယ်၊ မခိုင်တဲ့ သဘောကိုလဲ ခိုင်တယ်၊ မတည်တဲ့ သဘောကိုလဲ တည်တံ့တယ်၊ ရွေ့လျောတဲ့ သဘောကိုလည်း မရွေ့လျော၊ ဗြဟ္မာပြည်မှာလဲ ဖြစ်မှုသဘောရှိလျက်နဲ့ မရှိဟု ဆိုနိုင်ပလေတယ်၊ လွတ်မြောက်မှု နိဗ္ဗာန်ရှိလျက်နဲ့ မရှိဟုဆိုနိုင် ပလေတယ်။ အို....ဗြဟ္မာတို့၊ ဗက ဗြဟ္မာဟာ အသိအမြင်မှား လေစွတကား၊ အသိအမြင် မှားလေစွ တကား''

●ပယ်ဦး●ခါ၆ပ

မြတ်စွာဘုရား မိန့်ကြားပြီးတဲ့အခါမှာ မာရ်နတ် ဆိုးဟာ ဗြဟ္မာပါရိသဇ္ဇာဗြဟ္မာတဦးကိုဝင်ပူးပြီးနှောင့်ယှက်ဟန့်တားပါတယ်။

ရဟန်း၊ ရဟန်း ဒီဗြဟ္မာကို မထိခိုက်ပါနဲ့၊ မမောင်းမဲပါနဲ့၊ ဒီဗြဟ္မာဟာ တကယ့်တန်ခိုးရှင်ကြီးပါပဲ၊ မဟာ ဗြဟ္မာကြီးပါ။

ထိုမာရ်နတ် အပူးခံရသော ဗြဟ္မာ ပါရိသဇ္ဇာ ဗြဟ္မာက သူ လျှောက်လိုရာ လျှောက်ပြီးတဲ့အခါ "ရဟန်း ဗြဟ္မာ ပရိသတ်ကြီးကို မြင်ရဲ့မဟုတ်ပါလားလို့ ပရိသတ်ထုထည်နှင့်ခြိမ်းခြောက်ဟန့်တားလိုက်ပါတယ်၊ မြတ်စွာဘုရားက မာရ်နတ်ကို ဒီလို ပြောလိုက်ပါတယ်။

"ပါပိမ—ဟဲ့—အယုတ်တမာကောင်၊ သင် ဝင်ပူးကပ်ရောက်ပြောနေတာကို ငါဘုရား မသိနိုင်လို့များ ထင်နေသလား၊ မဟာဗြဟ္မာ၊ ဗက ဗြဟ္မာနဲ့ ပရိသတ်၊ ဗြဟ္မာပါရိသဇ္ဇာဗြဟ္မာတို့သာ သင့်လက်ခုပ်ထဲက ရေလို သဘောထားနိုင်တယ်။ သင် အလိုကျ ဖြစ်နိုင်မယ်၊ ငါ ဘုရားကိုလဲ ဒီလိုပဲလို့ သင်ထင်လို့ မရဘူး၊ ငါဟာ သင်အလိုကျ မဖြစ်နိုင်ပါဘူး" လို့ မိန့်တော်မူပါတယ်။ဗက ဗြဟ္မာကတော့သူ့ရဲ့ ယူဆမှုအတိုင်းထပ်လျှောက်ပြန်ပါတယ်။

မာရိသ အချင်း၊ ငါဟာမြဲတဲ့ သဘောကိုသာ မြဲတယ်လို့ ပြောတာပါ။ ခိုင်တဲ့ သဘောကိုသာ ခိုင်တယ်လို့ ပြောတာပါ။ နိစ္စတရားမို့ နိစ္စ၊ ဓုဝတရားမို့ ဓုဝလို့ ပြောတာဖြစ်ပါတယ်။ ရှေးရှေးက သင် ရဟန်းထက် အသက်ကြီးရင့်တဲ့ သမဏဗြဟ္မာတွေတောင် သင်ပြောတာမျိုး မပြောကြဘူး၊ လွတ်မြောက်မှု

ဆိုတာ မရှိပါဘူး၊ ဒီဗြဟ္မာပြည်ဟာ အကြီးဆုံး၊ အမြတ်ဆုံး ဖြစ်ပါတယ်။ သင်အလိုရှိလျှင် ကျွန်ုပ်ရဲ့ အနားမှာ ဖြစ်နိုင်ပါတယ်။ လက်အောက် ငယ်သားလဲ ဖြစ်နိုင်ပါတယ်။

"အိုဗြဟ္မာ၊ သင်ပြောတဲ့ စွဲလမ်းမှုမျိုး ရှိနေယင် သင့်အနီးမှာ ဖြစ်နိုင်တယ် ဆိုတာ ငါဘုရား သိပေတယ်။ ဗကဗြဟ္မာဟာ တန်ခိုးလဲကြီးတယ်၊ အာနုဘော်လဲ ရှိပါပေတယ်"

"အရှင်ဘုရား တပည့်တော်ရဲ့ တန်ခိုး အာနုဘော်ကို ဘယ်လောက်များ သိနိုင်ပါသလဲ"

လ နေများ လှည့်လည်သွားလာတဲ့ အရပ်ဒေသဟာ လောကဓာတ် ဘထောင်အတွင်းမှာပဲ ဖြစ်တယ်၊ အဲဒီလောကဓာတ်တော်အတွင်းမှာတော့ သင်ဟာ သင့်ဆန္ဒအတိုင်း ဖြစ်နိုင်ပါတယ်။ အယုတ်အလတ် အမြတ်မရွေး သေတာရော ရှင်တာပါ သိနိုင်ပါတယ်။

"သင်ဟာ ပထမစျာန်ဘုံကိုသာ သိတာပါ၊ အခြားဗြဟ္မာဘုံတွေ ရှိသေးတယ်၊ အဲဒါတွေကျတော့ သင်မသိနိုင်တော့ဘူး၊ အာဘဿရာ ဗြဟ္မာဆိုတာ ရှိသေးတယ်၊ သင် အဲဒီဘုံကို မသိမြင်ဘူး၊ ငါကတော့ သိပါတယ်၊ အမှန်အားဖြင့်တော့ သင်ဟာ အဲဒီ အာဘဿရာဘုံက စုတေစိတ်ကျပြီး ဟောဒီ ပထမစျာန်ဘုံမှာလာ ဖြစ်နေရတာပါ၊ ဒါကလဲ သိပ်ကြာမြင့်ခဲ့ပြီ သင်လဲ မေ့နေပါပြီ၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဘယ်ဘုံကလာမှန်းတောင် သင်မသိပဲ ဖြစ်နေရတာပဲ၊ ဒါကြောင့် ငါဘုရားနှင့် သင်ဗက ဗြဟ္မာတို့ဟာ နည်းနည်းမှ မတူပါဘူး"

ဗကဗြဟ္မာဟာ မြတ်စွာဘုရားကို တန်ခိုးချင်းပြိုင်မယ်လို့ လျှောက်ပြီး တန်ခိုးကွယ် ပြပါတယ်။ သို့ပေမယ့် ဘုရားရှေ့

မှာ ငုတ်တုတ်ပါပဲ၊ ကွယ်လို့ကို မရပါဘူး။ အဲဒီတော့မှ ဘုရားက 'ဗကဗြဟ္မာ ကဲငါဘုရားတန်ခိုးနဲ့ ကွယ်ပြမယ်ကြည့်' ဆိုပြီး ကွယ်ပြပါတယ်။ မြတ်စွာဘုရားဟာ အသံတော်ကိုသာကြားစေပြီး ရူပကာယတော်ကိုတော့ မမြင်စေရအောင် တန်ခိုးပြပြီး တရားဟောတယ်။

## ဗကဗြဟ္မာအား ဟောသောတရား

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေ သိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

ဘောန္တော စည်းဝေးညီညာ အိုဗြဟ္မာတို့၊ အဟံ—လူသုံးပါးတို့၏ ဆရာ ငါဘုရားသည်၊ ဘဝေ-ကာမ၊ ရူပ၊ အရူပဟု ဘဝသုံးပါးဝဋ် ရထား၌၊ ဘယဉ္စ-ပဋိသန္ဓေ အိုနာသေရေး ကြောက်ဖွယ်ဘေးကိုလည်းကောင်း၊ ဝိဘဝေသိနံ-ဘဝကင်းရာ နိဗ္ဗူတာကိုဖွေရှာလမ်းမှားဗကဗြဟ္မာကဲ့သို့သော သတ္တဝါများ၏ ဘဝဥ္စ-ဉာဏ်မျက်စိဖြင့်ထိကျတာတောင်တွေ့မြင်ရသောကြောင့် ပင်လျှင် ကိဉ္စိဘဝံ-တစုံတခုသောဘဝကိုမျှ၊ နာဘိဝဒိံ-တဏှာ ဒိဋ္ဌိတို့၏ အစွမ်းဖြင့် နိစ္စ ဓုဝ သဿတက စသည် ဖောက်ပြားအထင်မမှားတော့ပြီ၊ နန္ဒိဉ္စ-ဘဝတဏှာကိုလည်း၊ နဥပါဒိယိံ-လေးမဂ်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက်အမြစ်ပါပျောက်သဖြင့် မကပ်ရောက် မစွဲယူတော့ပြီတကား။

မြတ်စွာဘုရားရဲ့ ဒီသစ္စာလေးပါး အမှန်တရားကို နာယူပြီးတဲ့အခါမှာ ဗြဟ္မာအသီးသီးဟာ သောတာပတ္တိဖိုလ်၊ သကဒါဂါမိ

ဖိုလ်၊ နာဂါမိဖိုလ်၊ အရဟတ္တဖိုလ် တရားထူးတရားမြတ်များ ရရှိသွားကြပါတယ်။ အဲဒါကြောင့် ဗကပြဟ္မာနဲ့တကွ ပြဟ္မာ ပရိသတ်ကြီးဟာ အို- အချင်းတို့ ရဟန်းဂေါတမရဲ့ တန်ခိုး အာနုဘော်ဟာ ကြီးမားပါပေတယ်၊ အံ့သြဖွယ်ကြီးပါပဲ၊ တကြိမ်တခါမှ မမြင်ဖူးပါဘူး၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြု လာသော အရှင်ဂေါတမ တန်ခိုးတော်ဟာ မြင်ဖူးဖို့ဝေးစွ ကြားတောင်မကြားမိပါဘူးလို့ တအံ့တသြ ဝိုင်းဝန်းချီးကျူး ထောမနာ ပြုရပါတယ်။

## (ဂ) ဗကပြဟ္မာမင်းကို အောင်တော်မူခြင်း

ဗကပြဟ္မာအယူသည်းက ကိုယ့်ကိုယ်ကိုယ်ပဲ ထင်ကြီးနေ။
ပုဏ္ဏကိုပင် ယှဉ်ပြိုင်တုလို့ မနိုင်ယခု ရှုံးပြီလေ။
ပုဏ္ဏစိန္တော မြတ်ဘုရားက မှတ်သားနာဖို့ ဟောမိန့်ခြွေ။
နာကြားရသူ ပြဟ္မာများ တရားရလို့ချမ်းသာပေ။
(ချမ်းသာပေ၊ ချမ်းသာပေ။)

ရှမ်းပြည်နယ်မှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသား အပေါင်းတို့၊ မြတ်စွာဘုရားနဲ့ တွေ့ရတဲ့ပုဂ္ဂိုလ်ဆိုယင် အဲသလို အဲသလို အကျိုးရှိကြတယ်။ ဝမ်းသာကြရတယ်၊ ယခုဆိုယင် မြတ်စွာဘုရားကမာရ်နတ်ကို ပါရမီတော်ဆယ်ချက် အောင်လက်နက်ဖြင့် အောင်နိုင်ခဲ့တာကို သိကြရပြီ၊ အာဠာဝကဘီလူးကြီး ဆိုယင်လဲ ဘုရားကျောင်းသား သပိတ်ထမ်းသမားတောင် ဖြစ်ခဲ့တယ်မို့လား။

နာဠာဂီရိ ဆင်ဆိုးကြီးဟာလဲ သတ်မဟဲ့လို့ တရကြမ်းလာပေမယ့် ဘုရားရှင်ရဲ့ မေတ္တာတော် ရေချမ်းနဲ့ ဆက်ဖျန်းခံရတဲ့ အခါမှာ ငြိမ်သက်အေးချမ်း ဒူးတုပ်ဝပ်စင်းရရှာတာပါပဲ၊ လူထု ပရိသတ်အပေါင်းက ပဝါတွေ ပိုက်ဆံတွေ အထည်တွေစတဲ့ ပစ္စည်းမျိုးစုံနဲ့ စုပုံချီးကျူးလို့ ''ဓနပါလ''အမည်တောင် ရခဲ့ပါသေးတယ်။

အင်္ဂုလိမာလဆိုယင်လဲ ဆရာဆိုးကြောင့် ဆင်းရဲခဲ့ပေမယ့် ဆရာကောင်းဖြစ်တဲ့ ဘုရားနဲ့တွေ့တော့ ချမ်းသာသွားတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေဆိုယင် အင်္ဂုလိမာလ ပရိတ်နာနာယူရုံနဲ့ မီးခင်ရော ကလေးပါ ချမ်းသာနိုင်တယ်၊ အမျိုးသမီး လက်စွဲပရိတ်ဆိုပါတော့။

မိန်းမမာယာ သဲကိုးဖြာလို့ဆိုရအောင် ပရိယာယ်ကြွယ်ဝတဲ့ စိဉ္စမာဏကျတော့လဲ သူ့စေတနာဆိုးအတိုင်း အကျိုး ပေးမကောင်းရှာဘူးပေါ့။

သစ္စကပရိဗိုဇ်ဟာ ဘယ်ကလောက်ပဲ ဝါဒတထောင်နဲ့ မာန်တင်းပြီး မင်းမူနေပေမယ့် ဘုရားနဲ့တွေ့တော့ တခါတည်း မာန်စွယ်တွေကျပြီး ဆွမ်းဒါယကာကြီး ဖြစ်ရရှာတယ်။ နန္ဒောပနန္ဒ

နဂါးမင်းကြီးလဲ အာခံတွင်းက ဝင်းဝင်းတောက်အောင် နဂါး စက်တွေနဲ့ တိုက်ခိုက်ပေမယ့် ဘုရားရှင်နဲ့တွေ့တဲ့အခါမှာ ဒူးတုပ် ဝပ်စင်းရရှာတာပါပဲ။

ဒါကြောင့် ပြည်နယ် ခုနစ်နယ်နှင့် တိုင်းခုနစ်တိုင်းမှာ ရှိကြ တဲ့ မြန်မာပြည်သား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားအပေါင်းတို့ ဟာ ဘုရားကိုလည်း ယုံယုံကြည်ကြည်၊ တရားကိုလည်း ယုံယုံ ကြည်ကြည်၊ သံဃာကိုလည်း ယုံယုံကြည်ကြည်နဲ့ ကိုးကွယ် ဆည်းကပ်ယင်း ဘဝခရီးလမ်းမှာ တွေ့လေသမျှ အခက်အခဲ များကို ကျော်လွှား အောင်မြင်နိုင်ကြပါစေ၊ မိမိဘာသာကို အကြွင်းမဲ့ ယုံကြည်၍ မိမိလူမျိုးကို အကြွင်းမဲ့ ချစ်ခင်နိုင်ကြ ပါစေ။

# နိဂုံးလက်ဆောင်

သုစိတ္တာ ပတ္တာဆဒနာ၊ တမ္ဗစူဠာ ဝိဟင်္ဂမာ။

သြရောဟ ဒုမသာခါယ၊ မုခါ ဘရိယာ ဘဝါမိတေ။


တခါတုန်းက တောတတောမှာ ကြက်ဖတကောင် ရှိဘယ်၊ သူဟာ အလွန်လှပတယ်။ တနေ့ အစာရှာထွက်ယင်း သစ်ပင် တပင်ပေါ်မှာ နားနေတုန်း....

"ညောင်–ညောင်"

ကြောင်မအော်သံကို ကြားရသတဲ့၊ အောက်ငုံ့ ကြည့်လိုက်တော့ ကြောင်မလေးကို မြင်ရတယ်။ ကြောင်မဟာ ကြက်ဖကို မျိုစားချင်နေတယ်၊ သူ တက်ဖမ်းယင်လဲ ပျံပြေးမှာသိလို့ အနုနည်းနဲ့ မြူဆွယ်တယ်။

"အို-အသင်ကြက်ဖဟာ သိပ်လှတာပဲ၊ တို့ အတူတွဲပြီးနဲ့ပျော်ရအောင် ဆင်းလာပါလို့" ဖိတ်ခေါ်တယ်။ ကြက်ဖက စဉ်းစားတယ်၊ "ငါက အမြင့်ပျံ ခြေနှစ်ချောင်းနဲ့ သူက ခြေလေးချောင်းနဲ့ အစွယ်နဲ့ သူ့သွားတွေကလည်း ထက်လိုက်တာ၊ လက်သည်း ချွန်ချွန်လေးတွေလည်း ငုက်လို့ တန်တော့ ဇာတ်မတူပဲနဲ့ချူတာဟာ ငါ့ကို မျိုဝါးဖို့ပဲ" လို့ သိသွားတယ်။

ထေရဝါဒသာသနာတော်မြတ်ကို ဆရာစဉ်ဆက်
အသက်နှင့်လဲ၍ ဆောင်ရွက်တော်မူခဲ့ကြရာ နှစ်ပေါင်း
၂၅၂၇-အထိ သာသနာ့ခရီးရှည်ကို ဖြတ်ကျော်လာခဲ့ကြပေပြီ။


တင်ထွန်း

“ဟဲ့–ကြောင်မ နင်နဲ့ ငါနဲ့ အမျိုးချင်းမတူဘူး၊ ဘာသာစကားချင်းလည်း မတူဘူး၊ အတူပေါင်းသင်းဖို့ မဖြစ်နိုင်ပါဘူး”

“အိုလှပဆန်းကြယ်သော ကြက်ဖရယ်၊ ရှင့်ကို ချမ်းသာအောင် ထားပေးမှာပါ၊ အိမ်လှလှလေးနဲ့ထားမယ်၊ အစာကောင်းကောင်းကျွေးမယ်၊ မေတ္တာအေးမြမြနဲ့ ထွေးပိုက်ယုယမှာပါ”

“ဟဲ့ ကြောင်မ နင်နဲ့ငါ အမျိုးမတူဘူးဆိုနေ၊ နင်ဟာ ငါ့ကို ဖြားယောင်း သွေးဆောင်နေတာ၊ ငါ့ကို ဝါးမျိုဖို့ပါ။ ငါ့ကိုမျိုပြီးယင် ငါ့အမျိုးတွေကိုလဲ “မျို” စမ်မှာပဲ နင်တို့အမျိုးဟာ ကြောင်လက်သည်း ငှက်တွေ၊ အကြံသမားတွေ၊ ငါသိတယ် ငါသိတယ် နင်ပေးတဲ့ စားဝတ် နေရေးတွေကို ငါမမက်မောဘူး၊ ငါ့အမျိုးသားတွေနဲ့ ငါနေနိုင်တယ် သွားအဝေး။ ဂိုး–အဝေး။

“အောက်အီးအီးအွတ်”

ကြက်ဖကြီးဟာ ဘာသာစကားလည်းမတူ၊ အမျိုးဇာတ်ချင်းလည်းမတူတဲ့ ကြောင်မကို အဲသလိုပစ်ပစ်ခါခါ ပြောဆိုပြီး သူ့အမျိုးသားတွေဆီကို ပျံသွားပါတော့တယ်။

ဒါ့ကြောင့် ဘုရားဟောတဲ့ ကုက္ကုဋဇာတ်ထဲက ဒီကြက်ဖကြီးလို အမျိုးသားစိတ်ရှိပါ။ အမျိုးသားဝါဒ ထိန်းသိမ်း စောင့်စည်းပါ။ ကြောင်သူတော်တွေရဲ့ ဆွဲဆောင်မှု၊ မြူလာမှုများနဲ့ ကြုံတွေ့ယင် ကြက်ဖကြီးလို အမျိုးသားအားမာန်အပြည့်နဲ့–

“အောက်အီးအီးအွတ်”လို့ အောင်မြင်စွာ တွန်ကျူးနိုင်ကြပါစေသတည်း။

# ဗုဒ္ဓဘာသာ အခြေခံတရားများ၏ တိုက်တွန်းစကား

ဤအရှင်သည် မိမိတည်ထောင်ခဲ့သော နဘူးတောင်ရွာ မူလတန်းကျောင်းနှင့် အခြားဘာကကျောင်း၊ မူလတန်းကျောင်းများတွင်လည်းကောင်း၊ ပဋ္ဌိပတ္တိဌာနရိပ်သာများတွင် လည်းကောင်း ဘာသာရေးအခြေခံ တရားများကို သင်ကြားပေးရဖူးသည်။ ယင်းသို့ သင်ကြားပေးရာတွင် အသက် ၂၀အောက် လူငယ်များသည် ဗုဒ္ဓဘာသာ အခြေခံတရားများမှ ကင်းဝေးလျက် ရှိသည်ကို ဝမ်းနည်းဖွယ် ကြုံခဲ့ရသည်။ ဤချွတ်ယွင်းချက်သည် ဗုဒ္ဓသာသနာ ထွန်းကားသော မြန်မာပြည်၌ မလိုလားအပ်ပေ။

ယင်းကြောင့် ထိုသို့သော လူငယ်များလည်း အခြေခံတရားနှင့် ပြည့်စုံစေ၊ ထိုသူတို့နှင့် ဆက်စပ်သမျှ ကလေးသူငယ်များလည်း ဘာသာသွေးရရှိစေ၊ ဤနှစ်ထွေသော ရည်သန်ချက်ဖြင့် ကျက်၍လွယ်ကူသော ဩကာသ၊ ဗုဒ္ဓဘာသာမှန်သမျှ ရရှိသင့်သော ငါးပါးသီလနှင့် ရတနာသုံးပါးပါဠိ၊ မပြတ်ရှိခိုးသင့်သော အနန္တငါးပါး၊ ဆွမ်းပန်းလှူဒါန်း ဆုတောင်းနည်းနှင့်

မေတ္တာပို့ အမျှဝေခြင်းတို့ကိုပါ ထပ်မံ၍ ဖြည့်စွက်စီစဉ်ပေးလိုက်ရပါသည်။

ဤစာအုပ် လက်ဝယ်ရရှိသူ ပညာရှင်မိတ်ဆွေများသည် မိမိတို့၏ ရင်သွေးလေးများ ဘာသာသွေး မအေးစေရန် စိတ်ရှည်လက်ရှည် ပြန်လည်သင်ပြပေးခြင်းဖြင့် ဗုဒ္ဓဘာသာပြန့်ပွားအောင် ဆောင်ရွက်ကြစေလိုပေသည်။

နီတိ။ သားကိုယ်က၊ မဆုံးမသော်၊ မိဘတလည်း၊ ရန်သူမည်၏။

## ဩကာသသင်ပြရန်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို၊ ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ၊ အလေးအမြတ်၊ လယ်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ (အရှင်ဘုရား)

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသန တရား ငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## သီလတောင်း သင်ပြရန်

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။

ယမဟံ ဝဒါမိ တံဝဒေထ (ဘုန်းကြီးဆိုမည်။)

အာမဘန္တေ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃-ကြိမ်)

## သရဏဂုံ သုံးပါး ဆောက်တည်ရန်

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ တတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ၊ တတိယမ္ပိသံဃံ သရဏံဂစ္ဆာမိ။

သရဏဂမနံ ပရိပုဏ္ဏံ (ဘုန်းကြီးဆိုမည်။)

အာမဘန္တေ။

## ငါးပါးသီလဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

၄။ မုသာဝါဒ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမဒိယာမိ။

တိသရဏေန သဟပဥ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။ (ဘုန်းကြီးဆိုမည်။)

အာမဘန္တေ။

ဗုဒ္ဓံပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ ၃ကြိမ်ဆို၍ ထိုခြင်း ငါးပါးနှင့်အညီ ဦးချပါ၊ (ဦးချတိုင်းဆိုရသည်။)

## ငါးပါးသီလအဓိပ္ပာယ်

၁။ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချိုတတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်း ဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခွဲရံပျက်၍၊ အသက်တိုလှ၊ ပြစ်များစွာသည်၊ ရှောင်ကအပြန် အကျိုးတည်း။

၂။ အဒိန္နာဒါနာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲတော်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုး နှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့် ပျက်ပြား ဥစ္စာ၊ ပြစ်များစွာသည် ရှောင်ခါအပြန် အကျိုး တည်း။

၃။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏ ဣတ္ထိ ပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်- ရှောင်ခါအပြန် အကျိုးတည်း။

၄။ မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွား မညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မ တည်သည်- ရှောင်ကြဥ်အပြန် အကျိုးတည်း။

၅။ သေရည်သောက်လင့်၊ သင့်မသင့်၍၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့် ရာသည်- ရှောင်ခါအပြန် အကျိုးတည်း။

## ဘုရားဂုဏ်တော် ၉ပါး

ဣတိပိ သောဘဂဝါ-အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊သုဂတော၊ လောကဝိဒူ၊အနုတ္တရောပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ- တိ။

## တရားဂုဏ်တော် ၆ ပါး

သွာက္ခာတော ဘဂဝတာဓမ္မော-သန္ဒိဋ္ဌိကော၊ အကာလိကော ဧဟိပဿိကော၊ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ-တိ။

## သံဃာ့ဂုဏ်တော် ၉ ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော၊ ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ-တိ။

## ဖတ်ရှုစဉ်းစားရန်

၁။ မေတ္တာတော်ခတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမြော် မပြတ်၊ ရှေ့ကျောင်းဦးမှာဖြည့်ကြဝတ်တက်၊ နံနက် မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျှောက် မပျက်၊ လက်အုပ်တင်ထား၊ ဘုရား တရား သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ကြိုးစားလို့လ၊ ဆောက်တည်ကြ။

:။ ယခုအခါ၊ သာသနာမူ၊ လူဖြစ်မည်မျှ၊ ရခဲလှ၏၊ လူမှသာမဏော၊ ဖြစ်ပေမြတ်ခြင်း၊ ပဋ္ဌင်းသံသာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိဟု၊ သိကြပါစေ၊ သည်ထက် သည်သာ၊ မြတ်ရာသို့သာ၊ လှမ်းပါလေ။

## အနန္တငါးပါး ဘုရားရှိခိုးနှင့် မှတ်သားဖွယ်

၁။ ဗုဒ္ဓဂုဏော. အနန္တောဟု၊ ကျော်ဇောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘောၤယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည့်၊ နတ်လူတို့ ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ အစိန္တေယျ၊ မဟာအမိတ၊ အနန္တဂုဏ်အင် ကျေးဇူးရှင်ကို၊ အဟံ တပည့်တော်သည် ဝန္ဒေဝန္ဒာမိ၊ သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

၂။ ဓမ္မဂုဏော၊အနန္တောဟု၊တည်သောကမ္ဘာ၊သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြွင်နှာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေသာမှ၊ ဆေးကြောသုတ်သင်၊ မှုမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို၊ အဟံ တပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ၊ သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဗုဒ္ဓရှင်တော်မြတ် ပလလည်တော၌ ဝါဆိုစဉ်က
ပလလည်း ဆင်မင်းနှင့် မျောက်တို့က လှူဒါန်းပြုစုနေကြပုံ


တင်ထွန်းထွန်း ၁၃၄၉

၃။ သံဃဂုဏော၊ အနန္တောဟု၊ လောဘ၊ ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ပဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို အပယ်တပည့်တော်သည် ဝန္ဒေ ဝန္ဒာမိ၊ သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက် ရှိခိုးပါ၏ အရှင်ဘုရား။

## စဉ်းစားဆွေးနွေးရန်

၁။ မိမိဘာသာကို အကြွင်းမဲ့ ယုံကြည်ပါ။
၂။ မိမိလူမျိုးကို အကြွင်းမဲ့ ချစ်ပါ။
၃။ မိမိယဉ်ကျေးမှုကို အကြွင်းမဲ့ ထိန်းသိမ်းပါ။

၄။ မာတာပိတုဂုဏော အနန္တောဟု၊ အပြောကျယ်စွာ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဖတို့၊ ရေကြည်ကလလ၊ တည်ဦးစပင်၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ ကျွေးသည့်မိခင်၊ မွေးဖရှင်ကို၊ အပယ် တပည့်တော်သည်၊ ဝန္ဒေ ဝန္ဒာမိ၊

သဒ္ဒါညွှတ်ကျိုး၊ လွန်မြတ်နိုးလျက် ရှိခိုးပါ၏ အရှင်ဘုရား။

မိဘမသေမီ လုပ်ကျွေးပါ။ ကျေးဇူးဆပ်ပါ။ သင်လုပ်ကျွေးမှ သင့်သားသမီးက တုံ့ပြန်မည်ကို သိပါ။

မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးငယ၊ ရိုတုပ်ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညို ညွှတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍၊ ခပ်သိမ်းမယွင်း၊ ငြိမ်းစေမင်း။

## သားသမီးဝတ္တရား ၅-ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံ ထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

## မိဘဝတ္တရား ၅-ပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်း လျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်လို့တာ။

၅။ အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟော အရပ်၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အလိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုံမိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြညွှန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟံ တပည့်တော်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ သဒ္ဓါညွတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

## တပည့်ဝတ္တရား ၅-ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုးဆီး၊ ထံနီး လုပ်ကျွေး၊ သင်ထွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

## ဆရာဝတ္တရား ၅-ပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့ကျင့်ဖို့ ဝတ်ငါးဖြာ။

## ဘုရားအလောင်း သူတော်ကောင်းတို့ တောင်းသောဆု

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ချောက်၊ ရောက်စေသော်။

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ကေန်ထုတ်ချောက်၊ မရောက်သေးငြား၊ ဘဝများစွာ၊ ဖြစ်သောခါဝယ်။

၁။ အကုသိုလ်ဆယ်ပါး၊ မပွားဒုစရိုက်၊ ကိုယ်၌မိးကြီး၊ ဖျက်ဆီးတတ်ငြား၊ ဤသုံးပါးကို၊ ရှောင်ရှား ကြဉ်ဖဲ၊ ဆက်တိုင်းလဲ၍၊ စွန့်ရှဲပစ်ခွာနိုင်စေသော်။

၂။ ကုသိုလ်ဆယ်ပါး၊ တရားသုစရိုတ၊ သတ္တာအကျော်၊ ခုနစ်ဖော်နှင့်၊ သူတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါး မဂ္ဂင်၊ မြဲပင်စွဲနေ၊ မသွေဥပါယ်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကို၊ မကွာကိုယ့်၌ မြဲစေသော်။

၃။ အပါယ်လေးပါး၊ မလားငရဲ၊ ဆင်းရဲတစိ၊ မရှိ ရောဂါ၊ ရှင်းရှင်းကွာ၍၊ အဌာရသ၊ သိပ္ပမလွတ်၊ ကြွင်းမဲ့တတ်သား၊ ပိဋကတ်ဗေဒင်၊ သင်သင်ရာရာ၊ မြင်ကာကြားကာ၊ အရာရာကို၊ မကြာခဏ၊ တတ် စေသော်။

၄။ အမျိုးကောင်းသား၊ ကျော်ထင်ရှားလျက်၊ ယောကျ်ားစင်စစ်၊ ဆက်တိုင်းဖြစ်၍၊ အပြစ်များ စွာ၊ ငါးဖြာရန်သူ၊ မပူဝံ့ရှောင်း၊ သူတော် ကောင်းနှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာ သား၊ ဘဝမခြား၊ စက်လေးပါးနှင့် ငြားစေသော်။

၅။ ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လူ့ဒါဝေငှ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ တန်းတန်းမတ်မတ်၊ မချွတ်လျင်စော၊ ရောက်စေသော်။

## ဆွမ်းကပ်နှင့်ဆုတောင်း

အရဟာတာဒိ နဝဂုဏောဟိ၊ အရဟံအစရှိသောကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည် မှတ်၍။ စေတိယဿ၊ ဓာတုစေတီ- ဓမ္မစေတီ- ဥဒ္ဒိဿစေတီ- ပရိဘောဂ စေတီတော်မြတ်အား။ ဝဏ္ဏ ဂန္ဓ ရသသမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယံဘောဇနီယံ၊ ဤဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်အရသာကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

ပါဠိ။ ။ဣဒံမေပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

အနက်။ ။မေ၊ တပည့်တော်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာ ကုန် ကြောင်း ဖြစ် သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကောန်ရောက် အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါ စေသတည်း။

## မေတ္တာစွမ်းရည်

"သူ့ကို မေတ္တာရှိမှ ကိုယ့်ကိုမေတ္တာရှိမည်" ဤစကားသည် မေတ္တာသုတ်ဖြစ်စဉ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဗုဒ္ဓလက်ထက်က ရဟန်းငါးရာ ဟိမဝန္တာတောင်ခြေ တောစပ်၌ ကမ္မဋ္ဌာန်းတရား အားထုတ်ကြ၏။ ထိုအရပ်၌ နေထိုင်ကြသော နတ်များက မနေစေလိုသဖြင့် ကြောက်လန့်ဖွယ်ရာ အဆင်းအသံ၊ အနံ့များ လွှင့်ထုတ်ပြသကြ၏။ ရဟန်းများလည်း မနေနိုင်၍ ဗုဒ္ဓထံ ပြန်ကြရ၏။ ဗုဒ္ဓက ဤရဟန်းများသည် ၎င်းတို့လာခဲ့ရာ ဒေသမှာပင် တရားထူးရနိုင်သည်ကို မြင်တော်မူ၏။ ယင်းကြောင့် မေတ္တာသုတ်ကို အကာအကွယ် အန္တရာယ်ကင်းအဖြစ် လည်းကောင်း၊ ကမ္မဋ္ဌာန်းဘာဝနာ အဖြစ်လည်းကောင်း ညွှန်ကြားသင်ပေးလိုက်သည်။

ဟိမဝန္တာတောင်ခြေသို့ ရောက်လျှင် ရဟန်း ငါးရာတို့၏ မေတ္တာစွမ်းရည်ကြောင့် အယင်က နတ်များသည် သံဃာ့ဝေယျာဝစ္စများကိုပင် ဆောင်ရွက်ပေးကြ၏။ ရဟန်းငါးရာလည်း ထိုဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြလေသည်။

"မေတ္တာ" ....ဤဝေါဟာရကို ခေါ်ကြည့်ရုံနှင့်ပင် စိတ်ချမ်းသာရ၏။ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ မင်းနှင့်ပြည်သူ၊ ကြည်ညိုသူနှင့် ကြည်ညိုခံ၊ မှီခိုသူနှင့် အမှီခိုခံအားလုံးပင် မေတ္တာပါမှ သာယာ၏။ မေတ္တာဆောင်မှ အောင်မြင်၏။ မေတ္တာကား တရားထူး ရရေး၌ပင် အရေးတကြီး ပါဝင်နေ

သည် မဟုတ်ပါလော၊ လောကီရေး၌မူ ဆိုဖွယ်ရာမရှိ၊ ပြည့်ပြည့် ဝဝကြီးပင် လိုအပ်လှ၏။

"မေတ္တာ" ဟူသည် အေးမြခြင်းလက္ခဏာရှိ၏။ လာသမျှ ဒေါသ အပူမီးလျှံများ ပျောက်ကွယ်စေနိုင်၏။ ဥတေနမင်း၏ဒေါသ များသည် သာမာဝတီတို့အား မထိမှန်ရဲ။ သိရိမာ၏ ထောပတ် အပူရည်များသည် ဥတ္တရာ အားမလောင်ဝံ့၊ သိတာ ရေတမျှ အေးမြခဲ့ရသည်မှာ မေတ္တာ စွမ်းရည်းထူးပင်ဖြစ်၏။ ထို့ပြင် မြတ်စွာဘုရားအား သတ်ရန်လာသော နာဠာဂိရိ ဆင်မင်းအား ညွတ်ပျောင်း ခွေကျ ဒူးတုပ် ခစေသည်မှာလည်း ဗုဒ္ဓ၏ မေတ္တာ တော် စွမ်းရည်ပင် ဖြစ်၏။ ဤမေတ္တာလက်နက်ကို ဗုဒ္ဓရှင်တော် မြတ်က ဖော်ထုတ်ပေးခဲ့ပြီ။ ဤ မေတ္တာကို ကိုင်စွဲလျက် အိမ်တွင်းငြိမ်းချမ်းရေး တည်ဆောက်ကြပါ၊ ရပ်ရွာငြိမ်းချမ်းရေး ဆောင်ရွက်ကြပါ၊ ထို့ပြင် မြို့နယ် ငြိမ်းချမ်းရေး၊ တိုင်းပြည် ငြိမ်းချမ်း ရေးမှသည် ကမ္ဘာ့ ငြိမ်းချမ်း ရေးသို့တိုင် တက်လှမ်း ဆောင်ရွက်ကြပါလော။

## မေတ္တာ သုတ်လာ မေတ္တာပွားနည်း ၁၁ နည်း

၁။ ဘုံ သုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

ဘုံ သုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၂။ မြင်ဖူးမမြင်ဖူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

မြင်ဖူးမမြင်ဖူး၊ နှစ် ဦးများစွာ၊ သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၃။ မြင်အပ်မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်း သာ ကိုယ်စိတ်မြဲပါစေ။

မြင်အပ်မမြင်အပ်၊နှစ်ရပ်များစွာ၊ သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၄။ ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၅။ ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊ ချမ်း သာကိုယ်စိတ်မြဲပါစေ။

ဘဝဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၆။ ပွားပြီးကိန်းနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်း သာ ကိုယ်စိတ် မြဲပါစေ။

ပွားပြီး ကိန်းနေ၊ နှစ်ထွေများစွာ၊သတ္တဝါ၊ ဘယာ ဝေး၍ အေးပါစေ။

၇။ ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၈။ ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။

၉။ ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ရှည်တိုအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။

၁၀။ ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။

၁၁။ ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဝိုင်းသေးကြီးလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ဘယာဝေး၍ အေးပါစေ။

၁။ လူနဲ့လူချင်း၊ လိမ်လည်ခြင်း၊ ကင်းရှင်းကြပါစေ။
၂။ လူနဲ့လူချင်း၊ ကောက်ကျစ်ခြင်း၊ ကင်းရှင်းကြပါစေ။
၃။ လူနဲ့လူချင်း လှည့်စားခြင်း၊ ကင်းရှင်းကြပါစေ။
၄။ လူနဲ့လူချင်း၊ ပုတ်ခတ်ခြင်း၊ ကင်းရှင်းကြပါစေ။
၅။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။
၆။ နှိပ်စက်လိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။
၇။ ဒုက္ခလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်ကြပါစေ။

(မင်းကွန်းတိပိဋကဓရ ဆရာတော်)

စပယ်ဦးစာပေ

✻ မေတ္တာပို့သူ ရယူအကျိုး၊ ဆယ့်တမျိုးမှာ၊ ချမ်းသာ အိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ မပြတ် စောင့်ရှောက်၊ မရောက်မီးဆိပ်၊ မြားခွေလိပ်၏၊ လျင်ဘိစိတ်တည်၊ ဝင်းကြည်မျက်နှာ၊ သေခါ မတွေ၊ ရောက်လေဗြဟ္မာ၊ ဤမေတ္တာသည်၊ မှန်စွာ အကျိုးများသတည်း။

## အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသား ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသေ့နိစ္စ၊ ဤကာယကို စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်း လည်း မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိ ခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်၊ ဖြစ်စေသော်၊ ဝသုန္ဒြေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှုး တည် စေသော်။

အထူးမှတ်ချက်။ မိဘသည် လက်ဦးဆရာ အနန္တကျေးဇူးရှင် ဖြစ်၍၊ အလျင်မျှဝေရ၏၊ မိဘအတွက် သီးသန့် ကုသိုလ်ပြု၍လည်းကောင်း၊ အခြားကုသိုလ် ပြုသမျှကိုလည်းကောင်း မိဘအား သာဓု အမျှပေးဝေရ၏၊ ကျေးဇူးရှင်ကြီးများ ဖြစ် သောကြောင့်ပေတည်း။ ထိုကျေးဇူးရှင်တို့ အား မကွယ်လွန်မီမှာလည်း ပြုစုလုပ်ကျွေး ကြပါ၊ ကွယ်လွန်လျှင်လည်း ကုသိုလ်ပြု၍ အမျှပေးဝေကြပါ၊ သို့မှသာ သားသမီး ငတ္တရား ကျေပွန်၍၊ လောကဝတ် ဓမ္မဝတ် နှင့် ညီညွတ်သူများ ဖြစ်ပေလိမ့်မည်။

(နတ်မောက်အရှင်သုစိတ္တသာရ)

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄ | ၇ | သဟမ္ဗတိ | သဟမ္ပတိ |
| ၄၀ | ၁၃ | ပြန့်ပြန့်ရုံ့ရုံ့ | ပြန့်ပြန့်ရန့်ရန့် |
| ၅၄ | ၁ | ငါ့အရှင်ဒေဝဒတ် | ငါအရှင်ဒေဝဒတ် |
| ၉၄ | ၇ | ရေစပ်မှ | ရေစစ်မှ |
| ၁၁၈ | ၆ | စနစ်တကျစေ | စနစ်ကျစေ |
| ၁၂၁ | ၉ | လူလယ်ကော | လူလယ်ကောင် |
| ၁၄၀ | ၁၄ | ဖြစ်တော်မူသည် | ဖြစ်တော်မူမည် |
| ၁၄၄ | ၁၅ | နိမ္မိန္ဒ | နိမ္ဗိန္ဒ |
| ၁၄၈ | ၅ | ကလ္လာကနိဝါဝ | ကလ္လာကနိဝါပ |
| ၁၅၇ | ၁၈ | ပြတ်သည့်လုနီးပါး | ပြတ်လုနီးပါး |
| ၁၅၉ | ၂ | အပြစ်ကိုလည်းခံ | အပြစ်ကိုသည်းခံ |
| ၂၀၀ | ၄ | မိဘအားသာစွာ | မိဘအားဦးစွာ |

# စပယ်ဦးစာပေဖြန့်ချိရေး
## မှာယူရရှိနိုင်သေးသောစာအုပ်များ

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဆရာကြီးရွှေဥဒေါင်း | တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များပေါင်းချုပ် | ၅၀ |
| ၂။ | ချစ်စံဝင်း | အမေနှင့် အမေ့အကြောင်း | ၄၅ |
| ၃။ | ကျော်လှိုင်ဦး | တထောင့်တညပုံပြင်များ (၁) | ၄၅ |
| ၄။ | ကျော်လှိုင်ဦး | ။ ။ (၂) | ၃၅ |
| ၅။ | ကျော်လှိုင်ဦး | ။ ။ (၃) | ၃၀ |
| ၆။ | စိုးမြိုင် | ရှားလော့ဟုမ်း (ပေါင်းချုပ်) | ၄၀ |
| ၇။ | ဒု-ဗိုလ်မှူးကြီးသောင်းထိုက် | မဟာဗျူဟာ | ၂၅ |
| ၈။ | အရှင်ဝဏ္ဏသိရီ | မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ (ရုပ်စုံ) | ၈ |
| ၉။ | အရှင်ဝဏ္ဏသိရီ | ညီတော်နန္ဒနှင့် ဇနပဒကလျာဏီ (ရုပ်စုံ) | ၈ |
| ၁၀။ | သိန်းဖေမြင့် | အရှေ့ကနေဝန်းထွက်သည့်ပမာ | ၅၀ |
| ၁၁။ | တက္ကသိုလ်နေဝင်း | ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၁၅ |
| ၁၂။ | စပယ်ဦးစာတည်းအဖွဲ့ဝင်- | ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း | ၃၀ |
| ၁၃။ | မောင်စင်ကြယ် | အမေရိကန် အိမ်ဖြူတော်မှ သမ္မတကြီးများ (အတ္ထုပ္ပတ္တိ) | ၄၀ |
| ၁၄။ | မောင်စင်ကြယ် | အမေရိကန်သမ္မတကတော်များ | ၃၀ |
| ၁၅။ | နုယဉ် | ပန်းဟော ဂန်လယ်နှင့် အခြားကဗျာများ | ၉ |
| ၁၆။ | နုယဉ် | အလှပန်းတပွင့်နှင့်အခြားပုံပြင်များ | ၆ |
| ၁၇။ | ဇော်ဂျီ | လက်ရွေးစင်မြန်မာဝတ္ထုတိုများ | ၅ |
| ၁၈။ | ဆရာစန္ဒြ | ဘဝခရီးနှင့် အတွေ့အကြုံများ | ၃၅ |
| ၁၉။ | ဆရာစန္ဒြ | ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်ကြီးများနှင့် ကိုင်ရိုကိုယ်တွေ့ | ၃၀ |
| ၂၀။ | မောင်ထင် | ဂါလီဗာ၏ခရီးစဉ် | ၁၀ |
| ၂၁။ | မောင်ထင် | ယောမင်းကြီးဦးဘိုးလှိုင် (အတ္ထုပ္ပတ္တိ) နှင့် ရာဇဓမ္မသင်္ဂဟကျမ်း | ၁၆ |

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၂၂။ | ဒေါက်တာနေဝင်း<br>ဒေါက်တာအုန်းမောင် | အခြေခံစိတ်ရောဂါပညာ | ၁၈ိ |
| ၂၃။ | ဒေါက်တာအုန်းမောင် | အိမ်မွေ့ချပညာ | ၈ိ |
| ၂၄။ | သန်းလှိုင် စိစဉ်သည့် | ခေတ်ဟောင်းတေးပေါင်းချုပ် | ၂၅ိ |
| ၂၅။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ | ၄၅ိ |
| ၂၆။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓဝါဒအခြေပြ | ၁၂ိ |
| ၂၇။ | ဘက်တိုး | သောကကင်းဝေးနေနိုင်ရေး | ၂၅ိ |
| ၂၈။ | တက်တိုး | အင်္ဂလိပ်ဘာသာသိမှတ်စရာ (၂) | ၈ိ |
| ၂၉။ | တက်တိုး | အင်္ဂလိပ်စာသင်ကြားမှုနည်းပြစာစဉ်များ | ၂၅ိ |
| ၃၀။ | တက်တိုး | အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသား | ၃၀ိ |
| ၃၁။ | ဘက်တိုး | ဥရောပဒဏ္ဍာရီသုံးပုဒ် | ၉ိ |
| ၃၂။ | တက္ကသိုလ်ထင်ကြီး | ခေတ်သုံးအင်္ဂလိပ်ဝေါဟာရပေါင်းချုပ် | ၁၈ိ |
| ၃၃။ | စိုးမြင့် | အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ | ၁၂ိ |
| ၃၄။ | ဘက္ကသိုလ်စန်း | နှစ်ဆယ်ရာစုနှစ် မြန်မာစာစီစာကုံးများ | ၁၄ိ |
| ၃၅။ | ဦးတင်မောင်ရင်<br>(မဟာဝိဇ္ဇာ) | သီပေါမင်းနှင့် အင်းဝမြို့စား<br>ဒပ်ဖရင် | ၁၅ိ |
| ၃၆။ | မင်းသုဝဏ် | ဟိုက္ကူကဗျာမြည်းစရာ | ၅ိ |
| ၃၇။ | ဦးဝင်းဖေ | ကိုင်ရို၏ တကယ့်အတွေ့အကြုံနှင့်<br>ကိုယ်တွေ့မှတ်တမ်းများ | ၁၂ိ |
| ၃၈။ | ဒေါက်တာမြင့်ဆွေ | ဂျပန်ခေတ်ဆေးရုံကြီးပေါ်ဝယ် | ၂၅ိ |
| ၃၉။ | မောင်မောင်ဘုန်းကြွယ် | ဂျပန်တပ်မတော်၏<br>မြန်မာပြည်သိမ်းစစ်ဆင်ရေး | ၁၀ိ |
| ၄၀။ | ဒဂုန်ဦးလှဖေ | စာပေနှင့် ယဉ်ကျေးမှု | ၁၅ိ |
| ၄၁။ | ဒဂုန်ဦးလှဘော | တွေးခေါ်သိမြင်မှုဒဿနမြင်ကွင်း | ၁၀ိ |
| ၄၂။ | သုသုက | အရဟံဂုဏ်တော်တန်ခိုးနှင့်သိဒ္ဓိအမျိုးမျိုး | ၁၈ိ |
| ၄၃။ | **ဦးထူးမောင်** | မြန်မာ့ဘဏ်လုပ်ငန်းသမိုင်း | ၁၀ိ |

294.3092, 2-34

[illegible]ိုက်ရိုက်မှာကြားနိုင်ပါသည်။

A1MMGB017113

**စေ့ပြန့်ချီရေး**

အမှတ ၂၃၅/၂၃၇ [illegible]လမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)


အောင်ခြင်းရှစ်ပါး
ပုံပြစာပန်းချီ
နတ်မောက်
အရှင်သုစိတ္တသာရ